☞ 15 သိန်းတန် GSM, WCDMA, CDMA 450MHz, 5သိန်းတန် GSM, CDMA 450MHz, CDMA 800MHz, Sim Card များကို စာရွက်စာတမ်းစုံလျှင် ပေါက်ဈေးထက်ပို၍ ပေးဝယ်ပါသည်။

Add : No. 105, Sule` Pagoda Road, Near LG Showroom.

Ph : 09 253554456, 09 32224456

POINT Mobile Phone Training Center

မိုဘိုင်းဖုန်းဆိုင်ရာ Software & Hardware လက်တွေ့ အသုံးချ အရှုပ်ပြပြင်နည်းသင်တန်း

Microsoft Window Basic Course and Window Installation Course အပါအဝင်

- Understanding Mobile OS
- Using Sync Tools
- Using Third Party System Tools
- Application, Game & Crack Game Installation
- Jailbreak, Rooting, Hacking
- Using Adb & Fastboot Command
- Network Unlock
- ROM Flashing
- Using Box (NSPRO, RIFF, ATF, SELG,GPG TAG)

Coolpad oppo SAMSUNG lenovo

Basic Electronic ပိုင်းနှင့်အတူမည်သည့် Mobile Phone များကိုမဆို

- About Mobile Phone Components,
- Using Power Supply & Heat Gun,
- Block Diagram,
- Schematic Diagram,
- Layout Diagram များကို

စာတွေ့လက်တွေ့ပေါင်းစပ်ပြီး Hardware Technician တစ်ယောက်အဖြစ် အသက်မွေးဝမ်းကျောင်းပြုနိုင်သည့်အထိ ထိထိရောက်ရောက် သင်ကြားပေးမည့်သင်တန်းဖြစ်ပါသည်။

Windows phone vivo HUAWEI S60 symbian

သင်တန်းသားစတင်လက်ခံပြီ ၉-၃-၂၀၁၅ တန်းခွဲသစ်စမည်

FTTX INTERNET

သင့်အနာဂတ်စိတ်ချဖို့ POINT နှင့်ဆက်သွယ်ကြစို့

တိုက်(၁)၊ အခန်း(၁၉)ပေါ်၊ ရန်ကုန်-အင်းစိန်လမ်း၊ လှည်းတန်းမီးပွိုင့်အနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၀၉-၄၀၁၅၄၀၉၁၆၊ ၀၉-၃၂၄၉၈၀၇၇၊ ၀၉-၃၁၆၃၆၈၀၇၊ ၀၉-၄၅၀၀၀၄၁၁၄၊ ၀၉-၅၀၀၈၀၃၇

## Computer Hardware & Network (Service+) Course တန်းခွဲသစ်များဖွင့်လှစ်မည်

IT လုပ်ငန်းများတွင်ကျွမ်းကျင်သော IT Service သမားတစ်ယောက်အဖြစ်ရပ်တည်လိုသူများနှင့် IT နည်းပညာများကို စိတ်ပါဝင်စားသူများအတွက်ရည်ရွယ်ပြီး Data World Training Center မှ Service+ တန်းခွဲသစ်ကိုဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်းသိရှိရပါသည်။

အဆိုပါသင်တန်းတွင် Computer အခြေခံရှိပြီးသူများ တက်ရောက်နိုင်ပြီး Computer တစ်လုံး၏ အစိတ်အပိုင်းများကို အသေးစိတ်သင်ကြားပေးမည့်အပြင် Hardware & Software Troubleshooting and Maintenance, DataRecovery, Backup and Restore,Virtualization,Reset Password အစရှိသော သင်ခန်းစာများအပြင် Networking ဘာသာရပ်များကိုလည်းစာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ပါသည်။သင်တန်းသားများအတွက်လိုအပ်သော Ebooks များနှင့် Software များကို ထောက်ပံ့ပေးမည့်အပြင် ပိုမိုကျွမ်းကျင်မှုရှိစေရန် ဘာသာရပ်တူတန်းခွဲများတွင် အခမဲ့ပြန်လည်တက်ရောက်နိုင်ပါသည်။ လစဉ်တန်းခွဲသစ်များနှင့် ရုံးဝန်ထမ်းများ တက်ရောက်နိုင်ရန် ရုံးချိန်ပြင်ပတန်းခွဲများကိုလည်းစီစဉ်ထားကြောင်း သိရှိရပါသည်။ အသေးစိတ်သိရှိလိုပါက Data World Computer Training Center အမှတ် ၁၃၀၊၁၃၄ (B)၊ (၃၃/၃၄)၊ ဒုတိယထပ်၊ လမ်းကြား။ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ် အမှတ် (၂၉) ဒုတိယထပ်၊ ဗေယျာသီရိလမ်း၊ လှည်းတန်း။ ဖုန်း၀၉-၃၃ ၀၉၄၆၇၇၊ ၀၉-၇၃၀၅၃၇၁၁ နှင့်၀၉-၂၅၄၀၆၅၅၀၇ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## စင်ကာပူ-ဘန်ကောက်ပညာရေးပြပွဲ ၂၀၁၅ ရန်ကုန်နှင့် မန္တလေးတွင် ကျင်းပပြုလုပ်မည်

အမေရိကန်၊ အင်္ဂလန်၊ ဩစတြေးလျတို့မှ ပေးအပ်မည့် စီးပွားရေးအိုင်တီ၊အင်ဂျင်နီယာ၊ဇီဝဆေးသိပ္ပံဘာသာရပ်များကို စင်ကာပူ၊ ဘန်ကောက်တို့တွင် ကုန်ကျစရိတ်သက်သာစွာဖြင့် သင်ယူနိုင်ခွင့် ဘန်ကောက်တွင် MBA (Part Time/ Full Time) အတွက် ၂၅% ပညာသင်ထောက်ပံ့ကြေးများအကြောင်းကို သက်ဆိုင်ရာကျောင်းမှပညာရေးအကြံပေးများကိုယ်တိုင် "စင်ကာပူနှင့် ထိုင်းပညာရေးပြပွဲ ၂၀၁၅" ကို ဖေဖော်ဝါရီလ(၂၇)ရက် သောကြာနေ့ နံနက်(၁၀)နာရီမှ နေ့လည်(၂)နာရီထိ Tawin Garden Hotel၊ ရန်ကုန်မြို့နှင့် မတ်လ(၁)ရက် တနင်္ဂနွေနေ့၊ နံနက် (၉)နာရီမှ (၁၂)နာရီထိ Hotel Mandalay တွင် ကျင်းပသွားမည်ဖြစ်ပါသည်။

၂၀၁၅ပညာသင်နှစ်အတွက် စင်ကာပူနှင့်ဘန်ကောက်တက္ကသိုလ်များ၏ကျောင်းဝင်ခွင့်ဆိုင်ရာများ၊ပညာသင် ထောက်ပံ့ကြေးများ၊ ပညာအရည်အချင်းအလိုက် ဝင်ခွင့်ရရှိနိုင်မည့် အတန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများအတွက် ပြင်ဆင်မှုများကို ဆွေးနွေးပေးမည်ဖြစ်ပါသည်။

စင်ကာပူ-ဘန်ကောက် ပညာရေးလမ်းညွှန်စာစောင် အခမဲ့ပေးအပ်မည်ဖြစ်ပြီး IELTS မရှိသက်ဆိုင်ရာကျောင်း၏ ဝင်ခွင့်အင်္ဂလိပ်စာအားဖြေဆိုရန် ပညာရေးပြပွဲတွင် နာမည်စာရင်းပေးသွင်းနိုင်ပါသည်။

CROWN Education ဖုန်း ၀၁ ၅၂၇၈၃၈၊ ၀၉-၉၇၅၀၀၀၀၉၀၊ ၀၉ ၇၃၀၄၀၆၈၊ ၀၉ ၇၃၂ ၇၃၂ ၇၇ တွင် စာရင်းပေးနိုင်ပါသည်။

Vol . 3, Issue . 75




# CES 2015 ၏ အကောင်းဆုံးပစ္စည်းများ

ဆောင်းပါးရှင် – ဖေသက် (ဖြိုးနေဒစ်ဂျစ်တယ်တာတ်ပုံ)

CES သည် ကမ္ဘာပေါ်တွင်ကျင်းပသော ဒစ်ဂျစ်တယ်အီလက်ထရွန်နစ်ပစ္စည်းပြပွဲတွင် အကြီးအကျယ်အခမ်းအနားဆုံးဖြစ်သည်။ ဘောလုံးကွင်း ၂၄ ကွင်းစာအကျယ်တွင် ပြသသောပွဲ၏ ကြီးကျယ်ခမ်းနားပုံကို တွေးကြည့်ရုံဖြင့် မြင်သာပါသည်။ နှစ်စဉ်နှစ်တိုင်းပင် CES တွင် ဝင်ရောက်ပြသသောပစ္စည်းများထဲမှ အကောင်းဆုံးပစ္စည်းများကို ရွေးချယ်ထုတ်နှုတ်၍ပြသလေ့ရှိပါသည်။ ထိုပစ္စည်းများသည် နောက်ပိုင်းတွင်လည်း ဈေးကွက်ပေါက်သည်ကများပါသည်။ CES 2015 ၏ အကောင်းဆုံးဟု ဆိုအပ်သောပစ္စည်းများကို အောက်ပါအတိုင်းတွေ့ရပါမည်။

## LG G Flex 2

မျက်နှာပြင်အကွေး (တစ်နည်းပြောရလျှင်) မျက်နှာပြင်အနည်းငယ်ခွက်သောမိုဘိုင်းဖုန်းများကို LG ကစသည်ဟုဆိုနိုင်သည်။ LG G2 သည် ဒုတိယမျိုးဆက် မျက်နှာပြင်အကွေးဖုန်းဖြစ်သည်။ ကွေးသည့်အနေအထားမှာ LG G Flex နှင့် တစ်ထပ်တည်း LG G Flex 2 ၏ Screen သည် Phabelet များ ကြီးစိုးစပြုလာသောမိုဘိုင်းဖုန်းလောကတွင် သေးသည်ဟု ဆိုနိုင်သည်။ ၅ ‧ ၅ လက်မသာရှိသည်။ သို့သော် Screen resolution မှာ Full HD အဆင့် ဤဖုန်းတွင် ထူးခြားချက်နှစ်ခုရှိသည်။ ပထမထူးခြားချက်မှာ 64 bit Android ကိုအထောက်အပံ့ပြုသော Snapdragon 801 processor ကို သုံးထားခြင်းဖြစ်သည်။ ဒုတိယနှင့် အထူးခြားဆုံးအချက်မှာ ဆော့ဖ်ဝဲပိုင်းဆိုင်ရာပြဿနာကို ၁၀ စက္ကန့်အတွင်းပြေလည်စေရန် ဖြေရှင်းပေးနိုင်ခြင်းဖြစ်သည်။ မျက်နှာပြင်ကွေးခြင်းကို သုံးစွဲသူကြိုက်မကြိုက်မသေချာသော်လည်း အထက်ပါအရည်အသွေးနှစ်ရပ်ကို သုံးစွဲသူများ အထူးကြိုက်ကြမှာသေချာပါသည်။



## Alcatel OneTouch Watch

Alcatel သည် မိုဘိုင်းဟန်းဆက်များစွာထုတ်လုပ်သော ပြင်သစ်ကုမ္ပဏီဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်သည် ဝတ်ဆင်၍ရသောအီလက်ထရွန်နစ်ပစ္စည်းများ၏ခေတ်ဖြစ်လာပါမည်ဟု နမိတ်ဖတ်ထားသည့်အားလျော်စွာ Alcatel သည်လည်း OneTouch Watch ဖြင့် လက်ဦးမှုရရန် ဝင်ရောက်လာပါသည်။ လာမည့်မတ်လတွင် ဈေးကွက်သို့ရောက်လာမည်ဖြစ်သော ဤစမတ်လက်ပတ်နာရီ၏ဈေးနှုန်းမှာ ပြိုင်ဘက်စမတ်လက်ပတ်နာရီတို့ထက် ဆွဲဆောင်မှုရှိသည်ကိုတွေ့ရပါသည်။ အမေရိကန်ဒေါ်လာ ၁၂၀ သာ သတ်မှတ်ထားသောကြောင့်ဖြစ်ပါသည်။

ခပ်ဝိုင်းဝိုင်းမျက်နှာပြင်ရှိသော်လည်း Moto 360 ကဲ့သို့ ဝိုင်းဝိုင်းစက်စက်မျက်နှာပြင်မဟုတ်သော ဤ OneTouch စမတ်လက်ပတ်နာရီ၏မျက်နှာပြင်သည် လက်ဖြင့်ပွတ်ခြင်းကိုခံစားနိုင်သည့် Touch Sensitive Panel ဖြစ်သည်။ ယင်းကို back button အဖြစ်လည်းသုံးနိုင်သည်။ application list သို့သွားနိုင်ခြင်း application မှပြန်ထွက်ပြီး လက်ပတ်နာရီအနေအထားသို့ ပြန်သွားခြင်းများလုပ်နိုင်သည်။ Screen resolution (240 x 202) ရှိပြီး အချင်း ၁ ‧ ၂၂ လက်မရှိသောမျက်နှာပြင်တွင် စာသား၊ ပုံများကို ကောင်းစွာမြင်နိုင်ပါသေးသည်။

OneTouch သည် စမတ်လက်ပတ်နာရီဖြစ်သလို activity tracker လည်းဖြစ်သည်။ ဤနာရီကိုပတ်ထားသူ၏လှုပ်ရှားမှုများကို တစ်ချိန်လုံးခြေရာခံနေမည့်အပြင် လိုအပ်သလိုသတိပေးချက်များထုတ်ပြန်ပေးပါမည်။ Optical heart rate sensor မှာထူးခြားချက်တစ်ရပ်ဟုဆိုနိုင်သည်။ ဘက်ထရီမှာ 210 mAh သာရှိသဖြင့် စမတ်လက်ပတ်နာရီဈေးကွက်ထဲတွင် လူကြိုက်များနေသော Moto 360 (320 mAh) LG (410 mAh) တို့ထက် အားနည်းနေပါသည်။ သို့သော်တစ်ကြိမ်အားသွင်းလျှင် ၃ ရက်ခံမည်ဟု ထုတ်လုပ်သူတို့ကဆိုသည်။ iOS သာမက Android device များနှင့်ပါတွဲဖက်သုံးနိုင်သော ဤစမတ်လက်ပတ်နာရီဈေးချိုချိုကို လူကြိုက်များဦးမှာသေချာပါသည်။



## Saygus V2

မိုဘိုင်းဟန်းဆက်လောကကို အကြီးအကျယ်လှုပ်ခတ်စေမည့်ဟန်းဆက်အသစ်ဖြစ်ပါသည်။ ယနေ့ခေတ်အမြင့်တန်းဟန်းဆက်များနှင့် ဈေးနှုန်းအတူတူနီးပါးရှိသော်လည်း Hardware ပိုင်းအားကောင်းမှုတွင် ခေါင်းတစ်လုံးမကသာနေသော Saygus V2 သည် အခြားသောဟန်းဆက်ထုတ်လုပ်သူများကို ခြောက်ခြားစေပါလိမ့်မယ်။ ကြိုတင်မှာယူမှုဈေးနှုန်း ၅၄၉ ဒေါ်လာရှိပြီး ဈေးကွက်အတွင်းရောင်းဈေး ၅၉၉ ဒေါ်လာရှိမည်ဖြစ်သော ဤဟန်းဆက်၏ Hardware ပိုင်းအထောက်အပံ့မှာ မြင့်မားလှပါသည်။

Screen အရွယ်အစားမှာ ၅ လက်မသာရှိသဖြင့် အထင်ကြီးကောင်းမှကြီးမည်ဖြစ်သော်လည်း 3G RAM ပမာဏကိုမူ အခြားဟန်းဆက်ထုတ်လုပ်သူများလေးစားလောက်ပါသည်။ Snapdragon 801 chipset အပြင် 3100 mAh အင်အားရှိသောဘက်ထရီကို သုံးပေးထားပါသည်။ ၅ လက်မအရွယ်ဟန်းဆက်တစ်ခုအတွက် အလွန်အားကောင်းသော ဘက်ထရီဖြစ်သည့်အပြင် ဘက်ထရီသည်ဖြုတ်တပ်၍ရသောအမျိုးအစားဖြစ်နေသည်မှာလည်း ထူးခြားပါသည်။ ဘက်ထရီသုံးစွဲမှုအချိန်အဆ အလွန်အားကောင်းသဖြင့် အခြားသောအင်အားတူဘက်ထရီသုံးဟန်းဆက်များထက် အသုံးခံချိန် ၅၀ ရာခိုင်နှုန်းပိုမည်ဟု ထုတ်လုပ်သူတို့က ဆိုထားပါသည်။

ကင်မရာမှာမူ ဓာတ်ပုံကြီးကြီးရိုက်လိုသူတို့အကြိုက်ဖြစ်ပါလိမ့်မည်။ နောက်ဘက်ကင်မရာက 21 MP အထောက်အပံ့ပေးထားပြီး ရှေ့ဘက်ကင်မရာက 13 MP အထောက်အပံ့ပေးထားသောကြောင့်ဖြစ်ပါသည်။ ထိုမျှအားကောင်းသောကင်မရာတို့ပါဝင်လာသည့်အတွက် သိုလှောင်မှုစွမ်းအားမြင့်မားစေရန်လည်း ပြုလုပ်ပေးထားပါသည်။ လောလောဆယ်၌မည်သည့်ဟန်းဆက်တွင်မှ မတွေ့နိုင်သော dual micro SD card storage ကို အထောက်အပံ့ပေးပါသည်။ ထိုကဒ်နှစ်ခုဖြင့်သိုလှောင်မှုစွမ်းအားကို 320 GB အထိ တိုးမြှင့်အသုံးပြုနိုင်ပါလိမ့်မယ်။ လောလောဆယ်တွင် ဖုန်းအတွင်းသိုလှောင်မှုကို 64 GB အထိ ထည့်ပေးထားပါသည်။

Multimedia ပိုင်းအတွက် အလွန်အရည်အသွေးကောင်းသော Haren Kardon Speaker တို့ကို Screen ၏အပေါ်ဖက်နှင့် အောက်ဖက်တွင် ထည့်သွင်းပေးထားပါသည်။ Screen ၏ထိပ်ဖက်တွင် infrared port ပါသည်။ 60 GHz Mobile beaming capacity က အတွင်းပရိဂျက်တာမလိုဘဲ ရုပ်ပုံများကို TV monitor ပေါ်သို့တိုက်ရိုက်ပေးပို့နိုင်စေသည်။ NFC နည်းဖြင့် Monitor ပေါ်သို့ရုပ်ပုံများပေးပို့နိုင်ခြင်းမှာ ချီးကျူးဖွယ်ရာဖြစ်ပါသည်။ ဤဖုန်းအတွက် Bluetooth Mouse နှင့် Keyboard ကိုလည်း တွဲဖက်အသုံးပြုနိုင်သည်။ ထို့ကြောင့် ကွန်ပျူတာအစားထိုးဖုန်းဟု ခပ်ကြွားကြွားလေးဆိုထားပါသည်။ Qi wireless charging ကိုလည်း သုံးစွဲသူများ သဘောကျပါလိမ့်မည်။ ထိပ်တန်းဖုန်းတစ်လုံးကို အစအဆုံးလုပ်နိုင်သောကြောင့် အမေရိကန်နိုင်ငံသားတို့ ဂုဏ်ယူမှာသေချာပါသည်။



## iKettle Wi-Fi Coffee Machine

အိပ်ယာထဲမှနေ၍ ကော်ဖီလုမ်းဖျော်ရန်မလွယ်ပါ။ သို့သော် ဤကော်ဖီဖျော်စက်ရေနွေးတည်ခြင်း၊ ကော်ဖီဖျော်ခြင်းတို့ကို အဝေးမှလှမ်း၍လုပ်ခွင့်ပေးပါမည်။ အိမ်တွင်းတစ်နေရာမှနေပြီး Wi-fi ကိုသုံး၍ ရေနွေးတည်ထားရန်လှမ်းခိုင်းနိုင်၍ဖြစ်ပါသည်။ Wi-fi သုံးနိုင်သော စမတ်ဖုန်းမှနေ၍ application သုံးပြီး ပြုလုပ်ရပါမည်။ ကော်ဖီစေ့ဘဝမှ ကော်ဖီဘဝရောက်သည်အထိ တစ်ဆက်တည်းပြုလုပ်ပေးမည်ဖြစ်ရာ အလွန်အနံ့အရသာထူးသောကော်ဖီကို သောက်ရပါလိမ့်မည်။

Geo-Location စနစ်တွဲဖက်ပေးထားသောကြောင့် ပိုင်ရှင်အဝေးမှပြန်လာသည်ကိုသိပြီး ရေနွေးတည်လိုခြင်းရှိမရှိ မေးပါဦးမည်။ အချိန်ကိုက်ပေးထားမည်ဆိုလျှင် မိုးဖိုအခန်းဝရောက်သည့်အချိန်မှာဖြစ်စေ၊ အိပ်ယာထဲအိပ်နေသည်ဖြစ်စေ ကော်ဖီနှပ်ပေးထားပါမည်။ ဤစက်ကို iOS နှင့် Android စနစ်သုံး device များဖြင့် ချိတ်ဆက်သုံးနိုင်ပါသည်။ ကော်ဖီမည်မျှဖျော်ရမည်ကို ကြိုတင်သတ်မှတ်ပေးထားနိုင်သည့်အပြင် မိမိအိပ်ပျော်ခြင်း မပျော်ခြင်းအပေါ်မူတည်၍ ကော်ဖီ၏ပြင်းအားကို ချိန်ညှိဖျော်စပ်နိုင်းနိုင်ပါသည်။ ဈေးနှုန်း ၉၉ ပေါင်ဖြစ်ပါသည်။



## Razer Forge TV

ရုတ်တရက်ကြည့်လျှင် ဤ TV စက်သည် မည်သို့မှမထူးခြားသော အနက်ရောက်သေတ္တာတစ်လုံးနှင့်တူသည်။ သို့ရာတွင် တကယ်တမ်း၌ ဤသေတ္တာလေးသည် media streamer ဖြစ်သလို Game Console လည်းဖြစ်လာနိုင်သည်။ ဤစက်ကိုသုံး၍ Android TV ကြည့်နိုင်သည်။ ဤစက်တွင် Google Cast ကိုလည်း အထောက်အပံ့ပေးထားသည်။ Game controller အဖြစ်သုံးခြင်းမသုံးခြင်းမှာ မိမိ၏ရွေးချယ်မှုအပေါ်တွင်တည်ပါသည်။ Game Controller မပါလျှင် ရောင်းဈေး ၉၉ ဒေါ်လာဖြစ်ပြီး Game Controller ပါလျှင် ရောင်းဈေး ၁၄၉ ဒေါ်လာဖြစ်ပါသည်။



## Parott RNB6

Apple CarPlay စနစ်နှင့် Google Android Auto စနစ်တို့ကိုမိတ်ဆက်လာပြီးသည့်နောက်တွင် မော်တော်ကားအား ကွန်ပျူတာစနစ်ဖြင့် ထိန်းချုပ်ခြင်းနည်းပညာသည် ပိုမိုကြီးကျယ်ခမ်းနားလာပါသည်။ လောလောဆယ်တွင် ဤထိန်းချုပ်ရေးစနစ်ကို IOS သုံး၍ပြုလုပ်နိုင်ပြီး မကြာမီတွင် Android L (5.0) ကို တွင်တွင်ကျယ်ကျယ်သုံးလာပါက Android Device များဖြင့်လည်း ထိန်းချုပ်နိုင်ပါမည်။ အင်တာနက်နှင့်တွဲချိတ်ထားသောစနစ်ဖြစ်သည့်အားလျော်စွာ ပြင်ပရာသီအပေါ်မူတည်ပြီး အလုပ်လုပ်နေသော Climate Control ၊ အသံဖြင့်ကားပါကင်ထိုးရန် ခိုင်းစေသောစနစ်တို့အပြင် ဖုန်းပြောခြင်း၊ သီချင်းနားထောင်ခြင်း၊ နောက်ဖက်သို့လှတ်မလှတ်ကြည့်ခြင်း စသောစွမ်းဆောင်ရည်ပေါင်းများစွာကိုလည်း ထည့်ပေးထားပါသေးသည်။ ဈေးနှုန်းထုတ်ဖော်ပြောခြင်းမရှိသေးပါ။

# MOBILE FRIEND
Laptop Sales & Services

## "Yangon ICT Fair (Computer & Mobile)"(Feb 2015)
Tamadaw Hall
(Booth No-H-9)
Feb 28 ~ Mar 2

Laptop ဝယ်ယူသူတိုင်းအတွက် mouse Bag Mouse Pad Mym Font Sticker Keypad Cover + ဗလာမပါကံစမ်းမဲအစီအစဉ်

**TOSHIBA Satellite K46**
Intel Core i5 2.4GHz
2GB RAM (DDR-3)
160GB HDD (SATA)
VGA-728MB
DVD-RW
Lan-Wi-Fi-Cardreader
LCD - 15.6"(Wide)
235,000/-

**TOSHIBA Satellite K47**
Intel Core i5 2.7GHz
4GB RAM (DDR-3)
160GB HDD (SATA)
VGA-728MB
DVD-RW
Lan-Wi-Fi-Cardreader
LCD - 15.6"(Wide)
249,000/-

**DELL Latitude D420**
Intel Core Duo 1.2GHz
1GB RAM (DDR-2)
60GB HDD (SATA)
VGA-256MB
Lan-Wi-Fi
LCD - 12"(Wide)
Battery No
75,000/-Ks

**IBM Z 60t**
Intel Pentium M 1.6GHz
1GB RAM (DDR-2)
80GB HDD (SATA)
DVD Combo
VGA-128MB
Lan-Wi-Fi
LCD - 14"(Wide)
75,000/-Ks

**TOSHIBA Dynabook M35**
Intel Core Solo 1.7GHz
1GB RAM (DDR-2)
40GB HDD (SATA)
DVD R/W
VGA-256MB
Lan-Wi-Fi
LCD - 12"(Wide)
75,000/-Ks

**lenovo Thinkpad T61**
Intel Core Cel: 1.9GHz
1GB RAM (DDR-2)
60GB HDD (SATA)
DVD Combo
VGA-256MB
Lan-Wi-Fi
LCD - 14"(Wide)
80,000/-Ks

**lenovo Thinkpad T61**
Intel Core 2 Duo : 1.8GHz
2GB RAM (DDR-2)
80GB HDD (SATA)
DVD Combo
VGA-874MB
Lan-Wi-Fi
LCD - 14"(Wide)
100,000/-Ks

**DELL Latitude D531**
AMD 1.8GHz
1GB RAM (DDR-2)
80GB HDD (SATA)
DVD Combo
VGA-359MB
Lan-Wi-Fi
LCD - 15"(Wide)
115,000/-Ks

**TOSHIBA Tecra M9**
Intel Core 2 Duo 2.0GHz
2GB RAM (DDR-2)
80GB HDD (SATA)
DVD R/W
VGA-358MB
Lan-Wi-Fi
LCD - 14"(Wide)
125,000/-Ks

**lenovo V 200**
Intel Core 2 Duo: 2.0GHz
1GB RAM (DDR-2)
80GB HDD (SATA)
DVD Combo
VGA 256MB
Lan-Wi-Fi
LCD - 12"(Wide)
135,000/-Ks

**TOSHIBA Tecra M10**
Intel Core 2 Duo 2.3GHz
2GB RAM (DDR-2)
80GB HDD (SATA)
DVD R/W
VGA-1001MB
Lan-Wi-Fi-Webcam
LCD - 14"(Wide)
135,000/-Ks

**hp 2133**
VIA C7 (M) 1.6GHz
2GB RAM (DDR-2)
1600GB HDD (SATA)
VGA-361MB
Lan-Wi-Fi-Webcam
LCD - 9"(Wide)
135,000/-Ks

**TOSHIBA Dynabook SSN10**
Intel Core 2 Duo 1.2GHz
1GB RAM (DDR-2)
80GB HDD (SATA)
DVD R/W
VGA-256MB
Lan-Wi-Fi
LCD - 12"(Wide)
145,000/-Ks

**FUJITSU FMV-S761/D**
Intel Core i5 2.5GHz
2GB RAM (DDR-3)
160GB HDD (SATA)
DVD R/W
VGA-784MB
Lan-Wi-Fi-Cardreader
LCD - 13.3"(Wide)
190,000/-Ks

**FUJITSU FMV-S560/A**
Intel Core i5 2.4GHz
2GB RAM (DDR-3)
160GB HDD (SATA)
DVD R/W
VGA-784MB
Lan-Wi-Fi-Cardreader
LCD - 13.3"(Wide)
200,000/-Ks

**FUJITSU FMV-E780/B**
Intel Core i5 2.4GHz
2GB RAM (DDR-3)
160GB HDD (SATA)
DVD R/W
VGA-784MB
Lan-Wi-Fi-Cardreader
LCD - 15"(Wide)
200,000/-Ks

**FUJITSU FMV-A550/A**
Intel Core i5 2.4GHz
2GB RAM (DDR-3)
160GB HDD (SATA)
DVD R/W
VGA-784MB
Lan-Wi-Fi-Cardreader
LCD - 15"(Wide)
225,000/-Ks

**EPSON Endeavor NJ3300**
Intel Core i5 2.4GHz
2GB RAM (DDR-3)
160GB HDD (SATA)
DVD R/W
VGA-762MB
Lan-Wi-Fi-Webcam
LCD - 15.6"(Wide)
225,000/-Ks

**DELL Latitude E6410**
Intel Core i5 2.7GHz
2GB RAM (DDR-3)
160GB HDD (SATA)
DVD R/W
VGA-794MB
Lan-Wi-Fi
LCD - 14"(Wide)
235,000/-Ks

**DELL Latitude E5410**
Intel Core i5 2.5GHz
2GB RAM (DDR-3)
250GB HDD (SATA)
DVD R/W
VGA-762MB
Lan-Wi-Fi
LCD - 14"(Wide)
245,000/-Ks

**Panasonic CF 30**
Intel Core 2 Duo 1.6GHz
1GB RAM (DDR-2)
80GB HDD (SATA)
DVD R/W
VGA-256MB
Lan-Wi-Fi
LCD - 13.3"(Wide);(Touch)
250,000/-Ks

**hp 2540P**
Intel Core i7 2.1GHz
2GB RAM (DDR-3)
1600GB HDD (SATA)
DVD R/W
VGA-759MB
Lan-Wi-Fi-Webcam
LCD - 12"(Wide)
265,000/-Ks

**Warranty Parts (6)months & services (1)year**

ရန်ကုန် ➡ အမှတ် (၁၂၀–အေ) – မြေညီ၊ ဆိပ်ကမ်းသာလမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း – ၀၁ ၂၅၂၄၁၄ ၊ ၀၉ ၅၁၉၉၇၇၈၊ ၀၉ ၄၂၀၂၃၂၀
ပျဉ်းမနား ➡ အမှတ် (၁၀/ ၇၀)၊ ဗိုလ်တာရာလမ်း၊ ဗိုလ်ချုပ်ကြေးရုပ်အနီး၊ ရန်အောင် (၁) ရပ်ကွက်၊ ပျဉ်းမနားမြို့။ ဖုန်း – ၀၆၇ ၂၂၂၆၃၊ ၀၉ ၄၂၀၇၄၇၉၀၅






# ဥရောပတိုက်သို့ လွှမ်းခြုံဖြန့်ကျက်လာသော အင်တာနက်ကွန်ရက်များ

ဆောင်းပါးရှင် – မိုးမခ

ဥရောပတိုက်မှာ အင်တာနက်ကွန်ရက် ဆက်သွယ်မှုလုပ်ငန်းများနဲ့ ပတ်သက်ပြီး မကျေမလည်ဖြစ်နေတဲ့ ကိစ္စတစ်ခုရှိပါတယ်။ ဒီကိစ္စကတော့ အင်တာနက်လောကမှာ အရာရာကို လက်ဝါးကြီးအုပ်ထားတဲ့ ကုမ္ပဏီကြီး တစ်ခုရဲ့ ပြဿနာပဲဖြစ်ပါတယ်။ အမည်နာမကို တိတိကျကျထုတ်ဖော် ပြောဆိုခြင်းမရှိပေမယ့် သူတို့ရည်ညွှန်းပြောဆိုနေတဲ့ အင်တာနက်လက်ဝါး ကြီးအုပ်ကုမ္ပဏီဆိုတာ ဂူးဂဲလ်မှတစ်ပါး တခြားဖြစ်နိုင်ဖွယ်ရာမရှိကြောင်း ဝေဖန်ပြောဆိုမှုတွေပျံ့နှံ့နေတာဖြစ်ပါတယ်။

ဒီကိစ္စဟာ ဥရောပပါလီမန်အထိ တက်ရောက်ခဲ့ပြီး ဥရောပပါလီမန် မှာ ဒီကုမ္ပဏီကြီးရဲ့ လောင်းရိပ်အောက်မှာ ကျရောက်နေတဲ့ အင်တာနက် ဝန်ဆောင်မှုကုမ္ပဏီများ ရှင်သန်ရေးအတွက် အတိုင်းအတာတစ်ခုအထိ စည်းမျဉ်းစည်းကမ်းဥပဒေတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာစေဖို့ ဆွေးနွေး သုံးသပ်ဆုံးဖြတ်ချက်ချနိုင်ရေးအတွက် မဲခွဲပြီးဆန္ဒသဘောထားများ ရယူဖို့ ကြိုးပမ်းလာကြခြင်းပဲဖြစ်ပါတယ်။

ဥရောပပါလီမန်ရဲ့ ဆွေးနွေးဆုံးဖြတ်ချက်အရ အင်တာနက်ကုမ္ပဏီ ကြီးဖြစ်တဲ့ ဂူးဂဲလ်ဟာ ဥရောပတိုက်ရှိ အင်တာနက်ဝန်ဆောင်မှုကုမ္ပဏီ လေးပေါင်း အများအပြားကို ထိန်းချုပ်လွှမ်းမိုးထားတဲ့ အခြေအနေတွေကို အတတ်နိုင်ဆုံး ပြေလျော့ပေးဖို့ကို ဆွေးနွေးဆုံးဖြတ်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။

ဂူးဂဲလ်ဟာသူ့ရဲ့ Web Searches အင်ဂျင်လုပ်ငန်းကို အမေရိကားမှာ ၆၈ ရာခိုင်နှုန်း သိမ်းပိုက်နေရာယူထားတာ ဖြစ်ပါတယ်။ ဥရောပမှာဆိုရင် တော့ ဒီထက်ပိုများပါတယ်။ ၉၀ ရာခိုင်နှုန်းလောက်အထိ ဖြန့်ကျက်ထား နိုင်တဲ့အတွက် ဥရောပ Net Work ကွန်ရက်လုပ်ငန်းကုမ္ပဏီတွေဟာ ကျန်တဲ့နေရာ အနည်းငယ်ကိုသာ ဝင်တိုးနေကြရတဲ့ သဘောရှိပါတယ်။ အထူးသဖြင့် ဂူးဂဲလ်ရဲ့ အီးမေးလ်၊ မက်နဲ့ ဒေတာသိုလှောင်မှုလုပ်ငန်းတွေ မှာ အများဆုံးနေရာယူ လွှမ်းမိုးထားတာဖြစ်ပါတယ်။

ဒါတင်မကပါဘူး။ ဂူးဂဲလ်အနေနဲ့ တခြားဝက်ဘ်ဆိုက်အသေးစားတွေ နဲ့ပူးပေါင်းလုပ်ဆောင်ရာမှာလည်း သူ့ဆီကနေတစ်ဆင့်ခံပြီး လုပ်ရတဲ့အတွက် ကြော်ငြာလိုကိစ္စတွေမှာ သူ့ရဲ့စီမံခန့်ခွဲမှုနဲ့ အခွန်အခငွေကြေးဆိုင်ရာကိစ္စ တွေမှာလည်း ချုပ်ကိုင်လွှမ်းမိုးမှု ရှိနေတဲ့အတွက် သူနဲ့ဆက်ဆံနေတဲ့ ကုမ္ပဏီငယ်များစွာဟာ သူ့ရဲ့လက်ဝေခံသဘောဖြစ်နေတာဖြစ်ပါတယ်။

ဒီနေရာမှာ ဂူးဂဲလ်ရဲ့လွှမ်းမိုးမှုကို ထိခိုက်စေတဲ့ အချက်တချို့လည်း ရှိပါသေးတယ်။ Microsoft ကို သုံးစွဲသူတွေရဲ့ Cutting Off နဲ့ Air Supply လို Features တွေဟာ ဂူးဂဲလ်နဲ့ဆက်သွယ်ချိတ်ဆက်သုံးစွဲတဲ့အခါ နှုန်းထား များ မြင့်မားနေတဲ့အတွက် ပင်တိုင်သုံးစွဲသူတွေအဖို့ ဝန်ထုပ်ဝန်ပိုးသဖွယ် ဖြစ်နေပါတယ်။

ဥရောပကော်မရှင်ဟာ ဂူးဂဲလ်ရဲ့ ဥရောပဆိုင်ရာ Network တွေကို လျှော့ချနိုင်ဖို့ကြိုးပမ်းရာမှာ ပထမဦးစွာ ဥရောပရဲ့ ဒစ်ဂျစ်တယ်ဆိုင်ရာ လုပ်ငန်းနယ်ပယ်ထဲကို အလွယ်တကူ ဝင်ရောက်ခွင့်မရအောင် အဟန့် အတားများပြုလုပ်ခြင်းပဲ ဖြစ်ပါတယ်။ ဥရောပမှာ Instagram အွန်လိုင်းဝန် ဆောင်မှုလုပ်ငန်းတွေကို နှေးကွေးသွားအောင် ပြုလုပ်ခဲ့ခြင်းပဲဖြစ်ပါတယ်။ အထူးသဖြင့် ဥရောပရဲ့ Network လုပ်ငန်းတွေကို ဦးစီးလုပ်ကိုင်နေတဲ့ အလတ်စားလုပ်ငန်းတွေကို ပိုမိုခိုင်မာအောင် ပြုပြင်တည်ဆောက်ခဲ့ပြီး လိုအပ်တဲ့ အော်ပရေတာတွေနဲ့ စွမ်းအင်ဆိုင်ရာကိစ္စတွေကို ပိုမိုအားဖြည့် တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ဒီလိုဖြည့်ဆည်းပံ့ပိုးပေးနိုင်အောင်လည်း ဥရောပကော်မရှင်က စည်းမျဉ်းစည်းကမ်းဥပဒေတွေနဲ့ အထောက်အကူပေး ထားတာဖြစ်ပါတယ်။

ဒီလိုပြုလုပ်ခဲ့တဲ့အတွက် ဥရောပမှာ ထိုးဖောက်ဝင်ရောက်ဖို့ ကြိုးပမ်းနေ ကြတဲ့ Facebook ရဲ့ Instagram နဲ့ Whatsapp၊ Google ရဲ့ Waie နဲ့ Apture တို့ဟာ ဥရောပကုမ္ပဏီများနဲ့ အားပြိုင်လာရတဲ့အခြေအနေကို ရောက်ရှိခဲ့ကြတာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း My Space တို့ Orkut တို့လို ဥရောပ Network တွေကို ဦးဆောင်နေရတဲ့ ကွန်ရက်လုပ်ငန်းတွေဟာ ပိုမိုလွတ်လပ်စွာ ရှင်သန် ခွင့်ရလာကြတာဖြစ်ပါတယ်။ အထူးသဖြင့် Messaging Apps တွေနဲ့ လူမှုကွန် ရက်ကို လွှမ်းမိုးထားတဲ့ ဂူးဂဲလ်ရဲ့အရှိန်အဝါကို အန်တုဖက်ပြိုင်လာနိုင်တာ ဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးဟာ တစ်ချိန်က ဘရာဇီးလ်နိုင်ငံမှာ ဒေသခံ ကွန်ရက်လုပ်ငန်းသမားတွေအပေါ် ဂူးဂဲလ်ရဲ့ လက်ဝါးကြီးအုပ်မှုသဘော မျိုးလို ဖြစ်ပါတယ်။

စင်စစ်အားဖြင့်တော့ အိုင်တီလောကကြီးမှာ အခြေခံပင်ရင်းဖြစ်တဲ့ နည်းပညာများရဲ့ အတောမသတ်ဖွံ့ဖြိုးတိုးတက်လာမှုဟာ လုပ်ငန်းသဘာဝ ချင်းတူညီတဲ့ လုပ်ငန်းနယ်ပယ်အသီးသီးမှာ ရေများရေနိုင်၊ မီးများမီးနိုင် သဘောမျိုး ဖြစ်လေ့ရှိပါတယ်။ သာဓကအားဖြင့် တစ်ချိန်က IBM ကွန်ပျူ တာလုပ်ငန်းကို ကျော်ရိုးပြုပြီး Microsoft ရဲ့ တစ်ကိုယ်ရေသုံး ကွန်ပျူတာ ဆိုင်ရာနည်းပညာများနဲ့ လုပ်ငန်းဆောင်ရွက်လုပ်ကိုင်မှုများဟာ ပြိုင်ဘက် ကင်းတဲ့အချိန်အခါ အခြေအနေကောင်းတစ်ခုမှာ ကာလအတန်ကြာ ရပ်တည် နိုင်ခဲ့ကြဖူးပါတယ်။ ဒါပေမဲ့လည်း အချိန်အခါနဲ့ အခြေအနေကိုကြည့်ပြီး ပြုပြင်ပြောင်းလဲမှုတွေကို လိုက်လျောညီထွေ မပြုလုပ်နိုင်ခဲ့တဲ့အတွက် တစ်ချိန် ချိန်မှာတော့ ကိုယ့်ထက်သာလွန်တဲ့နည်းပညာတွေက ကျော်လွှားသွားခဲ့ကြ တာဖြစ်ပါတယ်။

နည်းပညာသစ်တစ်ရပ်ကို ဈေးကွက်မှာစမ်းသပ်ထိုးဖောက်ကြည့်လို့ အောင်မြင်သွားတဲ့အခါ ပြိုင်ဆိုင်မယ့်သူတွေ၊ ကိုယ့်ထက်သာအောင် တီထွင် ဖန်တီးမယ့်သူတွေဟာ နည်းပညာ ရေစီးကြောင်းကြီးထဲမှာ အပြိုင်အဆိုင် ပေါ်ထွက်လာလေ့ရှိပါတယ်။ ဒါဟာ နည်းပညာခေတ်ရဲ့ အဆုံးမသတ်နိုင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ဆန်းသစ်တီထွင်မှုတို့ရဲ့ အကျိုးရလဒ်ပဲ ဖြစ်ပါတယ်။

လောလောဆယ်အားဖြင့် ဂူးဂဲလ်ရဲ့မူလလုပ်ငန်းဖြစ်တဲ့ ဝက်ဘ်ဆိုက် တွေကို လွှမ်းမိုးထိန်းချုပ်ထားနိုင်တဲ့ လုပ်ငန်းသဘာဝကို ပိုမိုသာလွန်တဲ့ နည်းပညာသစ်တွေကို အသုံးပြုပြီး ကိုယ်ပိုင်အကျိုးစီးပွားကို ဖန်တီးရယူ သွားနိုင်ကြတာဖြစ်ပါတယ်။ ဥပမာအားဖြင့် Facebook ဟာ သူ့ရဲ့ကိုယ်ပိုင် Apps တွေကို အများအပြားအသုံးပြုပြီး ဂူးဂဲလ်ရဲ့ထိန်းချုပ်မှုအောက်မှ လွတ် မြောက်နိုင်တဲ့ ကိုယ်ပိုင်မိုဘိုင်းချွေတာရေး ပလက်ဖောင်းကို တည်ဆောက် နိုင်ခဲ့တဲ့အတွက် ဂူးဂဲလ်ရဲ့အကျိုးစီးပွားအချို့ကို လက်ဝေခံ ရရှိသွားခဲ့တာ ဖြစ်ပါတယ်။ ဒါဟာ အဆင့်မြင့်စမတ်ဖုန်းတွေကြောင့် ဂူးဂဲလ်အနေနဲ့ သူ့ရဲ့ Android တွေအပေါ်မှာ ထိန်းချုပ်ရခက်ခဲသွားတဲ့ အနေအထားမျိုးပဲဖြစ်ပါတယ်။

အိုင်တီလောကကြီးရဲ့ ကြီးထွားကျယ်ပြန့်လာမှုကြောင့် နည်းပညာ ကြွယ်ဝတဲ့အင်တာနက်မိုဘိုင်း ကုမ္ပဏီကြီးအချို့ဟာ ကမ္ဘာနှင့်အဝန်း ခြေဆန့် လာနိုင်ပြီး ဝက်ဘ်ဆိုက်ကုမ္ပဏီငယ်ပေါင်းများစွာကို ဖြည်းဖြည်းချင်း လွှမ်းမိုး ဝါးမြိုလာခဲ့ကြပါတယ်။ ဒီအခြေအနေကို ဟန့်တားနိုင်စွမ်းမရှိတဲ့ ကုမ္ပဏီ ငယ်ပေါင်းများစွာဟာ သူတို့ရဲ့ ကိုယ်ပိုင်ဈေးကွက်ကလေးများကို အင်အား ကြီးကုမ္ပဏီတွေရဲ့ လက်ထဲကို ထိုးအပ်လိုက်ရတဲ့အတွက် ဥရောပလိုဒေသ မှာ အင်တာနက်ကွန်ရက်လုပ်ငန်းများဟာ လက်ဝေခံအဖြစ်သာ ရပ်တည် နေရတဲ့အတွက် နောက်ဆုံးမှာ ဥရောပကော်မရှင်ကပင် ဝင်ရောက်ထိန်း ချုပ်လုပ်ကိုင်ရတဲ့ အခြေအနေကို ရောက်ရှိသွားခဲ့ရပြီး ဥရောပကော်မရှင်နဲ့ အမေရိကန်အင်တာနက် လုပ်ငန်းရှင်များကြားမှာ အမေရိကန်နိုင်ငံရေး အသိုင်းအဝိုင်းများကပင် ပါဝင်ညှိနှိုင်းဖြေရှင်းခဲ့ကြရတာ ဖြစ်ပါတယ်။

ဥရောပရဲ့ Axel Springer နဲ့ Hubert Burda လို ဂျာမနီမီဒီယာတွေဟာ ဂူးဂဲလ်နဲ့ ဖေ့စ်ဘွတ်တို့ထက် သာလွန်တဲ့ အင်တာနက်ဝန်ဆောင်မှုလုပ်ငန်း တွေကို ဘာကြောင့်မလုပ်နိုင်ရမလဲဆိုတဲ့ တက်ကြွမှုတွေနဲ့အတူ သူတို့ရဲ့ ဒစ်ဂျစ်တယ်လုပ်ငန်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနဲ့ တီထွင်ဖန်တီးမှုတွေကို ပြုလုပ်ကြဖို့ ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။

အမေရိကန်အင်တာနက် ကွန်ရက်လုပ်ငန်းကြီးတွေအပေါ်မှာ လွှမ်းမိုး ပြိုင်ဆိုင်အနိုင်ယူနိုင်မယ့် အဓိကအကြောင်းရင်းကို ရှာဖွေရာမှာ တွေ့ရှိချက် ဖြစ်တဲ့ ပုဂ္ဂလိကဆိုင်ရာ သတင်းအချက်အလက်တွေကို ပိုမိုထိန်းချုပ်ရေးနဲ့ ဝန်ဆောင်မှုပေးတဲ့ ကုမ္ပဏီတွေကို ပိုမိုကြပ်မတ်လုပ်ကိုင် သွားခြင်းဖြင့်သာ ဥရောပရဲ့ ကွန်ရက်ဆက်သွယ်မှုလုပ်ငန်းတွေကို ပိုမိုခိုင်မာ တောင့်တင်း လာစေမှာဖြစ်ကြောင်း ဥရောပကော်မရှင်က လေ့လာသုံးသပ် အကြံပြုခဲ့ တာဖြစ်ပါတယ်။

မည်သို့ပင်ဖြစ်စေ၊ ဥရောပကော်မရှင်အနေနဲ့ နိုင်ငံတကာကွန်ရက် ဆက်သွယ်မှုလုပ်ငန်းကြီးတွေအပေါ်မှာ တိုက်ရိုက်အားဖြင့် ထိန်းချုပ်လုပ် ကိုင်ဖို့ အခွင့်မသာသော်လည်း ဥရောပတိုက်နိုင်ငံများရဲ့ အင်တာနက်ကွန် ရက်ဝန်ဆောင်မှုလုပ်ငန်းများထဲမှာ ပုဂ္ဂလိကဆိုင်ရာ သတင်းအချက်အလက် များ ထိန်းသိမ်းကိုင်တွယ်မှုမှာတော့ အတိုင်းအတာတစ်ခုအထိ အောင်မြင် အောင် ဆောင်ရွက်နိုင်ခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။






# F.A.M.E Education Centerတွင် IQN (UK) မှ တိုက်ရိုက်ပေးအပ်မည့် Diploma in Human Resource Management Batch(IV) ကို စတင်ဖွင့်လှစ်သင်ကြားပေးသွားမည်

F.A.M.E (Education Center) သည်မြန်မာနိုင်ငံ၏လိုအပ်ချက်များနှင့်အထူးကိုက်ညီသော နိုင်ငံပေါင်း ၁၅၇နိုင်ငံကျော်မှ အသိအမှတ်ပြုထားသည့် Diploma in Human Resource Management (IQN-UK) ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ Diploma များသည် အချိန်ကာလအားဖြင့် (၅)လသာကြာမြင့်မည်ဖြစ်ပါသည်။IQN-UK မှ ချမှတ်ထားသော သင်ရိုးညွှန်းတမ်းများသည် တကယ်လက်တွေ့လုပ်ငန်းခွင်တွင် အသုံးချနိုင်သည့် Professional Skills များစွာပါဝင်သောကြောင့်လုပ်ငန်းခွင်မှ ကျောင်းသားများနှင့် စာတွေ့လက်တွေ့ပေါင်းစပ်လိုသော ကျောင်းသားများအတွက် အထူးသင့်လျော်ပါသည်။ ကျောင်းသားများသည် Pearson VUE မှ Online Tests ကို စာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုရာတွင် Multiple Choice Questions Types ကိုဖြေဆိုရမည် ဖြစ်ပါသည်။

Diploma in Human Resource Management (IQN-UK) တွင် The Development of HRM,Human Resource Planning, Recruitment and Selection, Reward Management, Monitoring and Management Performance,Exit Rights and Procedure အစရှိသည်တို့ကို သင်ကြားရမည်ဖြစ်ပါသည်။ အချိန်ကာလမှာ(၅)လသာကြာမြင့်မည်ဖြစ်ပြီး Weekdays Class and Weekends အတန်းများကို ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပါသည်၊ F.A.M.E မှ Old Questions များနှင့် Summarized Practice Questions များကိုလည်း လေ့ကျင့်ပေးသွားမည်ဖြစ်ပြီး Study Guide များထားရှိပေးခြင်းအပြင် Professional များမဖြစ်မနေ လေ့လာသင့်သည့် Presentation Skills များ၊ Personal Grooming Course များကို လည်း ထပ်မံသင်ကြားပို့ချပေးသွားမည်ဖြစ်ပါသည်။ ထို့အပြင် F.A.M.E Center မှ HR Professional အဖြစ်ရပ်တည်ပြီး အောင်မြင်မှုရရှိနိုင်အောင် ရွေးချယ်ပံ့ပိုးပေးမည်ဖြစ်ပြီး Diploma in HRM (IQN) (UK) မှ ဘွဲ့ရရှိပြီးပါက (Theory + Practical Concept) ကို ကောင်းမွန်စွာတတ်မြောက်မည့်အပြင် မိမိကိုယ်ကိုလည်းယုံကြည်မှုအပြည့်ရှိလာနိုင်မည်ဖြစ်ပါသည်။ ထို့အပြင်ရုံးများမှ Group လိုက်တက်ရောက်နေသောကျောင်းသားများအတွက်လည်း Disounts များပေးအပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုသူများအတွက် အမှတ် ၁၂၄၁-ဘီ၊ ၂၁လမ်း၊လသာမြို့နယ် ၀၉-၇၃၈၁၁၁၃၁၊ ၀၉၃၀၃၆၀၆၀၈ သို့လည်းဆက်သွယ်နိုင်ပါသည်။

## NCC,ABE,HND ကျောင်းသားများအတွက် ဘာသာရပ်ကင်းလွတ်ခွင့်နှင့် ပညာသင်ထောက်ပံ့ကြေး သိကောင်းစရာများအကြောင်း ရှင်းလင်းပြောကြားမည်

Regent Consultancy Services Co.,Ltd မှအင်္ဂလန်နိုင်ငံ ကျောင်းဖွင့်ချိန် စက်တင်ဘာလ ၂၀၁၅ခုနှစ်အတွက် အင်္ဂလန်ပညာရေးနှင့် ပညာသင်ထောက်ပံ့ကြေး အကြောင်းသိကောင်းစရာနှင့် ကြိုတင်ပြင်ဆင်ရန် လိုအပ်မှုများကို ၂၀၁၅ခုနှစ်၊ မတ်လ(၇)ရက်၊ နေ့လည် (၃း၀၀) နာရီမှ (၅း၀၀) နာရီအထိ Regent Consultancy ရုံးခန်း၊ အမှတ် R-2 အောင်မြေသာစည်အိမ်ရာ၊အောင်ချမ်းသာ (၂)လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါနေ့တွင် မြန်မာနိုင်ငံမှ NEC, ABE, HND ဒီပလိုမာအောင်ထားသူများအတွက် Northumbria University,Middlesex University, University of Portsmouth,University of Plymouth, University of West England,University of Huddersfield တို့တွင် တက်ရောက်နိုင်ရန်အတွက်ဘာသာရပ်ကင်းလွတ်ခွင့်များကိုရှင်းလင်းပြောကြားပေးသွားမည်ဖြစ်သည်။လျှောက်ထားနိုင်သော ပညာသင်ထောက်ပံ့ကြေးမှာ ၅၀% အထိ လျှောက်ထားနိုင်ကြောင်း သိရှိရသည်။

Undergraduate ပရိုဂရမ်များဖြစ်သည့် ကွန်ပျူတာ၊ အင်ဂျင်နီယာ၊ စီမံခန့်ခွဲမှု၊ စီးပွားရေးစသည့် ဘာသာရပ်များအတွက် ဘာသာရပ်ကင်းလွတ်ခွင့်ဖြင့်၂၀၁၅ကျောင်းဝင်ခွင့်အတွက် စတင်လျှောက်ထားနိုင်ကြောင်းကို Regent Consultancy မှသိရှိရပါသည်၊ အင်္ဂလန်ဘွဲ့ဒီဂရီပြီးဆုံးသူများသည် နိုင်ငံတကာတွင် အလုပ်အကိုင်ရရှိမှုမြင့်မားလာတာကြောင့် နိုင်ငံတကာမှ NCC, ABE, HND ကျောင်းသူ၊ ကျောင်းသားများအနေနှင့် အင်္ဂလန်တွင် ဘာသာရပ်ကင်းလွတ်မှုဖြင့် လျှောက်ထားသူများပြားလာကြောင်း အဆိုပါတက္ကသိုလ်များမှ ဘာသာရပ်ကင်းလွတ်ခွင့်ကို သိရှိနိုင်ရန်Regent Consultancy တွင် လျှောက်ထားနိုင်ရန် လျှောက်လွှာဖေါင်များကို စတင်လက်ခံနေပြီဖြစ်ကြောင်း တာဝန်ရှိသူ ဒေါ်လွင်လွင်အောင်ထံမှ သိရှိရပါသည်။

မြန်မာကျောင်းသူကျောင်းသားများအနေနဲ့ ကျောင်းလခထောက်ပံ့ကြေးရရှိနိုင်ရန်အတွက်ပါ Regent Consultancy မှကူညီလျှောက်ထားပေးကြောင်းသိရှိရပါသည်။ လက်ရှိ NCC, ABE, HND တက်ရောက်နေဆဲကျောင်းသူ၊ ကျောင်းသားများအနေနှင့် မိမိတို့လက်ရှိတက်ရောက်နေစဉ် လိုအပ်သောပြင်ဆင်မှုများ ကြိုတင်ပြုလုပ်နိုင်ရန် ရှင်းလင်းပြောကြား ပေးသွားမည်ဖြစ်သည်။အသေးစိတ်သိရှိလိုပါက Regent Consultancy Services Co., Ltd ဖုန်း ၀၉-၅၀ ၁၉၈၇၀၊၀၉-၇၃၂၀ ၅၃၃၃ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## စင်ကာပူနိုင်ငံရှိ Dimensions International College မှ မြန်မာကျောင်းသူ၊ ကျောင်းသားများအတွက်ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးများပေးအပ်မည်

စင်ကာပူနိုင်ငံရှိ Dimensions International College သည် မြန်မာနိုင်ငံမှ ဟိုတယ်ဘာသာရပ်ကို စိတ်ပါဝင်စားပြီး တက်ရောက်လိုသော ကျောင်းသူ၊ ကျောင်းသားများအတွက်ပညာသင်ဆုများနှင့် ပညာသင်ထောက်ပံ့ကြေးများကို သက်ဆိုင်ရာဘာသာရပ်အလိုက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ပေးအပ်မည့်ဘာသာရပ်များမှာ Diploma in Hotel & Restaurant Services,Diploma in Professional Cookery & Food Preparation,Diploma/Adv Diploma in Hotel Management,Diploma in Business,Edexcel BTEC Level 5 HND Diploma in Hospitality Management,Bachelor of Arts(Hons) in Hospitality Management,Post Graduate Diploma in Hospitality Management,Master of Business Administration ဘာသာရပ်တို့ဖြစ်ပါသည်။

ဘာသာရပ်များအတွက်ပညာသင်ထောက်ပံ့ကြေးများကို မိမိတို့ရွေးချယ်သည့် ဘာသာရပ်အပေါ်မူတည်ပြီး SS 2000-3000 အထိ ပေးအပ်သွားမည်ဖြစ်ပါသည်၊ MBA ဘာသာရပ်အတွက် ပညာသင်ဆုအဖြစ်ကျောင်းစရိတ်၏ 30% အားလျော့ချလက်ခံပေးအပ်သွားမှာဖြစ်ပါသည်။Diploma ဘာသာရပ်များအတွက် ၁၀တန်းဖြေဆိုအောင်မြင်ထားသူများစတင်လျှောက်ထားနိုင်ပြီး Post Graduate Diploma ဘာသာရပ်အတွက် ဘွဲ့တစ်ခုခုရရှိပြီးသူမည်သူမဆိုလျှောက်ထားနိုင်မှာဖြစ်ကြောင်းသိရပါသည်။အသေးစိတ်သိရှိလိုပါကDimensions Education Center-PH: 09450044117,09421076858 သို့အသေးစိတ်ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## အပြည်ပြည်ဆိုင်ရာဈေးကွက်များတွင် ရွှေ၊ ငွေကြေးနှင့် စတော့ရှယ်ယာ အရောင်းအဝယ် (Online) လက်တွေ့ပြုလုပ်နည်းသင်တန်းဖွင့်လှစ်မည်

နိုင်ငံတကာနှင့် မြန်မာ့ရွှေ ငွေကြေးဈေးကွက်တွင် ဝင်ရောက်လုပ်ကိုင်လိုသူများ၊ ပြည်တွင်းမှနေပြီး ရွှေ ငွေကြေးနှင့် စတော့ဝယ်ရောင်းလုပ်လိုသောလုပ်ငန်းရှင်များနှင့် အကျိုးဆောင်ကြီးများ၊ လက်တွေ့လုပ်ဆောင်နိုင်ရန်နှင့် လုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူနားလည်တတ်ကျွမ်းစေရန် ရည်ရွယ်လျက်Myanmar Golden Link နှင့် Tip Top Education Group တို့ပူးပေါင်း၍ "အပြည်ပြည်ဆိုင်ရာဈေးကွက်များတွင် ရွှေငွေကြေးနှင့် စတော့ရှယ်ယာအရောင်းအဝယ် လက်တွေ့ပြုလုပ်နည်း" သင်တန်းကို ၂၀၁၅ မတ်လ ၂ရက်နေ့မှ ၆ရက်နေ့အထိမန္တလေးမြို့နှင့် မတ်လ ၁၆ရက်နေ့မှ မတ်လ ၂၀ရက်နေ့အထိ ရန်ကုန်မြို့တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရပါသည်။

သင်ကြားပို့ချမည့်ဘာသာရပ်များမှာ– Introduction to Electronic Financial Trading (Online Gold Trading), Introduction to Share Trading, Introduction to CFDs, Introduction to Forex Trading (Currency Trading) စသည့်ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပါသည်။ သင်တန်းတက်ရောက်မည့်သူများသည် အွန်လိုင်း အင်တာနက်အသုံးပြုတတ်ရန်လိုအပ်ပြီး သင်တန်းတက်ရောက်သည့်အခါ အင်တာနက်ပါအသုံးပြုနိုင်သော ဖုန်း (သို့)တက်ဘလက်(သို့) လက်တော့ပ်ယူဆောင်လာရန် လိုအပ်ပါသည်။ လက်တွေ့စမ်းသပ်လုပ်ကိုင်လိုသူများကို Demo Account ဖွင့်ပေးခြင်း၊ အမှန်တကယ်အရောင်းအဝယ်လုပ်လိုသူများကို Real Time Accountဖွင့်ပေးခြင်းများ အခမဲ့ဆောင်ရွက်ပေးပါသည်။ တန်းခွဲတစ်ခုလျှင် လူဦးရေ (၁၅) သာလက်ခံမည်ဖြစ်ပြီး ကြိုတင်စာရင်းပေးသွင်းထားရန် လိုအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက Myanmar Golden Link ဖုန်း ၀၉ ၉၇၄၄၁၈၄၄၄ (ရန်ကုန်)၊ ၀၉ ၉၇၄၄၁၈၅၅၅ (မန္တလေး)။Tip Top Education Group ၀၁ ၂၅၄၈၈၉၊ ၀၉ ၇၃၀ ၅၀ ၃၇၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရပါသည်။



## ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့တို့ရှိ Telenor Users များ Postpaid Plan ကို စတင်အသုံးပြုနိုင်

Telenor Myanmar ၏ဝန်ဆောင်မှုအသစ်ဖြစ်သောPostpaid အစီအစဉ်ကို ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့တို့ရှိ Telenor Users များ စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်းသိရသည်။ လက်ရှိ Telenor Prepaid အသုံးပြုနေသူများသည် Postpaidသို့ပြောင်းလဲအသုံးပြုလိုပါက မိမိတို့၏မှတ်ပုံတင်ကို ပြသကာလျှောက်လွှာပုံစံဖြည့်ခြင်းဖြင့်ပြောင်းလဲအသုံးပြုနိုင်မည်ဖြစ်သည်။ Telenor Myanmar မှတစ်ဦးချင်းစီအတွက်သော်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများအတွက်သော်လည်းကောင်း Postpaid Plan များကို ဝန်ဆောင်မှုပေးသွားမည်ဟု သိရသည်။

အဆိုပါ Postpaid Plan ၏ထူးခြားချက်မှာအသုံးပြုသူများဆီသို့ ငွေတောင်းခံလွှာကို Telenor မှ အိမ်တိုင်ရာရောက်ငွေတောင်းခံစာပို့ခြင်း၊ Email ဖြင့် ပို့ဆောင်ပေးခြင်းများပြုလုပ်ပေးမည်ဖြစ်ပြီးလစဉ်ငွေပေးချေမှုကို Telenor အရောင်းဆိုင်များ၊ CB Bank နှင့် KBZ Bank များတွင် ပေးဆောင်နိုင်မည်ဖြစ်သည်။ Telenor Myanmar ၏ CEO ဖြစ်သူ Mr. Petter Furberg က ''Telenor မှ သုံးစွဲသူတွေအတွက် ပိုမိုအဆင်ပြေစေမယ့် ဝန်ဆောင်မှုတွေပေးနိုင်ဖို့ ကြိုးစားလုပ်ဆောင်နေပါတယ်။ အခုလည်း Postpaid အစီအစဉ်ကို User တွေထံမိတ်ဆက်ပေးလိုက်ပါတယ်။ ဒီအစီအစဉ်က Telenor သုံးစွဲသူတစ်ဦးချင်းစီအတွက် ဖုန်းသုံးစွဲပေးဆောင်ဖို့ အဆင်ပြေမှာဖြစ်သလို စီးပွားရေးလုပ်ငန်းတွေနဲ့ကုမ္ပဏီတွေအတွက်လည်း ထူးခြားတဲ့အကျိုးကျေးဇူးတွေကိုခံစားရမှာပါ။ အနာဂတ်မှာလည်း သုံးစွဲသူတွေအတွက် အကျိုးရှိနိုင်မယ့် ဝန်ဆောင်မှုတွေကို ဆက်လက်လုပ်ဆောင်သွားပါမယ်'' ဟု ဆိုသည်။

စီးပွားရေးလုပ်ငန်းများအတွက် Postpaid အစီအစဉ်များကို Telenor Myanmar နှင့် တိုက်ရိုက်ဆက်သွယ်ထားသော Enterprise Team များမှ တစ်ဆင့် ရောင်းချပေးမည်ဖြစ်ပြီး အခြား Telenor Users များသည် Postpaid အစီအစဉ်ကို မြို့ကြီးသုံးမြို့ရှိ Telenor အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်။ စီးပွားရေးလုပ်ငန်းများအတွက် ရောင်းချမှုအစီအစဉ်တွင် ကုမ္ပဏီတစ်ခုချင်းစီတိုင်းရှိဝန်ထမ်းများအတွက် အထူးသတ်မှတ်ထားသောဈေးနှုန်းနှင့် အသုံးပြုနိုင်မည့် အစီအစဉ်များလည်း ပါဝင်မည်ဖြစ်သည်။

Postpaid အစီအစဉ်များတွင် ဈေးနှုန်းအမျိုးမျိုးဖြင့် ထားရှိသွားမည်ဖြစ်ပြီး ၎င်း Postpaid အစီအစဉ်မှာယူသုံးစွဲမှုပိုများလာလျှင် သုံးစွဲသူများအတွက် အကျိုးခံစားခွင့် ပိုမိုရရှိနိုင်မည်ဖြစ်သည်။ Telenor Postpaid အသုံးပြုသူများအနေဖြင့် Smart Internet PayGo (2 mbps အထိ) ဖြင့် စတင်အသုံးပြုနိုင်မည်ဖြစ်ကာ SMART Internet Package (3) မျိုးဖြစ်သော Smart Pack (500) MB, Smart Pack (1) GB နှင့် Smart Pack (2) GB စသည်ဖြင့် ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။ Postpaid အသုံးပြုသူများသည် Prepaid စနစ်အသုံးပြုသူများကဲ့သို့ ဖုန်းခေါ်ဆိုမှု၊ စာတိုပေးပို့မှု၊ Roaming ၊ နိုင်ငံတကာသို့ ဖုန်းခေါ်ဆိုမှုများနှင့် ထပ်ဆောင်းဝန်ဆောင်မှုများအတွက် အကျိုးခံစားခွင့်အတူတူပင်ဖြစ်သည်။ Postpaid အသုံးပြုသူများအတွက် အထူးဝန်ဆောင်မှုအနေဖြင့် Call Centre (979) တွင်သီးသန့်ဝန်ဆောင်မှုပေးမည့်ဝန်ထမ်းများကို ထားရှိသွားမည်ဖြစ်ကြောင်းသိရသည်။MZ

## GMOACE Internet Company မှ Domain, Hosting နှင့် SSL များကို ပြည်တွင်း၌ ဝန်ဆောင်မှုပေးလျက်ရှိ

ဂျပန်နိုင်ငံရှိ GMO Internet နှင့် မြန်မာနိုင်ငံရှိ ACE Data System တို့ ပူးပေါင်း၍ GMOACE Company ကို 2014 ခုနှစ် နှစ်ကုန်ပိုင်းတွင်စတင်တည်ထောင်ခဲ့သည်။ မြန်မာနိုင်ငံတွင် Domain, Hosting နှင့် SSL (Secure Socket Layer)များကိုလွယ်လင့်တကူ ဝယ်ယူနိုင်စေရန်အတွက်စတင်ဝန်ဆောင်မှုပေးလျက်ရှိသည်။ GMOACE မှတာဝန်ရှိသူတစ်ဦးက"GMO internet Company ရဲ့Infrastructure အတိုင်း ဝန်ဆောင်မှုပေးနေပါတယ်၊ Data Center ကိုတော့ ဂျပန်နိုင်ငံနဲ့ စင်ကာပူနိုင်ငံတွေမှာထားရှိမှာပါ။ မြန်မာနိုင်ငံမှာလည်းCustomer Support Teamထားရှိခဲ့ပြီး 24 နာရီ၊ 7 ရက်ပတ်လုံးဝန်ဆောင်မှုပေးနေပါတယ်၊SSLကိုတော့ GMO Internet ရဲ့ Global Sign မှ SSL တွေကို ဝန်ဆောင်မှုပေးကာရောင်းချရုံသာမက SSL Installation အပိုင်းတွေကိုပါ ကူညီဆောင်ရွက်ပေးပါတယ်။ မြန်မာနိုင်ငံရဲ့ CCTLD တွေဖြစ်တဲ့gov .mm, .com.mm စတဲ့Domain တွေနဲ့ SSL အသုံးပြုတဲ့အခါမှာတွေ့ကြုံနေရတဲ့ verification အခက်အခဲတွေကို ကူညီဖြေရှင်းပေးလျက်ရှိပါတယ်။ SSLကိုအရေးကြီးတဲ့သတင်းအချက်အလက်တွေရှိသော Websiteများမှာအသုံးပြုသင့်ပါတယ်။ အခုဆိုရင် Bank, Hotel, Airlines, Travel & Tour Website တော်တော်များများက နိုင်ငံခြားPayment Gateway Company တွေနဲ့ချိတ်ဆက်ပြီး Product and Service တွေကို Visa Card, Master Card တွေနဲ့ Online ပေါ်ကနေဝယ်လို့ရအောင်လုပ်ဆောင်လာကြတာကို တွေ့ရပါတယ်။ ဒါပေမဲ့ အဲဒီ Website တော်တော်များမှာ SSL သုံးထားတာမတွေ့ရပါဘူး။ Credit card infromation တွေကို Payment Gateway မှာမှသုံးတယ်ဆိုပေမယ့်လည်းကိုယ့်ရဲ့Website မှာCustomer တွေရဲ့Personal information တွေSecure ဖြစ်ဖို့အတွက် Customer ရဲ့ ယုံကြည်မှုပိုမိုရရှိစေဖို့အတွက်SSLကိုသုံးသင့်ပါတယ်''ဟု ပြောသည်။ ယခုအခါ ပြည်တွင်းရှိ ဘဏ်အချို့တွင် Internet Banking Systemများကိုဝန်ဆောင်မှုပေးလျက်ရှိပြီးGMOACE ၏ SSL များကိုစတင်အသုံးပြုနေပြီဖြစ်သည်။မေးမြန်းလိုပါက၀၉၄၃၂၀၀၀၅ သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။ MZ

## မြန်မာနိုင်ငံအပါအဝင် အာရှနှင့် လက်တင်အမေရိကနိုင်ငံများရှိ ဈေးကွက်များ တိုးချဲ့လုပ်ကိုင်ရန် ရင်းနှီးမြှုပ်နှံငွေ အမေရိကန်ဒေါ်လာ (၂၅) သန်းကို Carmudi မှရရှိ

ကမ္ဘာ့အွန်လိုင်းကားအရောင်းအဝယ်လုပ်ငန်း၏ ဦးဆောင်ဈေးကွက် Carmudi သည် မြန်မာပြည်အပါအဝင် အာရှနှင့် လက်တင်အမေရိကနိုင်ငံများရှိ အွန်လိုင်းကား အရောင်းအဝယ်ဈေးကွက်များကို အားဖြည့်လုပ်ကိုင်ရန်အတွက် နိုင်ငံတကာအွန်လိုင်းစီးပွားရေးလုပ်ငန်းကြီးဖြစ်သော Rocket Internet က ပံ့ပိုးသည့် ရင်းနှီးမြှုပ်နှံငွေအမေရိကန်ဒေါ်လာ (၂၅)သန်းကို ရရှိခဲ့ကြောင်းသိရသည်။

ယခုကဲ့သို့ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရခြင်းက Carmudi ၏ စီးပွားရေးပုံစံကို အားပေးကြောင်းပြသခြင်းဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးတဲ့ အလားအလာကောင်းများကို မြင်တွေ့ရသည့်အတွက် ရင်းနှီးမြှုပ်နှံရခြင်းဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံသူများထဲမှ APACIG ၏ ပူးတွဲ အမှုဆောင်ချုပ်ဖြစ်သူ Koen Thijssen ကပြောသည်။

Carmudi ၏ ပူးတွဲတည်ထောင်သူနှင့် မန်နေဂျင်းဒါရိုက်တာ Stefan Haubold က ''ဒီရင်းနှီးမြှုပ်နှံမှုက ရရှိတဲ့ငွေကြေးကို အာရှနဲ့လက်တင်အမေရိကဒေသမှာရှိတဲ့ ကျွန်တော်တို့ရဲ့လုပ်ငန်းတွေတိုးချဲ့ရာမှာ အသုံးပြုသွားမှာပါ။ ကျွန်တော်တို့ရဲ့ပန်းတိုင်က Carmudi ရဲ့ ဈေးကွက်အားလုံးမှာ နံပါတ်တစ် ကားအရောင်းအဝယ်ဈေးကွက်တစ်ခုဖြစ်ဖို့ပါပဲ။ အာရှနဲ့လက်တင်အမေရိကမှာ အင်တာနက်အသုံးပြုသူ သန်း၃၀၀ ကျော်ရှိပြီး အဲ့ဒီဈေးကွက်မှ ဝယ်သူနှင့်ရောင်းသူများကိုကျွန်တော်တို့ရည်မှန်းထားပါတယ်။ လက်ပ်တော့ကွန်ပျူတာနဲ့ မိုဘိုင်းဖုန်းတွေကတစ်ဆင့်ကားတွေကို ဈေးဝယ်ထွက်နိုင်မယ့်အတွေ့အကြုံအသစ်ကို အဲ့ဒီနိုင်ငံတွေက ပြည်သူတွေဆီကို အရောက်သယ်ဆောင်ပေးမှာပါ'' ဟုပြောကြားခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုရရှိခြင်းမှာလည်း တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် မော်တော်ယာဉ်ပေါင်း သုံးသိန်းကျော်သည့် စိတ်ချ ယုံကြည်ဖွယ် အရောင်းစာရင်းများ၊ ကမ္ဘာ့နေရာအနှံ့ဈေးကွက်များ၏ ၅၀ ရာခိုင်နှုန်းကျော်အထိ သိသာထင်ရှားသော တိုးတက်မှုများကြောင့် ဖြစ်ကြောင်း သိရသည်။

၂၀၁၃ အောက်တိုဘာတွင် စတင်မိတ်ဆက်ခဲ့သည့် Carmudi သည် နိုင်ငံပေါင်း (၂၀) အထိ လျင်မြန်စွာတစ်ဆင့်ချင်းတိုးတက်လာခဲ့ပြီး ထိုအထဲတွင် အာရှဒေသမှ ခုနစ်နိုင်ငံ (မြန်မာ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ် ပါကစ္စတန်) နှင့် လက်တင်အမေရိကဒေသမှ မက္ကဆီကိုတို့ပါဝင်ခဲ့သည်။ ယင်းအတွက် ကား၊ မော်တော်ဆိုင်ကယ်နှင့် လုပ်ငန်းသုံး မော်တော်ယာဉ်များကို အွန်လိုင်းတွင် အလျင်မြန်ဆုံး၊ နည်းပညာပိုင်းဆန်းသစ်စွာဖြင့် အရောင်းအဝယ်ပြုလုပ်နိုင်သည့်စင်မြင့် (Platform) တစ်ခုအဖြစ် Carmudi ကို လူသိများကြသည်။

Carmudi ကို ရင်းနှီးမြှုပ်နှံသူများမှာ Rocket Internet နှင့် Ooredoo တို့ ပူးပေါင်းဖွဲ့စည်းတည်ထောင်သည့် Asia Pacific Internet Group (APACIG)၊ အင်တာနက်စီးပွားရေးရင်းနှီးမြှုပ်နှံမှု ဦးဆောင်ကုမ္ပဏီ Holtzbrinck Ventures၊ အင်တာနက်နှင့် ကဏ္ဍစုံလက်လီရောင်းချခြင်းဆိုင်ရာလုပ်ငန်း Tengelmann Group ၏ လုပ်ငန်းခွဲဖြစ်သည့် Tengelmann Ventures နှင့် တစ်သီးပုဂ္ဂလ ရင်းနှီးမြှုပ်နှံသူတစ်ဦးတို့ဖြစ်ပြီး အင်တာနက်ကို ခုမှစသုံးသူတွေကနေ အင်တာနက် ကျွမ်းကျင်သူတွေအထိ ရောင်းချခြင်းနဲ့ဝယ်ယူခြင်း လုပ်ငန်းစဉ်တွေကို ပိုမိုရိုးရှင်းလွယ်ကူစေရန် ကဏ္ဍအသစ်တစ်ရပ်အနေနှင့် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Carmudi.com ကို ၂၀၁၃ ခုနှစ်တွင်စတင်တည်ထောင်ခဲ့ပြီး လက်ရှိတွင် မြန်မာ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ကာတာ၊ ဆော်ဒီအာရေဗျ၊ ယူအေအီး၊ မက္ကဆီကို၊ ဘင်္ဂလားဒေ့ရှ်၊ ကင်မရွန်း၊ ဂါနာ၊ အိုင်ဗရီကို့စ်၊ နိုင်ဂျီးရီးယား၊ ပါကစ္စတန်၊ ဆီနီဂေါ၊ သီရိလင်္ကာနှင့် တန်ဇေးနီးယားနိုင်ငံများတွင် လုပ်ငန်းလည်ပတ်လျက်ရှိသည်။ ကားဝယ်လိုသူများ၊ ကားရောင်းချသူများနှင့် ကားအရောင်းအဝယ်ပြုလုပ်သူများအနေဖြင့် ကားများ၊ ဆိုင်ကယ်များနှင့် စီးပွားရေးလုပ်ငန်းသုံးယာဉ်များကို အွန်လိုင်းတွင် လွယ်ကူစွာရှာဖွေနိုင်ရန် ဝန်ဆောင်မှုပေးထားသည့် အွန်လိုင်းမော်တော်ယာဉ်ဈေးကွက်တစ်ခုလည်းဖြစ်သည်။ SM

## Channel NewsAsia ၏ "Start-Up" New Season 2015 တွင် မြန်မာနိုင်ငံမှ ကိုမင်းဇေယျာဖြိုးမှ နောက်ဆုံး Finalist 8 ယောက်တွင် ရွေးချယ်ခြင်းခံရ

Singapore အခြေစိုက် ရုပ်သံလိုင်းဖြစ်သော Channel NewsAsia (CAN) မှ စီစဉ်တင်ဆက်သော Start-Up Program Season 2 အား စီစဉ်ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံမှ ကိုမင်းဇေယျာဖြိုး (Code 2LAB Co-Founder) မှ ရွေးချယ်ခံခဲ့ရကြောင်းသိရသည်။

ကိုမင်းဇေယျာဖြိုး Smart Sale Market Software ကို အရင်ဆုံးတီထွင်ခဲ့ပြီး ယင်း Software ဖြင့် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။ Smart Sale Market ဆိုသည်မှာ စားသုံးသူများနှင့် Waiter များအကြား အဆင်ပြေလွယ်ကူစေရန် Tablet များကိုအသုံးပြု၍ Order မှာသည့်စနစ်ဖြစ်ပြီး data များအား သက်ဆိုင်ရာ အသီးသီးသို့ ခွဲဝေပို့ဆောင်ပေးသောကြောင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပိုမိုလွယ်ကူစွာချုပ်ကိုင်နိုင်သည့်အပြင် စားသုံးသူပြည်သူများနှင့် ဆိုင်ပိုင်ရှင်များကိုပါအကျိုးရှိစေသည့် Software တစ်ခုဖြစ်ပါသည်။ တိုးတက်ပြီးသားနိုင်ငံများကို မြန်မာနိုင်ငံကအမီလိုက်ဖို့အတွက် IT နည်းပညာတွေသာမကဘဲ စီးပွားရေးနယ်ပယ်များမှာပါ IT နည်းပညာကိုအသုံးချပြီး စွန့်ဦးတီထွင်မှုများရှိလာစေရန် Channel News Asia (CNA) အနေဖြင့် Asia Region အတွင်း ရွေးချယ်ခဲ့ရာ ကိုမင်းဇေယျာဖြိုးက မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် Final 8 ယောက်စာရင်းတွင် ပါဝင်ခဲ့ခြင်းဖြစ်သည်။ ''အခုလို Start-Up Platform ပေါ်ကို ရောက်ရှိခဲ့တာက Channel News Asia ရဲ့ Start-UP Program အစီအစဉ်ကြောင့်ပါ''ဟု ကိုမင်းဇေယျာဖြိုးမှ ပြောကြားခဲ့ပါသည်။

Start-UP Program သည် Asia Region အတွင်းရှိ စီးပွားရေးစွန့်စားလိုစိတ်ရှိသူများ၊ အနာဂတ်လူငယ်များအား ကိုယ်ပိုင်စွမ်းဆောင်ချက် စွန့်ဦးတီထွင်မှုများဖြင့် ကိုယ်ပိုင်လုပ်ငန်းတစ်ခုအား လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်သည်။

Channel NewsAsia (CNA) အနေဖြင့် Start-UP Program ကို မြန်မာနိုင်ငံသို့ လာရောက်ရွေးချယ်ခြင်းမှာဒုတိယမြောက်ဖြစ်ပြီး၊ နောက်လာမည့် Start-UPများတွင်အခွင့်အလမ်းများကောင်းမွန်စေပြီး Investment လုပ်ပေးရန် အမြဲရှာဖွေနေပါတယ် ဟု Channel NewsAsia (CNA) ၏ Start-UP Program မှ Judge တစ်ဦးဖြစ်သူ Mr. Leslie Loh ပြောကြားခဲ့သည်။ Start-Up Program အတွက် အများဆုံး 4 ယောက်ကို ရွေးချယ်သွားမှာဖြစ်ပြီး နောက်ဆုံး Winner 4 တွင် ရွေးချယ်ခြင်းခံရပါက SGD 2 million အားခွဲဝေ၍ Investment လုပ်ပေးမည်ဖြစ်ကြောင်းသိရသည်။ SM

## Citicom (Banana) တွင် Japan Brand NEC Product များကို Cash Back အစီအစဉ်များဖြင့် ဝယ်ယူနိုင်

2015 NEC Product Tour (Yangon) ကို ကျင်းပပြုလုပ်လျက်ရှိပြီး ဖေဖော်ဝါရီ (၂၇)၊ (၂၈)နှင့် မတ်လ (၁)ရက်နေ့တို့တွင် Junction Square ရှိ Citicom(Banana)အရောင်းဆိုင်တွင် ကျင်းပပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ ကွန်ပျူတာအဖြစ်သာမက Tablet အဖြစ်ပါ အသုံးပြုနိုင်သော 2 in 1 Windows PC Tablet များ၊ Branded MB Type i3 Desktop Set များ၊ Server Tower များ၊ Projector များနှင့် LED Wide Monitor များကို ငွေကျပ် (၅၀၀၀) မှ (၃၀၀၀၀) အထိ Cash Back အစီအစဉ်များဖြင့် ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။ ထို့အပြင် ဝယ်ယူသူတိုင်းကို NEC အမှတ်တံဆိပ်ပါရှိသော မေတ္တာလက်ဆောင်များ ပေးအပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း ၀၉ ၂၅၃၃ ၈၅၉၃ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်းသိရသည်။ MZ

## Lenovo မှ 2015 Chinese New Year Special Offer အစီအစဉ်ပြုလုပ်ပေးလျက်ရှိ

Lenovo မှ ယခုနှစ် ဖေဖော်ဝါရီ (၁၈)ရက်မှ (၂၈)ရက်နေ့အထိ Chinese New Year Special Offer အစီအစဉ်ပြုလုပ်ပေးလျက်ရှိကြောင်းသိရသည်။ ၎င်းအစီအစဉ်တွင် Lenovo Hardcore Gaming Notebook Y5070 ကို USD (1249) ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ပြီး Special Offer အနေဖြင့် Verbatim External Hard Drive (2) TB ကို ပေးအပ်သွားမည်ဖြစ်သည်။ထို့အပြင် Lenovo G4030 နှင့် Lenovo G5030 Notebook များကို USD (399) နှင့် Special Offer အတွက် Cash Back USD (30)၊ Lenovo G4070 Notebook ကို USD (429) နှင့် Cash Back USD (25) ကို အသီးသီးပေးအပ်သွားမည်ဖြစ်သည်။ဝယ်ယူလိုပါက ဖုန်း ၃၈၁၀၃၅ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်းသိရသည်။

PHONE REVIEW...

# LG G3 Stylus

LG ဟာ G3 ကို ထုတ်လုပ်ရောင်းချပြီးနောက် ပိုပြီးနာမည်ရ အောင်မြင်လာတာကို တွေ့ရပါတယ်။ သင့်တင့်တဲ့ဈေးနှုန်းကို အဓိကထားပြီး ထုတ်လုပ်လိုက်တဲ့ G3 Beat အပြင် LG ဟာ နောက်ထပ်အသစ်အဆန်း အနေနဲ့ G3 Stylus ကို မွေးထုတ်ပေးလိုက်တာပါ။ G3 Stylus ဆိုတဲ့ သူ့ရဲ့ ကိုယ်ပိုင်နာမည်အတိုင်း အသားပေးပြီး မိတ်ဆက်ချင်တာကတော့ Stylus ပဲ ဖြစ်ပါလိမ့်မယ်။ အခြားမိုဘိုင်းကုမ္ပဏီတွေက Stylus ပါဝင်တဲ့ စမတ်ဖုန်းဒီဇိုင်းတွေကို ထုတ်လုပ်ခဲ့ပေမယ့်လည်း LG ရဲ့ G3 Stylus ကတော့ အထင်ရှားဆုံးအဖြစ် မြင်တွေ့နိုင်ပါတယ်။ G3 Stylus ရဲ့ ဒီဇိုင်းပုံစံဟာ G3 နဲ့ တူနေသလိုထင်ရပေမယ့် အနည်းငယ်လေး ကွဲနေတဲ့အနေအထားကို ခံစားရမှာပါ။ Stylus Pen ကို 5.5 လက်မအရွယ် qHD display မှာ တို့ထိအသုံးပြုနိုင်မှာဖြစ်ပြီး အလေးချိန် 163 g ရှိလို့ ပေါ့ပါးစေပါတယ်။ LED Flash ပါဝင်တဲ့ 13 MP rear camera က panorama mode တွေပါ ရိုက်ပေးနိုင်ပါတယ်။ ရှေ့ဘက်ကင်မရာကိုတော့ 1.3 MP တပ်ဆင်ပေးထားပါတယ်။ G3 Stylus ကို Black၊ White၊ Gold အရောင်သုံးမျိုး စိတ်ကြိုက်ရွေးချယ် ဝယ်ယူနိုင်ပါတယ်။

### Design and Build

G3 Stylus ရဲ့ ကိုယ်ထည်ဒီဇိုင်းဟာ ပါးလွှာပြီး လေးထောင့်သဏ္ဍာန်ပုံစံမျိုးဖြစ်ပြီး G3 နဲ့မတူတဲ့ ပိုပြီးခမ်းနားလှပအောင် ပလတ်စတစ်ကိုပဲ အခြေခံပြီး ဆွဲဆောင်မှုရှိအောင် ဖွဲ့စည်းပေးထားပါတယ်။ ဖုန်းရဲ့ရှေ့မျက်နှာပြင်ဟာ ရိုးရှင်းပြီးလှပတဲ့ ပုံစံမျိုးဖြစ်ပြီး Power နဲ့ Volume ခလုတ်တွေကတော့ နောက်ဘက်ပိုင်းကင်မရာ lens နားမှာ အဆင်ပြေပြေ သုံးလို့ရအောင် တပ်ဆင်ပေးထားပါတယ်။ G3 Sylus ဟာ အရွယ်အစား အတော်လေးကြီးတယ်လို့ဆိုနိုင်ပြီး ကိုင်ဆောင်အသုံးပြုရာမှာတော့ အခက်အခဲမရှိလောက်ပါဘူး။ ဖုန်းဘေးဘောင်တွေဟာ အနည်းငယ်ကွေးပေးထားတာမို့ လက်ထဲမှာ မြဲမြဲစွာကိုင်တွယ်နိုင်ပါတယ်။ Headset နဲ့ micro-USB အပေါက်တွေကို ဖုန်းရဲ့အောက်ခြေမှာ အသုံးပြုလို့ရအောင် စီစဉ်ပေးထားတာဖြစ်ပါတယ်။ ဖုန်းရဲ့ power / lock button ကို Volume Key up and down ရဲ့ကြားမှာထည့်သွင်းပေးထားပြီး ကင်မရာရိုက်ကူးရာမှာလည်း အဲ့ခလုတ်ကို အသုံးပြုနိုင်မှာဖြစ်ပါတယ်။

### Display

LG G3 Stylus မှာ 5.5 လက်မအရွယ်ရှိ IPS LCD capacitive touch-screen qHD display ပါဝင်ပြီး G3 ထက် အရည်အသွေး အနည်းငယ်နိမ့်တဲ့ 540 x 960 resolution ရှိကာ pixel သိပ်သည်းဆ 200 ppi ရှိပါတယ်။ Stylus Pen ကိုလည်း သုံးစွဲရမှာကောင်းမွန်အောင် ဖန်တီးပေးထားပါတယ်။

### Operating System

LG G3 Stylus မှာ LG ရဲ့မူပိုင် UI ကို ထည့်သွင်းပေးထားပြီး Android 4.4.2 (KitKat) ကို အသုံးပြုနိုင်ပါတယ်။ Screen ကြီးကြီးကိုပိုပြီး အသုံးပြုရလွယ်ကူအောင် G3 မှာကဲ့သို့ Keyboard height ကိုလည်း လိုအပ်သလို ညှိနိုင်ပြီး ဖုန်းရဲ့ Screen ကို ၂ ချက်တို့ပြီး နောက်ဘက်ရှိ Power ခလုတ်ကို မနှိပ်ရဘဲ Screen ကို ဖွင့်နိုင်ပါတယ်။ Notification နဲ့ Shortcuts များကိုလည်း အသုံးပြုရလွယ်ကူအောင် ဖန်တီးပေးထားတာ တွေ့ရပါတယ်။

### Peformance

LG G3 Stylus မှာ Mediatek MT6582 Processor ပါဝင်ပြီး quad-core 1.3 GHz CPU ပါဝင်မှာ ဖြစ်ပါတယ်။ RAM 1 GB ကိုလည်း အသုံးပြုနိုင်ပြီး ဂရပ်ဖစ်အတွက် Mali - 400 MP2 ပါဝင်ပါတယ်။ ဖုန်းတွင်းသိုလှောင်မှုပမာဏအတွက် 8GB ပါရှိမှာဖြစ်ပြီး micro SD အသုံးပြုပြီး 32GB ထိ တိုးမြှင့်နိုင်ပါတယ်။ Accelerometer, proximity, compass အစရှိတဲ့ LG ရဲ့ App များကိုလည်း တွေ့မြင်နိုင်ပါတယ်။ ဖုန်းအတွက် ဘက်ထရီသက်တမ်းအားကောင်းတဲ့ Li-ion 3000 mAh ဘက်ထရီ သုံးစွဲပေးထားပါတယ်။




Specification

| | | |
|---|---|---|
| Display | : | 5.5 inches, IPS LCD capacitive touchscreen |
| Memory | : | 8GB, 1GB RAM, micro SD, up to 32GB |
| Camera | : | 13 Megapixel, 1.3 MP (Front), autofocus, LED Flash |
| OS | : | Android OS, v 4.4.2 (KitKat) |
| Phone | : | 01-398436 (UNIQUE Mobile) |

## Huawei Ascend G620s




Huawei Ascend G620s ကို 2G, 3G Network များမှာ အသုံးပြုနိုင်ပြီး micro-SIM အမျိုးအစား ဖြစ်ပါတယ်။ (5.63x2.83x0.33) လက်မအရွယ်အစားဖြစ်ပြီး အလေးချိန် 160 g ရှိမှာ ဖြစ်ပါတယ်။ IPS LCD capacitive touchscreen ဖြစ်ပြီး 5 လက်မအရွယ် Display ပါဝင်ပါတယ်။ ရုပ်ပုံသိပ်သည်းဆ 294 ppi ဖြစ်ပြီး 720 x 1280 pixels HD resolution ကို ပံ့ပိုးပေးနိုင်ပါတယ်။ Ascend G620s မှာ Android OS 4.4.2 (KitKat) ထည့်ပေးထားပြီး Emotion UI 3.0 ကိုပါ တွဲဖက်အသုံးပြုနိုင်ပါလိမ့်မယ်။ အဓိကကင်မရာဟာ 8MP ဖြစ်ပြီး LED Flash ပါဝင်ပါတယ်။ ရှေ့ဘက်ကင်မရာက 2MP ကို တပ်ဆင်ပေးထားပါတယ်။ ဖုန်းရဲ့စွမ်းဆောင်ရည်ပိုင်းအတွက် Qualcomm Snapdragon 410 quad-core 1.2GHz processor ပါဝင်ပြီး Adreno 306 ကိုဂရပ်ဖစ်အတွက်နဲ့ 1GB RAM ကိုပါ ထည့်သွင်းပေးထားပါတယ်။ ဖုန်းတွင်းသိုလှောင်မှုပမာဏ 8GB ပါရှိပြီး micro SD အသုံးပြုပြီး 32GB ထိ ထပ်မံတိုးမြှင့်နိုင်ပါတယ်။ ဖုန်းအတွက် Li-Po 2000 mAh ဘက်ထရီ တပ်ဆင်ပေးထားပါတယ်။

Specification

| | | |
|---|---|---|
| Display | : | 5.0 inches, IPS LCD capacitive touchscreen |
| Memory | : | 8GB, 1GB RAM, micro SD, up to 32GB |
| Camera | : | 8 Megapixel, 2 MP (front), autofocus, LED flash |
| OS | : | Android OS, v 4.4.2 (KitKat) |
| Phone | : | 01-371923 (AMT Mobile) |

## Xiaomi Redmi 2




Xiaomi Redmi 2 ဟာ Dual-SIM အမျိုးအစားဖြစ်ပြီး 2G, 3G, 4G Network များမှာ အသုံးပြုနိုင်ပါတယ်။ (5.28 x 2.65 x 0.37) လက်မ အရွယ်အစားနှင့် 133 g အလေးချိန်ရှိပါတယ်။ IPS LCD capacitive touchscreen အမျိုးအစားဖြစ်ပြီး 4.7 လက်မအရွယ် Display က 720 x 1280 pixels HD resolution ပေးစွမ်းနိုင်ပါတယ်။ ဖုန်းမျက်နှာပြင်ကို ကာကွယ်ပေးဖို့ Corning Gorilla Glass 2 ကို ထည့်သွင်းပေးထားပါတယ်။ Redmi 2 မှာ Android OS 4.4.4 (KitKat) ကို MIUI 6.0 နဲ့ တွဲဖက်အသုံးပြုနိုင်ပါတယ်။ ဖုန်းရဲ့အဓိကကင်မရာဟာ 8MP ဖြစ်ပြီး LED Flash လည်း ပါဝင်ပါတယ်။ Full HD 1080p ဗီဒီယိုကို 30 fps နဲ့ ရိုက်ကူးပေးနိုင်ပါတယ်။ ဖုန်းအတွက်စွမ်းဆောင်ရည်ပိုင်းကို Qualcomm Snapdragon 410 processor က quad-core 1.2 GHz မြန်နှုန်းနဲ့ အလုပ်လုပ်ပေးပြီး ဂရပ်ဖစ်ပိုင်းကိုတော့ Adreno 306 ပါဝင်ပါတယ်။ RAM 1GB နဲ့ 8GB internal storage ပါရှိမှာဖြစ်ပြီး လိုအပ်လျှင် micro SD နဲ့ 32GB ထိ တိုးမြှင့်နိုင်ပါတယ်။ ဖုန်းအတွက် Li-Po 2200 mAh ဘက်ထရီ သုံးစွဲပေးထားပါတယ်။

Specification

| | | |
|---|---|---|
| Display | : | 4.7 inches, IPS LCD capacitive touchscreen |
| Memory | : | 8GB, 1GB RAM, micro SD, up to 32GB |
| Camera | : | 8 Megapixel, 2MP (front), autofocus, LED flash |
| OS | : | Android OS, v 4.4.4 (KitKat) |
| Phone | : | 01-225649 (My Mobile) |

## Nokia Lumia 1320

Nokia Lumia 1320 ကို 2G, 3G, 4G Network များမှာ အသုံးပြုနိုင်ပြီး micro-SIM အမျိုးအစားဖြစ်ပါတယ်။ 16.46 x 3.38 x 0.391 လက်မအရွယ်အစားဖြစ်ပြီး 220 g လေးပါတယ်။ ၆ လက်မအရွယ်ဖြစ်ပြီး 720 x 1280 pixel HD resolution ကို ခံစားကြည့်ရှုနိုင်ပါတယ်။ ClearBlack display ဖြစ်တာမို့ ကြည်လင်ပြတ်သားမှုကို ထောက်ပံ့ပေးနိုင်ပါတယ်။ Corning Gorilla Glass 3 ကလည်း ဖုန်းကိုအကြမ်းအတမ်းခံနိုင်ရန် ကာကွယ်ပေးပါတယ်။ Lumia 1320 ဟာ Microsoft Windows Phone 8 ဖြစ်ပြီး 8.1 ထိ ထပ်မံတိုးမြှင့်နိုင်ပါတယ်။ စွမ်းဆောင်ရည်ပိုင်းကို Qualcomm Snapdragon 400 Chipset Dual-core 1.7GHz Processor က ဆောင်ရွက်ပေးပြီး Adreno 305 ဂရပ်ဖစ်ပါဝင်မှာ ဖြစ်ပါတယ်။ 5MP rear ကင်မရာပါဝင်မှာဖြစ်ပြီး ¼" sensor ပါဝင်ကာ 1080 p Full HD ဗီဒီယိုများကို 30 fps နဲ့ ရိုက်ကူးပေးနိုင်ပါတယ်။ ဖုန်းတွင်းသိုလှောင်မှုပမာဏ 8GB ပါရှိမှာဖြစ်ပြီး 64GB ထိ micro SD တိုးမြှင့်နိုင်ပါတယ်။ Non-removable Li-Ion 3400 mAh ဘက်ထရီ အသုံးပြုပေးပါတယ်။




Specification

| | | |
|---|---|---|
| Display | : | 6.0 inches, IPS LCD capacitive touchscreen |
| Memory | : | 8GB, 1GB RAM, micro SD, up to 64GB |
| Camera | : | 5 Megapixel, autofocus, LED flash, geo-tagging |
| OS | : | Microsoft Windows Phone 8, upgradeable to v 8.1 |
| Phone | : | 01-371923 (AMT Mobile) |

# KEY SPECS Comparison PHONE





## Samsung Galaxy Note 4 VS iPhone 6 Plus

Samsung Galaxy Note 4 ဟာ ၂၀၁၅ ခုနှစ်အတွင်း Note 5 မထွက်ပေါ်လာမီ အချိန်ကာလတစ်ခုအထိ လူတိုင်းသဘောကျပြီး ရောင်းအားအကောင်းဆုံး နေရာတစ်နေရာမှာ ရှိနေမှာဖြစ်ပါတယ်။ 5.7 လက်မအရွယ် display ဖုန်းဟာ SPen ကို အလွယ်တကူပုံဆွဲ စာရေးမှတ်ဖို့အတွက် ထူးခြားတဲ့ feature တစ်ခုလည်းဖြစ်ပါတယ်။ Samsung Galaxy Note 4 ကို ပြောင်းလဲသွားစေတာကတော့ 2K QHD screen ပဲ ဖြစ်ပါလိမ့်မယ်၊ Android OS 4.4.4 (KitKat) ကို ထည့်ပေးထားပြီး 5.0 (Lollipop) ထိ တိုးမြှင့်နိုင်ပါတယ်၊ 16MP rear camera ကို အသုံးပြုပြီး 2160p 2K အရည်အသွေးရှိဗီဒီယိုများကိုလည်း 30fps နဲ့ ရိုက်ကူးနိုင်ပါတယ်။ Note 4 အတွက် အားသွင်းရတာ လျင်မြန်စေတဲ့ Li-Ion 3220mAh ဘက်ထရီ သုံးစွဲပေးထားပါတယ်။ Apple တံဆိပ်ကို မြတ်နိုးသူတိုင်းအတွက် iPhone 6 Plus က 5.5 လက်မအရွယ် display နဲ့ ထူးခြားစွာပေါ်ထွက်လာတာပါ။ Storage အတွက် 16GB/64GB/128GB ၃ မျိုးရွေးချယ်စရာရှိပြီး card slot ပါဝင်ခြင်း မရှိပါဘူး။ 1/3" sensor ပါဝင်ကာ 8MP camera အမျိုးအစားကို သုံးပေးထားပြီး Full HD ဗီဒီယိုတွေအတွက် အသုံးပြုနိုင်ပါတယ်။

### 1 Design

Samsung Galaxy Note 4 မှာ ထူးခြားတဲ့သတ္တုဘောင်တွေကို အခြေခံပြီး ဖွဲ့စည်းထားတဲ့ဒီဇိုင်းကြောင့် အတော်လေးဆွဲဆောင်မှုရှိပါတယ်။ အနောက်ဘက်ကိုတော့ ပုံမှန်အတိုင်း ပလတ်စတစ်ကိုပဲ အသုံးပြုထားလို့ သက်သက်သာသာ ကိုင်ဆောင်နိုင်ပါတယ်။





iPhone 6 Plus ဟာ 6.22 လက်မအမြင့်နဲ့ 3.06 လက်မအကျယ်ရှိတာမို့ အရွယ်အစားကြီးကြီး ဖုန်းတစ်လုံးအဖြစ် သတ်မှတ်လို့ရပါတယ်။ ဘေးဘောင်တွေ အနည်းငယ်ခုံးနေတဲ့ပုံစံကို အသားပေးထားပြီး ကိုယ်ထည်တစ်ခုလုံးကို သတ္တုနဲ့ ဖုံးအုပ်ပေးထားပါတယ်။

### 2 Processor

Galaxy Note 4 ဟာ စွမ်းဆောင်ရည်အတွက် Snapdragon 805 processor ကို ထည့်သွင်းပေးထားပြီး quad-core 2.7GHz မြန်နှုန်းနဲ့ 3GB RAM ပါဝင်ပါတယ်။ Graphic အတွက်ကိုတော့ Adreno 420 ပါရှိမှာ ဖြစ်ပါတယ်။





iPhone 6 Plus မှာတော့ Apple A8 Dual-core 1.4GHz မြန်နှုန်းရှိ processor ပါဝင်ပြီး 1GB RAM နဲ့ ထောက်ပံ့မှုပေးထားပါတယ်။ Graphic ကတော့ PowerVR GX6450 ဖြစ်တာမို့ အလုပ်ကောင်းကောင်း လုပ်ပေးနိုင်ပါလိမ့်မယ်။

### 3 Display

5.7 လက်မ display ကိုသာ ဆက်လက်သုံးထားပေမယ့် ရုပ်ထွက်အရည်အသွေး အကောင်းဆုံးဖြစ်အောင် 1440 x 2560 pixels quad HD ပါဝင်မှာဖြစ်ပါတယ်။ Super AMOLED display ဖြစ်ပြီး 515 ppi ရုပ်ပုံသိပ်သည်းဆကြောင့် ကြည်လင်ပြတ်သားစေပါတယ်။





iPhone 6 Plus ကို LED-backlit IPS LCD touchscreen ထည့်ပေးထားပြီး 5.5 လက်မအရွယ် display က 1080 x 1920 Full HD resolution နဲ့ pixel density 401 ppi ရရှိအောင် ထောက်ပံ့ပေးပါတယ်။ ခြစ်ရာမှန်းရာဒဏ်ကာကွယ်နိုင်တဲ့ shatter proof glass ကို သုံးပေးထားပါတယ်။

### 4 Verdict

Samsung Galaxy Note 4 ဟာ ၂၀၁၄ နဲ့ ၂၀၁၅ ခုနှစ်မှာ အကောင်းဆုံးစမတ်ဖုန်းတစ်လုံးအဖြစ် ရပ်တည်နေမှာဖြစ်ပြီး နောက်ဆုံးပေါ် SPen stylus ကို အဆင့်မြင့်မြင့် အသုံးချနိုင်ပါတယ်။ Finger-print sensor လည်း ပါဝင်တာမို့ ပြီးပြည့်စုံပြီး လူတိုင်းသဘောကျနှစ်သက်ပါလိမ့်မယ်။

SAMSUNG

iPhone 6 Plus မှာ 5.5 လက်မအရွယ် screen ဟာ Apple ရဲ့ ထုတ်ကုန်တွေအနက် အကြီးဆုံးအရွယ်အစား ဖုန်းတစ်လုံးအဖြစ် သတ်မှတ်နိုင်ပါတယ်။ နောက်ဆုံးပေါ် feature တွေကိုပါ ထည့်သွင်းပေးထားတာဖြစ်ပြီး Hardware ပိုင်းအရ မြင့်မားပြီး ရေရှည်သုံးစွဲနိုင်ဖို့အတွက် အသင့်တော်ဆုံး ဖြစ်ပါတယ်။

# PHONE GADGETS IN THIS WEEK

### Mobile Power



Price : 10,000 Ks
Phone : 09-254922044
*UniTel Mobile*

### 10 in 1 Charger



Price : 3,500 Ks
Phone : 09-254922044
*UniTel Mobile*

### Alloy Frame for iPhone 6 Plus



Price : 9,000 Ks
Phone : 09-254922044
*UniTel Mobile*

### Alloy Frame for Galaxy Note 4



Price : 9,000 Ks
Phone : 09-254922044
*UniTel Mobile*

### Mini A8 (GSM SIM Slot for GPS)



Price : 26,000 Ks
Phone : 09-49442409
*Everytime*

### GSM SIM Slot for Voice Recording



Price : 30,000 Ks
Phone : 09-49442409
*Everytime*

### TP-Link (Power Bank & Mobiel Wi-Fi)



Price : 78,000 Ks
Phone : 01-215353
*I.C.E*

### OPPO Bluetooth Headset



Price : 15,000 Ks
Phone : 09-73215999
*Mighty Force*

# MOBILE USED PHONE

## 1. LG G3

Price : 320,000 Ks



| | |
|---|---|
| Network | 2G, 3G, 4G |
| Display | 5.5", True HD-IPS + LCD capacitive touchscreen |
| Memory | 16GB, 2GB RAM |
| Camera | 13 Megapixel, 4160 x 3120 pixels, autofocus, dual-LED flash |
| Connectivity | GPRS, EDGE, WLAN, Bluetooth |
| OS | Android OS, v 4.4.2 (KitKat) |

## 2. Samsung Galaxy Note 4

Price : 590,000 Ks



| | |
|---|---|
| Network | 2G, 3G, 4G |
| Display | 5.7", Super AMOLED capacitive touchscreen |
| Memory | 32GB, 3GB RAM |
| Camera | 16 Megapixel, 5312 x 2988 pixels, autofocus, LED flash |
| Connectivity | GPRS, EDGE, WLAN, Bluetooth |
| OS | Android OS, v 4.4.4 (KitKat), planned upgrade to v 5.0 (Lollipop) |

## 3. OPPO Find 7a

Price : 220,000 Ks



| | |
|---|---|
| Network | 2G, 3G, 4G |
| Display | 5.5", 1080 x 1920 pixels, IPS LCD capacitive touchscreen |
| Memory | 16GB, 2GB RAM |
| Camera | 13 Megapixel, 4160 x 3120 pixels, autofocus, dual-LED flash |
| Connectivity | GPRS, EDGE, WLAN, Bluetooth |
| OS | Android OS, v 4.3 (Jelly Bean) |

## 4. Sony Xperia M2

Price : 150,000 Ks



| | |
|---|---|
| Network | 2G, 3G, 4G |
| Display | 4.8", 540 x 960 pixels, TFT capacitive touchscreen |
| Memory | 8GB, 1GB RAM micro SD, up to 32GB |
| Camera | 8 Megapixel, 3264 x 2448 pixels, autofocus, LED flash |
| Connectivity | GPRS, EDGE, WLAN, Bluetooth |
| OS | Android OS, v 4.3 (Jelly Bean) |

## 5. Apple iPhone 4S

Price : 180,000 Ks



| | |
|---|---|
| Network | 2G, 3G |
| Display | 3.5", LED-backlit IPS LCD, capacitive touchscreen |
| Memory | 16GB, 512MB RAM |
| Camera | 8 Megapixel, 3264 x 2448 pixels, autofocus, LED flash |
| Connectivity | GPRS, EDGE, WLAN, Bluetooth |
| OS | iOS 5, upgradable to iOS 7.1.2, upgradable to iOS 8.1.3 |

## 6. Sony Xperia Z1

Price : 255,000 Ks



| | |
|---|---|
| Network | 2G, 3G, 4G |
| Display | 5.0", 1080 x 1920 pixels, TFT capacitive touchscreen |
| Memory | 16GB, 2GB RAM micro SD, up to 64GB |
| Camera | 20.7 Megapixel, autofocus, LED flash |
| Connectivity | GPRS, EDGE, WLAN, Bluetooth |
| OS | Android OS, v 4.2 (Jelly Bean) |

အထက်ပါအချက်အလက်များကို www.ads.com.mm ဖုန်း-၀၁-၃၂၂၂၈၃၇ မှ ကူညီပံ့ပိုးပါသည်။

ဝိုင်းရောင်းချလိုသော Used Phone ပုံနှင့် အချက်အလက် အပြည့်အစုံကို netguidemyanmar@gmail.com သို့ ပေးပို့နိုင်ပါသည်။

## Preview

### Asus Zenfone 2



| | |
|---|---|
| Network | 2G, 3G, 4G |
| Announced | 2015, January |
| Status | Coming soon. Exp. release 2015, March |
| Dimensions | 152.5 x 77.2 x 10.9 mm |
| Display | 5.5", (1080 x 1920 pixels), IPS capacitive touchscreen |
| Memory | 16GB, 2GB RAM, micro SD, up to 64GB |
| Camera | 13 Megapixels, (4128 x 3096 pixels) / 5 Megapixels autofocus, dual-LED (dual tone) flash |
| Connectivity | GPRS, EDGE, WLAN, Bluetooth, USB |
| Multimedia | MP3, MP4, Video |
| CPU | Quad-core 2.3GHz & Quad-core 1.8GHz |
| Sensors | Accelerometer, gyro, proximity, compass |
| OS | Android OS, v 5.0 (Lollipop) |
| Battery | Non-removable Li-Po 3000 mAh battery |
| Weight | 170 g |

Asus ဟာ Zenefone 2 ကို Las Vegas မြို့မှာကျင်းပတဲ့ CES ပွဲမှာ တရားဝင်ပွဲထုတ်ပြသလိုက်တာဖြစ်ပြီး ခြေလှမ်းသစ်တစ်ခုအနေနဲ့ဈေးကွက်ထဲရောက်ရှိလာတော့မှာဖြစ်ပါတယ်။ Zenfone 2 ဟာ အရောင်မျိုးစုံနဲ့ခံစားမြင်တွေ့နိုင်မယ့် ပလတ်စတစ်ကိုယ်ထည်ကိုသုံးပေးထားတာတွေ့နိုင်ပါတယ်။ ပလတ်စတစ်ကိုအဓိကထားတည်ဆောက်ထားပေမယ့်လည်း ပေါ့ပါးပြီးကျစ်ကျစ်လျစ်လျစ်ရှိလို့ လက်ထဲမှာရော အိတ်ဆောင်အနေနဲ့ပါကိုင်တွယ်ရတာအဆင်ပြေနူးညံ့စေပါတယ်။ ကာလာအရောင်အသွေးအဖြစ် Osmium Black, Sheer Gold, Glacier Gray, Glamor Red နဲ့ Ceramic White တို့ကို အလွယ်တကူရွေးချယ်နိုင်ဖို့ ဖန်တီးပေးထားပါတယ်။ ၅ ၊ ၅ လက်မအရွယ် 1080 x 1920 Pixels Full HD Resolution ရအောင်ပံ့ပိုးပေးထားတဲ့ Display ပါဝင်တာကလည်း သဘောကျစရာကောင်းပါတယ်။ Zenfone 2 ရဲ့ Display ကို IPS Capacitive Touchscreen အမျိုးအစားကိုသုံးပေးထားပြီး ရုပ်ထွက်ကြည်လင်ပြတ်သားစေဖို့အတွက် 403 ppi Pixel သိပ်သည်းဆပါဝင်ပါတယ်။ Screen အရွယ်အစားနှင့်မျှတတဲ့ရုပ်ထွက်အရည်အသွေးကို ထိန်းထားပေးနိုင်တာကလည်း အားသာချက်လို့ဆိုနိုင်ပါတယ်။ ဖုန်းအတွက် စိတ်ချသေချာအောင် ပွန်းပဲ့ခြစ်ရာဒဏ်မှကာကွယ်ပေးနိုင်ပြီး အကြမ်းဒဏ်ခံနိုင်စေဖို့ရည်ရွယ်ပြီး Coming Gorilla Glass 3 ကိုထည့်သွင်းပေးထားပါတယ်။

Zenfone 2 မှာ Android အပေါ်ကနေထပ်သုံးပေးထားတဲ့ Asus ZenUI ရဲ့ကောင်းမွန်မှုကိုလည်းတွေ့နိုင်ပါတယ်။ Android OS 5.0 (Lollipop) ကို ခေတ်နဲ့အညီ အဆင်မြင်မြင်သုံးနိုင်အောင်လည်း ထည့်ပေးထားတာမို့ သုံးစွဲသူစိတ်ကြိုက်ဖြစ်စေမယ့်အချက်တစ်ခုဆိုလည်း မမှားပါဘူး။ Zenfone 2 ကိုအလုပ်ကောင်းကောင်းဆောင်ရွက်နိုင်ဖို့အတွက် Intel Atom Z3580 Chipset ကိုအသုံးပြုပေးထားပြီး iPhone 6 ထက်ပိုအားကောင်းတဲ့ Quad-core 2.3GHz မြန်နှုန်းနဲ့စွမ်းဆောင်ရည်မြင့်မားအောင် ဆောင်ရွက်ပေးနိုင်တာကိုတွေ့နိုင်ပါတယ်။ 4GB RAM ကိုလည်းထောက်ပံ့ပေးထားပါတယ်။ ဂိမ်းနဲ့ Multimedia တွေအတွက် Internal Storage ကို 64GB ထားရှိပေးထားပြီး လိုအပ်ခဲ့လျှင် Micro SD အသုံးပြုပြီး 64GB ထိတိုးမြှင့်အသုံးပြုနိုင်ပါတယ်။ ဖုန်းတစ်လုံးအတွက် သင့်တော်တဲ့ Storage ကိုထည့်သွင်းပေးထားလို့ စိတ်ကြိုက်သုံးစွဲနိုင်ပြီး လုံလုံလောက်လောက်ဖြစ်ပါလိမ့်မယ်။

Asus Zenfone 2 ဟာ ဓာတ်ပုံရိုက်ကူးရာမှာ အရှေ့ကော၊ အနောက်ကိုပါ အလင်းပေးနိုင်တဲ့ Dual-LED (Dual Tone) Flash ပါဝင်နေတာကိုသတိထားမိမှာပါ။ အနောက်ဘက်ကင်မရာအတွက် Full HD ဗီဒီယိုတွေကို ပုံဖော်ရိုက်ကူးပေးနိုင်တဲ့ 13MP ကင်မရာရဲ့အစွမ်းကိုလည်း ကြည့်ရှုနိုင်ပါတယ်။ Selfie ပုံတွေအတွက် အရည်အသွေးအကောင်းဆုံးနီးပါးကျေနပ်မှုပေးစွမ်းနိုင်တဲ့ 5MP Secondary ကင်မရာကိုလည်းတပ်ဆင်ပေးထားပါတယ်။ Beautification နဲ့ Manual Mode တွေကိုလည်း စိတ်ကြိုက်ပြောင်းလဲပြီး ရိုက်နိုင်ပါသေးတယ်။ ဘက်ထရီသက်တမ်းကြာရှည်ခံပြီး အချိန်အတော်ကြာအသုံးခံနိုင်ဖို့ Li-Po 3000 mAh ဘက်ထရီထည့်သွင်းပေးထားပါတယ်။ အားသွင်းချိန်ပိုမိုမြန်ဆန်စွာအားသွင်းနိုင်မှာဖြစ်ပြီး မိနစ် ၄၀ လျှင် ၆၀% အားမြန်မြန်တက်နှုန်းကိုရရှိမှာဖြစ်လို့ Intel ရဲ့နည်းပညာကို ကျေးဇူးအထူးတင်ရမှာဖြစ်ပါတယ်။

## LG Phone Comparison

| | LG G3 | LG Optimus G Pro | LG Nexus 5 | LG G Flex |
|---|---|---|---|---|
| |  |  |  |  |
| Network | 2G, 3G, 4G | 2G, 3G, 4G | 2G, 3G, 4G | 2G, 3G, 4G |
| Weight | 149 g | 172 g | 130 g | 177 g |
| Connectivity | GPRS, EDGE, WLAN, Bluetooth, USB | GPRS, EDGE, WLAN, Bluetooth, USB | GPRS, EDGE, WLAN, Bluetooth, USB | GPRS, EDGE, WLAN, Bluetooth, USB |
| Operating System | Android OS, v 4.4.2 (KitKat) | Android OS, v 4.1.2 (Jelly Bean) | Android OS, v 5.0 (Lollipop) | Android OS, v 4.2.2 (Jelly Bean) |
| Dimensions (mm) | 146.3 x 74.6 x 8.9 | 150.2 x 76.1 x 9.4 | 137.9 x 69.2 x 8.6 | 160.5 x 81.6 x 8.7 |
| Camera (rear/front) | 13 MP / 2.1 MP | 13 MP / 2.1 MP | 8 MP / 1.3 MP | 13 MP / 2.1 MP |
| CPU | Quad-core 2.5GHz Krait 400 | Quad-core 1.7GHz Krait 300 | Quad-core 2.3GHz Krait 400 | Quad-core 2.26GHz Krait 400 |
| Display | 5.5", True HD-IPS + LCD (1440 x 2560 pixels) | 5.5", True HD-IPS + LCD (1080 x 1920 pixels) | 4.95", True HD-IPS + LCD (1080 x 1920 pixels) | 6.0", Curved P-OLED (720 x 1280 pixels) |
| Memory | 16GB, 2GB RAM micro SD, up to 128GB | 16GB, 2GB RAM micro SD, up to 64GB | 16GB, 2GB RAM (No Card Slot) | 32GB, 2GB RAM (No Card Slot) |
| Price | 635,000 Ks | 559,000 Ks | 489,000 Ks | 435,000 Ks |
| Phone | 01-371924 | 01-371923 | 01-371923 | 01-371924 |

## Affordable Phones



### 1. Intex Aqua Q3
Price : 99,000 Ks

Network : GSM + WCDMA (2G + 3G)
Display : 4.5",FWVGA IPS capacitive touchscreen
Memory : Internal 8GB, micro SD, up to 32GB
Camera : 8Megapixel, front 1.3 Megapixel
Connectivity : GPRS, EDGE, WLAN, Bluetooth
OS : Android OS, v 4.4.2 (KitKat)
Phone : 01-381904



### 2. Huawei Ascend Y330
Price : 65,000 Ks

Network : GSM/ HSPA (2G / 3G)
Display : 4",TFT capacitive touchscreen
Memory : Internal 4GB, micro SD, up to 32GB
Camera : 3.15 Megapixel, Geo-tagging,
Connectivity : GPRS, EDGE,WLAN, Bluetooth
OS : Android OS, v 4.2 (Jelly Bean)
Phone : 09-259909992



### 3. Nokia X A110
Price : 100,000 Ks

Network : 2G, 3G
Display : 4", IPS LCD capacitive touchscreen
Memory : Internal 4GB,micro SD,up to 32GB
Camera : 3.15 Megapixel
Connectivity : GPRS, EDGE, WLAN, Bluetooth
OS : Android OS, v 4.1.2(Jelly Bean)
Phone : 01-371923

## Featured Phones



### 1. Huawei Honor G620s
Price : 136,000 Ks

Network : 2G, 3G, 4G
Display : 5",IPS LCD capacitive touchscreen
Memory : Internal 8GB, micro SD, up to 32GB
Camera : 8 Megapixel,autofocus, LED flash
Connectivity : GPRS, EDGE, WLAN, Bluetooth
OS : Android OS v 4.4.2 (KitKat)
Phone : 09-259909991



### 2. Xiaomi Redmi 2
Price : 145,000 Ks

Network : 2G, 3G, 4G
Display : 4.7", IPS LCD capacitive touchscreen
Memory : Internal 8/16GB, micro SD, up to 32GB
Camera : 8 Megapixel, autofocus LED flash
Connectivity : GPRS, EDGE, WLAN, Bluetooth
OS : Android OS, v 4.4.4 (KitKat)
Phone : 09-73240000



### 3. Huawei Holly (16GB)
Price : 115,000 Ks

Network : 2G, 3G
Display : 5", IPS LCD capacitive touchscreen
Memory : Internal 16GB, micro SD, up to 32GB
Camera : 8 Megapixel,autofocus, LED flash
Connectivity : GPRS, EDGE,WLAN, Bluetooth
OS : Android OS, v 4.4.2 (KitKat)
Phone : 09-259909993

## New Entries Phones



### 1. Intex Aqua Star II
Price : 129,000 Ks

Network : GSM + WCDMA (2G/3G)
Display : 5",FWVGA IPS capacitive touchscreen
Memory : Internal 8GB,micro SD, up to 32GB
Camera : 8 Megapixel, front 5 Megapixel
Connectivity : GPRS, EDGE, WLAN, Bluetooth
OS : Android OS v 4.4.2 (KitKat)
Phone : 01-381904



### 2. Samsung Galaxy E5
Price : 279,000 Ks

Network : 2G, 3G
Display : 5",Super AMOLED capacitive touchscreen
Memory : Internal 16GB, micro SD, up to 64GB
Camera : 8 Megapixel,front 5 megapixel
Connectivity : GPRS, EDGE, WLAN, Bluetooth
OS : Android OS v 4.4.4(KitKat)
Phone : 01-398436



### 3. Intex Aqua Power
Price : 169,000 Ks

Network : GSM + WCDMA(2G/3G)
Display : 5", FWVGA IPS capacitive touchscreen
Memory : Internal 8GB, micro SD, up to 32GB
Camera : 8 Megapixel, front 2 Megapixel
Connectivity : GPRS, EDGE, WLAN, Bluetooth
OS : Android OS, v 4.4.2 (KitKat)
Phone : 01-381904

## CDMA Phones



### 1. Huawei G730
Price : 120,000Ks

Network : 2G, 3G, 800MHz
Display : 5.5", IPS LCD capacitive touchscreen
Memory : Internal 4GB,micro SD, up to 64GB
Camera : 8 Megapixel, front 2 Megapixel
Connectivity : GPRS, EDGE, WLAN, Bluetooth
OS : Android OS v 4.2 (Jelly Bean)
Phone : 01-371923



### 2. Samsung Galaxy Mega Plus
Price : 322,000 Ks

Network : GSM + CDMA 800MHz
Display : 5.8",TFT capacitive touchscreen
Memory : Internal 8GB, micro SD, up to 64GB
Camera : 8 Megapixel, autofocus, LED flash
Connectivity : GPRS, EDGE, WLAN, Bluetooth
OS : Android OS v 4.2.2 (Jelly Bean)
Phone : 01-398244



### 3. Huawei Ascend P7
Price : 349,000 Ks

Network : 2G, 3G, 4G, GSM, CDMA 800MHz
Display : 5",IPS LCD capacitive touchscreen
Memory : Internal 16GB,micro SD, up to 64GB
Camera : 13 Megapixel, LED flash, front 8MP
Connectivity : GPRS, EDGE, WLAN, Bluetooth
OS : Android OS, v 4.4.2 (KitKat)
Phone : 09-259909991

# TOP 10 SMART PHONES



### 1. Intex Aqua Xtreme (219,000 Ks)

Network : 2G, 3G
Display : 5",HD IPS capacitive touchscreen
Memory : Internal 32GB
Camera : 13 Megapixel, Front 5 Megapixel
Connectivity : GPRS, EDGE, WLAN, Bluetooth, USB
OS : Android OS v 4.4.2 (KitKat) , Upgradable to lollipop
Phone : 01-381904



### 2. OPPO R829T (299,000 Ks)

Network : 2G, 3G
Display : 5", IPS LCD capacitive touchscreen
Memory : Internal 16GB
Camera : 8Megapixels, autofocus, LED flash, front 5 MP
Connectivity : GPRS, EDGE, WLAN, Bluetooth, USB
OS : Android OS v 4.2.1(Jelly Bean)
Phone : 01-543340



### 3. Samsung Galaxy Core Prime (144,000 Ks)

Network : 2G, 3G
Display : 4.5", TFT capacitive touchscreen
Memory : Internal 8GB, micro SD, up to 64GB
Camera : 5 Megapixel, LED flash, front 2 Megapixel
Connectivity : GPRS, EDGE, WLAN, Bluetooth, USB
OS : Android OS v 4.4.4 (KitKat)
Phone : 01-398224



### 4. Nokia Lumia 925 (330,000 Ks)

Network : 2G, 3G, 4G
Display : 4.5", AMOLED capacitive touchscreen
Memory : Internal 16GB
Camera : 8 Megapixel, front 1.3 Megapixel
Connectivity : GPRS, EDGE, WLAN, Bluetooth, USB
OS : Microsoft Windows Phone 8
Phone : 01-371924



### 5. Lenovo Vibe X2 (4G) (325,000 Ks)

Network : 3G
Display : 5",IPS LCD capacitive touchscreen
Memory : Internal 32GB
Camera : 13 Megapixel, auto focus, LED flash, front 5MP
Connectivity : GPRS, EDGE, WLAN, Bluetooth, USB
OS : Android OS v 4.4 (KitKat)
Phone : 01-398436



### 6. HTC Desire 310 (149,000 Ks)

Network : 2G, 3G
Display : 4.5",TFT capacitive touchscreen
Memory : Internal 4GB, micro SD, up to 32GB
Camera : 5 Megapixel, Geo tagging front VGA
Connectivity : GPRS, EDGE, WLAN, Bluetooth, USB
OS : Android OS v 4.4.2(Jelly Bean)
Phone : 01-371923



### 7. Sony Xperia Z3 (590,000 Ks)

Network : 2G, 3G, 4G
Display : 5.2",IPS LCD capacitive touchscreen
Memory : Internal 16/ 32GB, micro SD, up to 128GB
Camera : 20.7 Megapixel, autofocus, LED flash, front 2.2 MP
Connectivity : GPRS, EDGE, WLAN, Bluetooth, USB
OS : Android OS v 4.4.4(KitKat)
Phone : 01-371924



### 8. Vivo Y22 (198,000 Ks)

Network : GSM, WCDMA
Display : 4.5",IPS capacitive touchscreen
Memory : Internal 16GB, TF card, up to 128GB
Camera : 8 Megapixel, front : camera, 5 Megapixel
Connectivity : GPRS, EDGE, WLAN, Bluetooth, USB
OS : Funtouch OS (based on Android 4.2)
Phone : 09-259302108



### 9. LG Optimus G Pro (559,000 Ks)

Network : 2G, 3G, 4G
Display : 5.5", True Full HD IPS Plus LCD capacitive touchscreen
Memory : Internal 16/32GB, micro SD, up to 64GB
Camera : 13 Megapixel, autofocus , LED flash, front 2.1 MP
Connectivity : GPRS, EDGE, WLAN, Bluetooth, USB
OS : Android OS v 4.1.2 (Jelly Bean)
Phone : 01-371923



### 10. Samsugn Galaxy S4 (415,000 Ks)

Network : 2G, 3G
Display : 5",Super AMOLED capacitive touchscreen
Memory : Internal 16/32/64GB, micro SD, up to 64GB
Camera : 13 Megapixel, autofocus, LED flash, front 2 MP
Connectivity : GPRS, EDGE, WLAN, Bluetooth, USB
OS : Android OS v 4.2.2 (Jelly Bean)
Phone : 01-398244

# BUDGET PHONES



## Coolpad 5217



SIM Card | Dual Sim

Network : GSM
CDMA 800MHz
Display : 4.0", touchscreen
Memory : Internal 4GB
Camera : 2.0 MP
Bluetooth : Yes
OS : Android 4.2

▶ ZMG (09-254406699)

Ks 47,000/-

## Acer Liquid Z200



SIM Card | Single Sim

Network : 2G, 3G
-
Display : 4.0", touchscreen
Memory : Internal 2GB
Camera : 2.0 MP
Bluetooth : Yes
OS : Android 4.4.2

Ks 59,000/-

▶ Acer (01-2301797)

## Coolpad 7232



SIM Card | Single Sim

Network : 2G, 3G
-
Display : 4.5", touchscreen
Memory : Internal 2GB
Camera : 3.0 MP
Bluetooth : Yes
OS : Android 4.2.2

▶ ZMG (09-254406699)

Ks 55,000/-

## Huawei U8520



SIM Card | Single Sim

Network : 2G, 3G
-
Display : 3.2", touchscreen
Memory : Internal 2GB
Camera : 3.15 MP
Bluetooth : Yes
OS : Android 2.2

Ks 50,000/-

▶ AMT (01-371923)

## Coolpad 7251



SIM Card | Single Sim

Network : 2G, 3G
-
Display : 5.0", touchscreen
Memory : Internal 4GB
Camera : 5.0 MP
Bluetooth : Yes
OS : Android 4.3

▶ Matrix (01-378843)

Ks 65,000/-

# KEYPAD PHONES

## Samsung GT-E3309

28,000/-



SIM Card | Dual Sim

Network : GSM, WCDMA
Display : 2.0"
Memory : Card Slot
RAM : -
Camera : 0.3 MP
Bluetooth : Yes
OS : Java

▶ Innwa (01-391511)

## TWZ MM5

27,000/-



SIM Card | Single Sim

Network : GSM
Display : 2.5"
Memory : Card Slot
RAM : -
Camera : 2.0 MP
Bluetooth : Yes
OS : Java

▶ G-Shop (01-220054)

## Samsung GT-C3520

51,000/-



SIM Card | Single Sim

Network : GSM
Display : 2.0"
Memory : Card Slot
RAM : -
Camera : 1.3 MP
Bluetooth : Yes
OS : Java

▶ Innwa (01-391511)

## ZTX Keypad

95,000/-



SIM Card | Dual Sim

Network : GSM
CDMA 450 MHz
Display : 2.3"
Memory : Card Slot
Camera : 3.0 MP
Bluetooth : Yes
OS : Java

▶ My Mobile (01-225649)

## Huawei T-3061

28,000/-



SIM Card | Single Sim

Network : GSM
Display : 2.5"
Memory : Card Slot
RAM : -
Camera : 0.3 MP
Bluetooth : No
OS : Java

▶ Innwa (01-391511)

## ZTX X1

65,000/-



SIM Card | Single Sim

Network : CDMA 450MHz
Display : 2.0"
Memory : Card Slot
RAM : -
Camera : 2.0 MP
Bluetooth : Yes
OS : Java

▶ My Mobile (01-225649)

## TWZ M555

22,000/-



SIM Card | Single Sim

Network : GSM
Display : 2.5"
Memory : Card Slot
RAM : -
Camera : 2.0 MP
Bluetooth : Yes
OS : Java

▶ G-Shop (01-220054)

## ZXET 4D

45,000/-



SIM Card | Single Sim

Network : CDMA 450MHz
Display : 1.8"
Memory : Card Slot
RAM : -
Camera : No
Bluetooth : No
OS : Java

▶ My Mobile (01-225649)

## TWZ N11

22,000/-



SIM Card | Single Sim

Network : GSM
Display : 2.5"
Memory : Card Slot
RAM : -
Camera : 2.0 MP
Bluetooth : Yes
OS : Java

▶ G-Shop (01-220054)

## PH Phone PHG-16

20,000/-



SIM Card | Dual Sim

Network : GSM (Dual)
Display : 2.5"
Memory : Card Slot
RAM : -
Camera : 2.0 MP
Bluetooth : Yes
OS : Java

▶ My Mobile (01-225649)

# Phone Shop

## Anycall Mobile

*(Phone Distribution Sales & Service)*




ကိုလင်းလင်းအောင် (Assistant General Manager)





တည်နေရာ - No. (C-6), 78th Street, Between 27th & 28th Streets, Chan Aye Thar Zan Township, Mandalay. Ph : 02-64706, 688886, 71122

### Anycall Mobile ဆိုင် အကျဉ်းချုပ်

Anycall Mobile Phone Distribution Sales & Service ဆိုင်ကို ၂၀၀၂ ခုနှစ်၊ ဖန်နဝါရီလ (၁) ရက်နေ့တွင် စတင်ဖွင့်လှစ်ပေးခဲ့ပြီး မော်ဒယ်မြင့် Mobile ဟန်းဆက် အမျိုးအစားမျိုးစုံနှင့် Accessories မျိုးစုံကို တင်သွင်းဖြန့်ဖြူး ရောင်းချပေးနေပါတယ်။ Customer များ လွယ်ကူမြန်ဆန်စွာ ဝယ်ယူရရှိနိုင်ရန်အတွက် Anycall Mobile အရောင်းဆိုင်ခွဲများကို မန္တလေးမြို့ရဲ့ မြို့နယ်တိုင်းမှာလိုအပ်တဲ့အတွက်ကြောင့် ၈၄–လမ်း၊ ၂၆–လမ်း၊ ၅၈–လမ်း၊ ၁၉–လမ်း၊ ၇၃–လမ်း၊ ၆၂–လမ်းနှင့် အမရပူရမြို့နယ်တွေမှာ ဆိုင်ခွဲများကို တိုးချဲ့ဖွင့်လှစ်ပေးထားပါတယ်။ ဒါ့အပြင် MPT, Telenor, Ooredoo ငွေဖြည့်ကတ်မျိုးစုံကိုပါဝယ်ယူနိုင်မှာဖြစ်ပြီး ချိုသာသောဈေးနှုန်း၊ ကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေဖြင့် Anycall ပင်မဆိုင်နှင့် ဆိုင်ခွဲများတွင် ထပ်တူညီမျှစွာ ဝယ်ယူရရှိနိုင်မှာ ဖြစ်ပါတယ်။

### Anycall Mobile ဆိုင်တွင် ဝယ်ယူရရှိနိုင်သော Handset များ

Anycall Mobile အရောင်းဆိုင်မှ အရည်အသွေး မြင့်မားကောင်းမွန်ပြီး စိတ်ချယုံကြည်စွာ အသုံးပြုလို့ရနိုင်သော Mobile ဟန်းဆက်များဖြစ်သည့် Samsung, iPhone, G'Five, Vivo, Oppo, LG, HTC, Hello mobile ဟန်းဆက်များအပြင် လိုင်းဆွဲအား အထူးကောင်းမွန်သော CDMA 800 နှင့် CDMA 450 Handset များကို ချိုသာသောဈေးနှုန်းများဖြင့် ဝယ်ယူရရှိနိုင်မှာဖြစ်ပါတယ်။

### Anycall Mobile ဆိုင်၏ ဝန်ဆောင်မှု

Anycall Mobile အရောင်းဆိုင်မှ Mobile ဟန်းဆက်များ ဝယ်ယူအားပေးသော မိတ်ပြည်သူများ အနေဖြင့် မည်သည့် Handset ကိုမဆို ဝယ်ယူတာနဲ့ Game များ၊ Application များ၊ Music များ၊ မြန်မာစာ Font များ၊ ဖုန်း Sticker များကို မေတ္တာလက်ဆောင်အဖြစ် ထည့်သွင်းပေးသွားမှာ ဖြစ်ပါတယ်။ ထို့ပြင် ဖုန်းအတွက် လိုအပ်သော Software များ၊ သက်ဆိုင်ရာ ဟန်းဆက်များအတွက် Official Warranty များကို ရရှိနိုင်မှာဖြစ်ပါတယ်။ တစ်နှစ်တာကာလပတ်လုံးရှိ နေ့ထူးနေ့မြတ်များတွင်လည်း Customer များအား ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ Promotion ပွဲများကို အခါအားလျော်စွာ ကျင်းပပြုလုပ်ပေးသွားမှာဖြစ်ပြီး ဝယ်ယူပြီးသည့်အချိန်မှစ၍ (၁) နှစ်အတွင်း လက်ခမဲ့ ပြုပြင်ပေးပြီး စက်ပိုင်းဆိုင်ရာ ချို့ယွင်းမှုများ ရှိခဲ့ပါက တစ်လအတွင်း ပြုပြင်လဲလှယ်ပေးမှာ ဖြစ်ပါတယ်။

### Anycall Mobile ဆိုင်မှ Customer များအတွက် ပေးချင်သော Message

မြန်မာနိုင်ငံမှ တန်ဖိုးနည်း Simcard တွေကို အလွယ်တကူ ရရှိလာသည်နှင့်အမျှ Customer များ၏ Handset ဝယ်ယူမှုနှုန်းထားများ ပိုမိုများပြားလာတဲ့အတွက် သုံးစွဲသူများစိတ်ကြိုက်ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် ဝယ်ယူရရှိနိုင်အောင် ရောင်းချပေးနေပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံအထက်ပိုင်းရှိ အိုင်တီလုပ်ငန်းခွင်သို့ Professional Mobile Technical အဖြစ် ရပ်တည်လိုကြသူများနှင့် Mobile ဖုန်းဆိုင် ဖွင့်လှစ်လိုသူများအတွက် အထက်မြန်မာပြည်၏ စိတ်အချရဆုံး Service Center အဖြစ် Software, Hardware သင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးနေပါတယ်။ Mobile ဆိုင် ပိုင်ရှင်များအနေဖြင့် မိမိ၏ဝန်ထမ်းများကို အရည်အသွေး ပြည့်ဝစေရန်အတွက် ဖုန်းနှင့်ပတ်သက်သော Knowledge များအပြင် Customer Service သင်တန်းများကိုပါ ဖွင့်လှစ်သင်ကြားပေးလျက် ရှိပါတယ်။ Update ဈေးနှုန်းများ၊ Handset Model အသစ်များ၊ Software Application များအကြောင်းကို Anycall Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး Anycall ပင်မဆိုင်အတွင်းတွင် Software, Game, Application များကို Anycall Market Wi-Fi နှင့် ချိတ်ဆက်၍ အခမဲ့ Download ဆွဲယူ အသုံးပြုနိုင်ပါတယ်။

# UniTel Mobile Training Center မှ Executive Director ဖြစ်သူ ကိုကျော်စွာညွန့်နှင့် တွေ့ဆုံခြင်း



ကိုကျော်စွာညွန့် (Executive Director)
UniTel Mobile Training Center

**မေး – မင်္ဂလာပါ၊ အစ်ကို။**

ဖြေ – ဟုတ်ကဲ့၊ မင်္ဂလာပါ။

**မေး – အစ်ကိုတို့ UniTel Mobile ဆိုင်ကနေ အခုလို Mobile Training Center ထပ်မံဖွင့်လှစ်ဖြစ်ခဲ့ပုံကို ပြောပြပေးပါ။**

ဖြေ – ဒီ UniTel Mobile Training Center ကို စဖွင့်ဖို့အတွက် အစီအစဉ်ဆွဲခဲ့တာကတော့ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းလောက်ကပါ။ ဘာကြောင့်သင်တန်းကျောင်းဖွင့်ဖို့ စီစဉ်လည်းဆိုရင် အစ်ကိုတို့ဆီမှာက ဒီ Mobile နဲ့ ပတ်သက်တဲ့ Technology က ရှိနေခဲ့ပြီးသားကြောင့် ဖြစ်ပါတယ်။ အရင်တုန်းက ဖုန်းဆိုင်တွေဘက်ကိုပဲ ဦးစားပေးလုပ်နေရလို့ သင်တန်း ကျောင်းဖွင့်ဖို့ အချိန်မရခဲ့ပါဘူး။ အခုမှအားလုံး သူ့ဟာနဲ့သူ အဆင်ပြေပြေ ဖြစ်သွားတာကြောင့် သင်တန်းကျောင်းဘက်ကို စလုပ်မယ်ဆိုပြီးတော့ အခုလို သင်တန်းကျောင်း Plan ကို စခဲ့တာပါ။

**မေး – သင်တန်းသားတွေကို သင်ကြားပေးနေတဲ့ သင်ကြားမှုပုံစံတွေကရော ဘယ်လိုအခြေအနေမျိုးတွေ ရှိပါသလဲ။**

ဖြေ – အစ်ကိုတို့သင်တန်းကျောင်းမှာက By Half ပုံစံမျိုးမဟုတ်ဘဲ Theoritically ပုံစံ စနစ်တကျ သင်ကြားပေးမှာ ဖြစ်ပါတယ်။ မိုဘိုင်းဖုန်း တစ်လုံးကို ပြင်တော့မယ်ဆိုရင် Software လုပ်မယ်၊ မြန်မာစာ font ထည့်မယ်၊ Jailbreak လုပ်မယ်ဆိုတာလောက် တတ်ထား၊ သိထားရုံနဲ့ ဘယ်လိုမှ အလုပ်မဖြစ်ပါဘူး။ မိုဘိုင်းဖုန်းနဲ့ ပတ်သက်တာကို လုပ်တော့မယ်ဆိုရင် မိုဘိုင်း network အကြောင်းကိုလည်း သိထားရပါလိမ့်မယ်၊ ဒါကြောင့်လည်း အစ်ကိုတို့က Mobile Technology ဆိုင်ရာ ကျွမ်းကျင်သူတွေနဲ့ပေါင်းပြီး သင်ရိုးတွေထုတ်၊ Mobile Network Technology နဲ့ဆိုင်တဲ့ သင်ရိုးတွေကို စနစ်တကျထုတ်ကာ သင်ကြားပေးပါတယ်။ နောက်ပြီးတော့ Software နဲ့ဆိုင်တဲ့ သင်ရိုးတွေ၊ Hardware ပိုင်းဆိုရင်လည်း Mobile Hardware ပိုင်းသာမက Electronic နဲ့ဆိုင်တဲ့ ပညာရပ်တွေကိုပါ သင်ယူနိုင်မှာဖြစ်ပါတယ်။

**မေး – သင်တန်းပြီးဆုံးတဲ့အခါမှာရော ဘယ်လိုမျိုး ပံ့ပိုးပေးမှုလေးတွေ ရှိတယ်ဆိုတာနဲ့ ပတ်သက်ပြီး သိချင်ပါတယ်။ နောက်ပြီးတော့ သင်တန်းသားတစ်ယောက် ဘယ်လိုမျိုး ပညာအရည်အချင်းရှိမှ ဒီမိုဘိုင်းဖုန်း ပြုပြင်နည်းဆိုင်ရာတွေကို သင်ယူသင့်ပါသလဲ။**

ဖြေ – သင်တန်းပြီးဆုံးသွားရင် တကယ်တတ်တဲ့သူတွေဖြစ်အောင်လို့ ကျွန်တော်တို့ရဲ့ Hardware Service Center နဲ့ Software Service Center တွေမှာ လက်တွေ့ On Job အတွက် Guide တစ်ယောက်စီထားကာ သင်ကြားပေးလျက်ရှိပါတယ်။ နောက်ပိုင်းလုပ်ငန်းခွင်ဝင်တဲ့အခါမှာလည်း ကျွန်တော်တို့ဆီမှာ တက်ရောက်ခဲ့ဖူးတဲ့သင်တန်းသားက ဒီ Mobile Technology နဲ့ ပတ်သက်တာရှိရင် အချိန်မရွေး မေးမြန်းနိုင်ပါတယ်။ နောက်ပြီးတော့ ပြင်ဖို့အတွက် ပစ္စည်းတွေ၊ လဲဖို့အတွက် လိုတဲ့ပစ္စည်းတွေကို ဘယ်လို ဝယ်ရတယ်၊ ဘယ်မှာဝယ်ရမလဲဆိုတဲ့ Sources တွေကိုပါ ရရှိအောင် ချိတ်ဆက်ပေးမှာပါ။

ကျွန်တော်တို့ရဲ့သင်တန်းမှာ လာရောက်သင်ကြားလိုတဲ့ သင်တန်းသားက အနိမ့်ဆုံး ၁၀ တန်း အောင်ရပါမယ်။ နောက်ပြီးတော့ Mobile Hardware နဲ့ Software သင်တန်းတွေကို တက်ချင်ရင် Electronic ပညာရပ်ကိုလည်း စိတ်ပါဝင်စားမှုရှိရပါလိမ့်မယ်။ အစ်ကိုတို့ဆီမှာ သင်တန်းတစ်ခုကို လာတက်တော့မယ်ဆိုရင် Application Form ဖြည့်ရမှာပါ။

**မေး – သင်တန်းကာလနဲ့ သင်တန်းကြေးတွေကို ဘယ်လိုသတ်မှတ်ထားသလဲဆိုတာ ပြောကြားပေးပါ။**

ဖြေ – သင်တန်းကြေးက Software ၂ သိန်းခွဲ၊ Hardware ၂ သိန်းခွဲဖြစ်ကာ သင်တန်းကာလ Theoritically ၁ လနဲ့ On Job Training ၁ လတို့ ဖြစ်ပါတယ်။ လုပ်ငန်းခွင်ဝင်တဲ့အထိ Support ပေးတာကတော့ Unlimite ပါပဲ။ သင်တန်းအပတ်စဉ် (၁) ခုမှာ Section ၂ ခုခွဲပြီး သင်ကြားပေးမှာပါ။ Section တစ်ခုကို သင်တန်းသား ၁၀ ယောက်အထိ လက်ခံသင်ကြားပေးနေပါတယ်။

**မေး – အစ်ကိုတို့ UniTel Mobile Training Center မှာ အနာဂတ် ရည်မှန်းချက်တွေ ရှိပါသလား။**

ဖြေ – ကျွန်တော်တို့က ပြည်တွင်းမိုဘိုင်းကဏ္ဍမှာ အကျိုးပြုသူတွေအဖြစ် မသိသေး၊ မတတ်သေးတဲ့သူတွေကို ကူညီပံ့ပိုးပေးလိုပါတယ်။ သင်တန်းကျောင်းအနေနဲ့ ၁ လကို လူဘယ်နှယောက် ရရမယ်၊ ဘယ်နှယောက် သင်ပြီးသွားရင် ကျွန်တော်တို့အတွက် အကျိုးအမြတ် ဘယ်လောက် ရရှိမယ်ဆိုတဲ့ Plan တွေနဲ့ မသွားချင်ပါဘူး။ အနာဂတ်မှာ Mobile Network Technology Institute အထိဖြစ်အောင်လုပ်ဖို့ ရည်ရွယ်ထားပါတယ်။ ဘာကြောင့်လဲဆိုရင် ပြည်တွင်းမှာ Mobile Network Technology ကျောင်းဆိုတာ မရှိသေးပါဘူး။ ကျောင်းတွေမှာလည်း Mobile Technology ဆိုတာကို မသင်ကြပါဘူး။ ဒါကြောင့် Institute Plan ကို လုပ်ဖို့အတွက် ရည်ရွယ်ထားတာပါ။ UniTel Mobile Training Center တွေကို ရန်ကုန်မှာ ၃ နေရာလောက်အထိရှိလာဖို့ ရည်မှန်းထားပြီး မန္တလေးနဲ့ နေပြည်တော်တို့အထိပါ ထပ်မံတိုးချဲ့သွားမှာ ဖြစ်ပါတယ်။

# APPS OF THE WEEK




## 1. Augment

Augment ဟာ သင့်ရဲ့ပတ်ဝန်းကျင်ကအရာတွေကို 3D ပုံစံငယ်တွေအဖြစ်ဖန်တီးပြီး တကယ့်အရွယ်အစားအတိုင်းပြန်လည်ကြည့်ရှုနိုင်အောင် ကူညီပေးနိုင်တဲ့ app ဖြစ်ပါတယ်။ ပစ္စည်း (သို့) အရာဝတ္ထုတစ်ခုကို 3D ပုံရိုက်ယူပြီး တကယ့်အစစ်တစ်ခုရဲ့ပုံစံအနေအထားအတိုင်း ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ ဒီ app ကို စီးပွားရေးလုပ်ငန်းလုပ်သူတွေ၊ ကျောင်းသူကျောင်းသားတွေ၊ ဒီဇိုင်းပညာရှင်တွေနဲ့ စတိုးဆိုင်လုပ်ငန်းလုပ်သူတွေ စသဖြင့် အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ကုန်တိုက်လုပ်ငန်းတွေ၊ စတိုးဆိုင်လုပ်ငန်းတွေအတွက် ရောင်းအားတွေတက်လာအောင်လည်း တစ်ဖက်တစ်လမ်းက ကူညီပေးနိုင်ပါလိမ့်မယ်။ ကုန်ပစ္စည်းတွေကို 3D ပုံစံတွေအဖြစ်ဖန်တီးပြီး ဝယ်သူတွေဆီကို ကုန်ပစ္စည်းအကြောင်းကြော်ငြာပေးနိုင်မယ့် app တစ်ခုလို့လည်းပြောနိုင်ပါတယ်။ ဒါ့အပြင် မဂ္ဂဇင်း၊ စာစောင်ပေါ်မှာပုံနှိပ်ထားတဲ့ ပုံသေတွေကိုလည်း ဒီ Augment Reality app ထဲမှာ ပုံရှင်အဖြစ်နဲ့ ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ ဥပမာ မဂ္ဂဇင်းပေါ်မှာကြော်ငြာထားတဲ့ဆိုဖာနဲ့ကော်ဖီစားပွဲကိုဖြစ်စေ သင်က ဝယ်ယူလိုပါက အဲဒီနှစ်ခုလိုက်ဖက်မှုရှိ၊ မရှိကို ဒီ app ထဲမှာ 3D ပုံစံဖန်တီးပြီးကြည့်ရှုနိုင်တာဖြစ်ပါတယ်။ ကိုယ်ဖန်တီးကြည့်ရှုလိုတဲ့ပစ္စည်းတွေကို ဖုန်းကင်မရာနဲ့ 3D ပုံရိုက်ယူလိုက်ပြီး အဲဒီပုံတွေကို ပုံရှင်အဖြစ်ကြည့်ရှုနိုင်တာပါ။ ရိုးရိုး 3D ပုံစံငယ်နဲ့ ဒီ Augment Reality နဲ့ဖန်တီးလိုက်တဲ့ 3D ပုံရှင်ကြားမှာ အလွယ်တကူရွှေ့ပြောင်းကြည့်နိုင်သလို လုပ်ရှားနေတဲ့ပုံရှင်နဲ့ ငြိမ်နေတဲ့နောက်ခံမြင်ကွင်းကြားထဲမှာလည်း အလွယ်တကူရွှေ့ပြောင်းကြည့်နိုင်ပါတယ်။ ဒီ app ကိုအသုံးပြုခြင်းအားဖြင့် ဒီဇိုင်းလုပ်ငန်းစဉ်နဲ့ပတ်သက်လို့လည်း သင့်ရဲ့အမြင်ကို လက်တွေ့ကျတဲ့ရုပ်ပုံလွှာတစ်ခုအဖြစ် လျှင်မြန်စွာပြောင်းလဲပေးနိုင်လို့ အချိန်ကုန်လည်းသက်သာစေပါတယ်။ ဒါ့အပြင် 3D ပုံစံငယ်တွေဖန်တီးကာ အဲဒီပုံရဲ့ပုံရှင်ကိုကြည့်ရှုနိုင်တဲ့အတွက် ဒီဇိုင်းတစ်ခုရဲ့ရှေ့ပြေးပုံစံငယ်ကိုဖန်တီးစရာမလိုဘဲ ကုန်ကျစရိတ်ကိုသက်သာစေတဲ့အကျိုးကျေးဇူးရှိပါတယ်။ အသုံးပြုရလွယ်ကူပြီး လုပ်ဆောင်ချက်မြန်ဆန်တဲ့အတွက်လည်း App Store နဲ့ Google Play မှာ အကောင်းဆုံး Augemented Reality app အဖြစ် လူကြိုက်များပါတယ်။ ရိုက်ထားတဲ့ 3D ပုံစံငယ်တွေကိုလည်း upload တင်နိုင်ပါတယ်။ ဒီ app ကိုတော့ iOS 6.0 နဲ့အထက်တွေမှာ အသုံးပြုနိုင်မှာဖြစ်ပါတယ်။

## 2. Wire




သူငယ်ချင်းတွေနဲ့ စကားပြောတာ၊ မက်ဆေ့ချ်ပို့တာတွေကို ပြုလုပ်နိုင်တဲ့ app တစ်ခုဖြစ်ပါတယ်။ တစ်ယောက်ချင်းစီနဲ့စကားပြောနိုင်သလို အစုဖွဲ့ပြီးတော့လည်း စကားပြောတာ၊ မက်ဆေ့ချ်ပို့တာတွေလုပ်ဆောင်နိုင်ပါတယ်။ ဖုန်းမှာရော၊ desktop ပေါ်မှာပါအသုံးပြုနိုင်ပါတယ်။ ဒါ့အပြင်ပုံတွေလည်း share နိုင်ပြီး မိမိပို့ချင်တဲ့ links တွေကိုလည်း ပို့ပေးနိုင်ပါတယ်။ SoundCloud ကသီချင်းတွေ၊ YouTube ကဗီဒီယိုတွေကိုပါ share လုပ်နိုင်လို့ တစ်ယောက်နဲ့တစ်ယောက် စိတ်ဝင်စားစရာကောင်းတဲ့ဗီဒီယိုတွေ၊ သီချင်းတွေကိုမျှဝေနိုင်ပါတယ်။ ဒီ Wire app ကို Android၊ iOS နဲ့ OS X တို့မှာအသုံးပြုနိုင်ပါတယ်။ တခြားသော chatting app တွေနဲ့မတူတဲ့ တမူထူးခြားတဲ့ chatting အတွေ့အကြုံကို ပေးစွမ်းနိုင်ပါတယ်။ စာနဲ့မက်ဆေ့ချ်ရိုက်ပို့တဲ့အချိန်မှာ မြန်ဆန်သွက်လက်စွာပို့ပေးနိုင်ပြီး တစ်ယောက်နဲ့တစ်ယောက်စကားပြောတဲ့အခါမှာလည်း HD အရည်အသွေးရှိတဲ့အသံကို ရရှိစေပါတယ်။ အသံကြည်လင်ပြတ်သားနေမှာဖြစ်ပြီး တစ်ယောက်နဲ့တစ်ယောက်မျက်နှာချင်းဆိုင်ပြောနေသလို ခံစားရမှာဖြစ်ပါတယ်။ အစုဖွဲ့ပြီးအသုံးပြုမယ်ဆိုပါက အရင်ဆုံး conversation တစ်ခုဖန်တီးလိုက်ပါ။ ပြီးရင် နာမည်တစ်ခုပေးလိုက်ပြီး သူငယ်ချင်းတွေကို add လုပ်လိုက်ပါ။ Android 4.2 နဲ့အထက်လိုအပ်ပါတယ်။

## 3. Pause




ဒီ Pause ဟာ ဂီတဝါသနာရှင်တွေအတွက် တေးသီချင်းတွေနဲ့ပတ်သက်တဲ့ အကြောင်းအရာပေါင်းစုံကို စုစည်းပေးထားတဲ့ တေးဂီတသတင်းဂျာနယ်တစ်ခုပဲဖြစ်ပါတယ်။ Feature တွေစုံလင်စွာပါရှိတဲ့ တကယ့် app ကောင်းတစ်ခုပါ။ အကောင်းဆုံးတေးသီချင်းအကြောင်းအရာတွေ၊ သုံးသပ်ချက်တွေ၊ feature တွေ၊ အင်တာဗျူးတွေအပါအဝင် လူကြိုက်အများဆုံး သီချင်းအပတ်စဉ်စာရင်းတွေနဲ့ အင်တာနက်ပေါ်က ထိပ်တန်းသီချင်းအဖွဲ့တွေရဲ့သီချင်းတွေ၊ ဗီဒီယိုတွေ အများကြီးထည့်သွင်းပါရှိပါတယ်။ Billboard၊ The Fader၊ Pitchfork၊ The Guardian၊ Dummy၊ Fact၊ Vulture၊ The New York Time၊ Grantland၊ Rookie နဲ့ တခြားသောထိပ်တန်းသီချင်းမဂ္ဂဇင်း၊ ဂျာနယ်တွေဆီကဆောင်းပါးတွေ၊ သုံးသပ်ချက်တွေ၊ လူကြိုက်အများဆုံး သီချင်းအပတ်စဉ်စာရင်းတွေ၊ အင်တာဗျူးတွေနဲ့ မှတ်ချက်တွေကို တဝကြီးကြည့်ရှုခံစားနိုင်မှာဖြစ်ပါတယ်။ ၃ လတစ်ကြိမ်ထုတ်ဝေတဲ့မဂ္ဂဇင်းစာစောင်တွေအပြင် သင်နှစ်သက်ရာ အနုပညာရှင်တွေရဲ့သီချင်းတွေ၊ ဗီဒီယိုတွေကိုလည်း နားဆင်ခံစားနိုင်မှာဖြစ်ပါတယ်။ ဒီ Pause - Curated Music Stories ကိုတော့ iOS 7.0 နဲ့အထက်တွေမှာအသုံးပြုနိုင်ပါတယ်။

## 4. Here Beta




Here Beta ကတော့ သင်ဘယ်နေရာကိုရောက်ရောက် သင့်ကိုလမ်းကြောင်းရှာဖွေပေးနိုင်မယ့်ခရီးသွားလမ်းညွှန် app တစ်ခုဖြစ်ပါတယ်။ ဒီ app သာရှိထားမယ်ဆိုရင် လမ်းပျောက်မှာစိုးရိမ်စရာမလိုဘဲနဲ့ တစ်ကမ္ဘာလုံးကို တစ်ယောက်တည်းစူးစမ်းသွားလာနိုင်မှာဖြစ်ပါတယ်။ မိမိသွားနေတဲ့နေရာကို မိမိဘာသာအတိအကျသိရှိနိုင်မှာဖြစ်တဲ့အတွက် ဒီ app နဲ့ဆိုရင် စိတ်ချလက်ချခရီးသွားနိုင်ပါပြီ။ ကမ္ဘာအနှံ့ကလမ်းကြောင်းတွေကို ရှာဖွေသွားလာနိုင်ပြီး အင်တာနက်မလိုဘဲ Offline နဲ့လည်းအသုံးပြုနိုင်ပါတယ်။ ထည့်သွင်းထားရမယ့် map တွေကို ဖုန်းနဲ့ tablet မှာထည့်သွင်းထားလိုက်တာနဲ့ ဘယ်နေရာကိုရောက်ရောက် offline နဲ့ဆက်လက်အသုံးပြုသွားနိုင်ပါတယ်။ နိုင်ငံပေါင်း ၁၀၀ ကျော်ရဲ့မြေပုံတွေကိုသိမ်းထားနိုင်ပါတယ်။ ကိုယ်ရောက်နေတဲ့ဒေသက စားသောက်ဆိုင်တွေ၊ ဈေးဆိုင်တွေကိုရှာဖွေနိုင်ပြီး Glympse ကတစ်ဆင့် သင့်ရဲ့တည်နေရာကို သူငယ်ချင်းဆီပေးပို့ကာ ချိန်းဆိုမှုတွေပြုလုပ်နိုင်ပါတယ်။ နိုင်ငံပေါင်း ၄၀ ကျော်က မြို့ပေါင်း ၈၀၀ အကြောင်း သယ်ယူပို့ဆောင်ရေးတွေ၊ လမ်းညွှန်ချက်တွေနဲ့ သက်ဆိုင်ရာအချက်အလက်တွေကိုလည်း သိရှိနိုင်ပါတယ်။ Android 4.1 နဲ့အထက်မှာအသုံးပြုနိုင်ပါတယ်။

## 5. Humin




Humin ကတော့ သာမန် Contact app တစ်ခုလိုမဟုတ်ဘဲ တကယ့်အဆင့်မြင့်စွမ်းဆောင်မှုတွေပါဝင်တဲ့ Phone Contact app တစ်ခုဖြစ်ပြီး အခု Beta version အဖြစ်ထုတ်လုပ်လိုက်တာဖြစ်ပါတယ်။ ဒီ Humin app က သင့်ရဲ့ relationships တွေအားလုံးကို သင့်လိုပဲ အကုန်လုံးမှတ်သားထားနိုင်ပါတယ်။ ဖုန်းထဲက contact ကိုရှာတဲ့အခါမှာ အက္ခရာစဉ်အတိုင်း scroll ဆွဲပြီးရှာနေစရာမလိုဘဲ ပိုမိုလွယ်ကူတဲ့ပုံစံနဲ့ရှာဖွေနိုင်မှာပါ။ ကိုယ်ရှာချင်တဲ့ contact name ကိုမမှတ်မိဘူးဆိုပါက အဲဒီနာမည်ကိုရှာမနေဘဲ အဲဒီလူနဲ့တွေ့ခဲ့တဲ့အချိန် (သို့) သင်မှတ်မိတဲ့အကြောင်းအရာတစ်ခုပေါ်မူတည်ပြီးရှာဖွေနိုင်ပါတယ်။ ဥပမာ ရှာချင်တဲ့ contact name ကို မနေ့ကတွေ့ခဲ့တယ်၊ ပြီးခဲ့တဲ့တစ်ပတ်ကတွေ့ခဲ့တယ် စသဖြင့်ခွဲခြားပြီးရှာဖွေနိုင်တာပါ။ Search bar ထဲမှာ "met today"၊ " met last week" စသဖြင့်ရိုက်ထည့်ပြီးရှာဖွေနိုင်သလို သူ့ရဲ့အလုပ်အကိုင်၊ နေရပ်နဲ့ သူ့ရဲ့သူငယ်ချင်းတွေနဲ့ သူနဲ့တွေ့ခဲ့တဲ့နေရာ စတာတွေကိုလည်း ရိုက်ထည့်ပြီးရှာဖွေနိုင်ပါတယ်။ ဒါ့အပြင် ဘယ်အချိန်မှာ နောက်ထပ်တွေ့ဆုံမှုရှိတယ်။ contact ထဲက လူတွေအားလုံးရဲ့ update ဖြစ်တဲ့အကြောင်းအရာတွေကိုလည်း သိနိုင်ပါတယ်။ Android 4.0.3 နဲ့အထက်တွေမှာအသုံးပြုနိုင်ပါတယ်။

## 6. Lingua.ly




Lingua.ly ဟာ ဘာသာစကားလေ့လာသူတွေအတွက် textbook မလိုဘဲ ဘာသာစကားကို အကောင်းဆုံးလေ့လာနိုင်စေမယ့် app တစ်ခုဖြစ်ပါတယ်။ ပြင်သစ်၊ အင်္ဂလိပ်၊ စပိန်၊ ဂျာမနီ၊ အာရပ်၊ ဟီဘရူး၊ အီတလီ၊ ဒတ်ချ်၊ ရုရှား၊ ပေါ်တူဂီ စတဲ့ဘာသာစကားတွေကိုလေ့လာနိုင်မှာဖြစ်ပါတယ်။ ဒီ app ထဲမှာပါတဲ့ ဆောင်းပါးတွေကိုဖတ်တဲ့အချိန်မှာ ကိုယ်မသိတဲ့စကားလုံးတွေပေါ် click နှိပ်ပြီးတော့ အဲဒီစကားလုံးရဲ့အဓိပ္ပာယ်ကိုကြည့်နိုင်ပါတယ်။ Lingua.ly ရဲ့စမတ် dictionary ပါရှိတဲ့အတွက် အင်တာနက်ပေါ်က စကားလုံးသစ်တွေကိုလည်း ရယူစုဆောင်းနိုင်တဲ့အပြင် အင်တာနက်ပေါ်က ကိုယ်ရွေးချယ်ထားတဲ့တကယ့်ဆောင်းပါးအစစ်တွေကို ဖတ်တဲ့အချိန်မှာ ကိုယ့်ရဲ့ကိုယ်ပိုင်စကားလုံးသစ်တွေကိုအသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဘာသာစကားလေ့လာဖို့အတွက် နည်းလမ်းသစ်တစ်ခုဖြစ်ပြီး အလွန်အသုံးဝင်မှာပါ။ App ထဲမှာ အသုံးပြုသူတွေအကြိုက်နဲ့ ထပ်တူကျနိုင်တဲ့ဆောင်းပါးတိုတွေထည့်ပေးထားပြီး အဲဒီပေါ်မှာ ဘာသာစကားတွေကိုလေ့လာနိုင်ပါတယ်။ နောက်ပြီး ပုံတွေ၊ အသံတွေပါတဲ့ သင်ထောက်ကူရုပ်ပုံကတ်ပြားတွေကိုလည်း ဖန်တီးနိုင်ပါတယ်။ ဒီ app ကိုတော့ Android 4.0 နဲ့အထက်မှာအသုံးပြုနိုင်ပါတယ်။



## Sky Gamblers: Storm Raiders



Sky Gamblers ဟာ ဒုတိယကမ္ဘာစစ်အတွင်းက လေကြောင်းတိုက်ပွဲအကြောင်း ဇာတ်လမ်းဆင်ထားတဲ့ဂိမ်း ဖြစ်ပါတယ်။ ဒီဂိမ်းမှာ ပြင်းထန်တဲ့လေယာဉ်စီးချင်းတိုက်ပွဲတွေကို ပါဝင်ဆင်နွှဲပြီး မြို့တွေ၊ ရေတပ်သင်္ဘောတွေကို ကာကွယ်ရမယ်။ ရန်သူတွေရဲ့ အဆောက်အအုံတွေကို လေကြောင်းကနေ ဗုံးကြဲတိုက်ခိုက်ရမယ်။ တိုက်ပွဲအတွင်း ဥမင်လိုဏ်ခေါင်းတွေပေါ်ကတောင်မှ လေယာဉ်နဲ့ဖြတ်သန်းမောင်းနှင်ရပါမယ်။ တကယ့်ကို စွန့်စားမှုတွေနဲ့ပြည့်နေတဲ့ လေကြောင်းတိုက်ပွဲကြီးကို သည်းထိတ်ရင်ဖိုကစားရမှာပါ။ တိုက်ပွဲတည်နေရာတွေကို ပုလဲဆိပ်ကမ်း၊ ဒိုဗာကမ်းရိုးတန်း၊ ဂျာမနီနဲ့ပြင်သစ်တို့လို တကယ့်တိုက်ပွဲမြေပြင်တွေလို ဖန်တီးထားတဲ့အတွက် ဒုတိယကမ္ဘာစစ်တုန်းက စစ်မြေပြင်ကို ရောက်ရှိသွားသလို ခံစားရမှာပါ။ ဂိမ်းမြင်ကွင်းတွေ၊ အထူး effect တွေနဲ့ အသံဖန်တီးမှုတွေနဲ့ တကယ့်တိုက်ပွဲမြေပြင်နဲ့ တစ်ထပ်တည်းကျအောင် ဖန်တီးထားတာပါ။ ကမ်းမြောင်နဲ့လေယာဉ်တင်သင်္ဘောတွေပေါ်မှာ လေယာဉ်ပျံတက်တာ၊ ဆင်းသက်တာတွေ ပြုလုပ်ရပါမယ်။ နောက်ပြီး တကယ့်ရာသီဥတု အနေအထားတွေ၊ လေထုအခြေအနေတွေနဲ့ အပြည့်အဝဖန်တီးထားတဲ့ မြို့တွေပေါ်မှာပျံသန်းပြီး အပြန်အလှန်ဆက်သွယ်မှုရှိတဲ့ လေယာဉ်မှူးခန်းပါတဲ့ အသေးစိတ်ဖန်တီးထားတဲ့လေယာဉ်တွေကို မောင်းနှင်ရမှာဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်တုန်းက ထိပ်တန်းတိုက်လေယာဉ်တွေကို မောင်းနှင်ပျံသန်းရပါမယ်။ တိုက်ပွဲအတွင်း တကယ့်အပျက်အစီး အထိအခိုက်တွေကို တွေ့ကြုံရမှာဖြစ်ပြီး နောက်ဆုံးမှာ လေယာဉ်အစိတ်စိတ်အမြွှာမြွှာ ပေါက်ကွဲသွားတာကိုပါ တွေ့ကြုံရမှာပါ။ အွန်လိုင်းကနေလည်း သူငယ်ချင်းတွေကို ဖိတ်ခေါ်ကစားနိုင်သလို mode တွေအများကြီးကို စိတ်ကြိုက်ရွေးချယ်ကစားနိုင်ပါတယ်။ GameCenter မှာ Voice Chat နဲ့ head to head ကစားနိုင်ဦးမှာပါ။ iCloud ပံ့ပိုးထားလို့ ဂိမ်းကစားသူအနေနဲ့ ဂိမ်းတိုးတက်မှုတွေကို cloud ပေါ်မှာ သိမ်းနိုင်ပြီး AirPlay ရတဲ့အတွက်လည်း ဒီဂိမ်းကို Apple TV မှာ ချိတ်ဆက်ကစားနိုင်ပါတယ်။ Online play ကစားပါက Wi-Fi ဒါမှမဟုတ် 3G/4G internet connection လိုအပ်ပြီး ဒီဂိမ်းဟာ universal app ဖြစ်ပါတယ်။ iOS 5.0 နဲ့အထက်တွေမှာ ကစားနိုင်ပါတယ်။




## Top Eleven Be a Soccer Manager



ဘောလုံးအသင်းမန်နေဂျာတစ်ယောက်အဖြစ် ကိုယ့်ရဲ့ဘောလုံးအသင်းကို စီမံကွပ်ကဲရမယ့်ဂိမ်းဖြစ်ပါတယ်။ ဘောလုံးအသင်းတစ်သင်းကို စီမံကွပ်ကဲဖို့အတွက် ဘာတွေလုပ်ရတယ်ဆိုတာ သိချင်ပါက ဒီဂိမ်းနဲ့ သင့်ကိုယ်သင် စိန်ခေါ်လိုက်ပါ။ လူကြိုက်အများဆုံး ဘောလုံးဂိမ်းဖြစ်ပြီး သင့်ဆီ ဘောလုံးပွဲအတွေ့အကြုံသစ်တွေကို ယူဆောင်လာမှာဖြစ်ပါတယ်။ သင်က ကိုယ်ပိုင်အသင်းဖွဲ့ပြီး လေ့ကျင့်ပေးရမယ်။ တကယ့်ကစားသမား အပြောင်းအရွှေ့ ဈေးကွက်ကနေ ခြေစွမ်းကောင်းတဲ့ ကစားသမားတွေကို စာချုပ်ချုပ်ဖို့ကြိုးစားရမယ်။ ပြီးရင် လိဂ်ပွဲတွေ၊ ဖလားပွဲတွေ၊ ချန်ပီယံလိဂ်တွေမှာ တခြားအသင်းမန်နေဂျာတွေနဲ့ ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။ ကစားသမားတွေရဲ့အရည်အချင်းတွေ တိုးတက်လာအောင် ကူညီပေးတာ၊ leaderboard မှာ အမှတ်တွေ တက်လာအောင် လုပ်ဆောင်တာ၊ achievement တွေ ရယူတာတွေ လုပ်ဆောင်ရမှာပါ။ Top Eleven 2015 upgrade ကို ကစားလိုက်ပြီ ဆိုတာနဲ့ အံ့သြစရာကောင်းတဲ့ feature တွေ အများကြီးတွေ့ရမှာပါ။ ပြိုင်ပွဲတွေ ယှဉ်ပြိုင်ကစားတဲ့အခါ မိမိရဲ့အသင်းကို အကောင်းဆုံးစီမံနိုင်ဖို့ အရေးကြီးပါတယ်။ပရီးမီးယားလိဂ်၊ ဘွန်ဒက်စလီဂါ၊ စပိန်လာလီဂါ၊ ဆီးရီးအေ၊ MLS နဲ့ တခြားလိဂ်တွေကအသင်း ၂၈ သင်းကျော်ရဲ့ official item တွေ ပါရှိပါတယ်။ ဒီဂိမ်းကို Android 2.2 နဲ့ အထက်တွေမှာ ကစားနိုင်ပါတယ်။




## Trivia Crack



Trivia Crack ဂိမ်းဟာ ကမ္ဘာတစ်ဝန်းကလူတွေနဲ့ ယှဉ်ပြိုင်ကစားနိုင်မယ့် ပဟေဠိဂိမ်းပုံစံ ဖြစ်ပါတယ်။ မတူညီတဲ့ အမျိုးအစားတွေထဲမှာ ဘယ်သူက ဗဟုသုတအရှိဆုံးလဲဆိုတာကို ဒီဂိမ်းနဲ့ စမ်းသပ်နိုင်ပါတယ်။ သိပ္ပံ၊ ဖျော်ဖြေရေး၊ အနုပညာ၊ ပထဝီ၊ အားကစားနဲ့ သမိုင်းဆိုတဲ့ အမျိုးအစား ၆ မျိုးကို ကစားရမှာဖြစ်ပြီး အမျိုးအစားတစ်ခုမှာ သက်ဆိုင်ရာ ကာတွန်းဇာတ်ကောင်တစ်ယောက်စီ ပါ,ပါတယ်။ ဘယ်အမျိုးအစားကို အရင်ကစားရမလဲ ဆိုတာကို အဝိုင်းလှည့်ပြီး ဆုံးဖြတ်ရမှာပါ။ ဒီဂိမ်းမှာ မဟာဗျူဟာကျတဲ့ ဂိမ်းကစားပုံနဲ့ဖန်တီးထားလို့ ကစားရတာ အလွန်စိတ်ဝင်စားဖို့ကောင်းပါတယ်။ ပြိုင်ဘက်တွေကို အသာစီးရဖို့အတွက် PowerUps တွေ၊ extra spin တွေလို အထူးအကျိုးအမြတ်တွေ ရရှိအောင် အကြွေစေ့တွေရရှိဖို့ ကြိုးစားရပါမယ်။ မေးခွန်းပေါင်း ၁၀၀၀၀ ကျော်နဲ့ အမြဲတမ်း update တွေ ပေးနေလို့ ကစားရတာ ငြီးငွေ့မသွားပါဘူး။ ဂိမ်း interface က တောက်ပပြီး ထိန်းချုပ်ရ သွက်လက်မြန်ဆန်မှု ရှိပါတယ်။ သူငယ်ချင်းတွေကို စိန်ခေါ်ကစားနိုင်ပြီး ပြိုင်ဘက်တွေနဲ့ chatting လုပ်နိုင်ပါတယ်။ မေးခွန်းတွေကို အကြံပြုတာ၊ ခန့်မှန်းတာ၊ ဘာသာပြန်တာတွေလည်း လုပ်နိုင်ပါတယ်။ ဒီလိုမဟာဗျူဟာကျတဲ့ Trivia Crack ဂိမ်းနဲ့အတူ သင့်ရဲ့ဗဟုသုတကို စမ်းသပ်နိုင်ပါတယ်။ iOS 6.0 နဲ့အထက်တွေမှာ ကစားနိုင်ပါတယ်။



## Toca Cars



Toca Cars မှာတော့ ဥပဒေမရှိ စည်းမျဉ်းမရှိတဲ့ ကားမောင်းပြိုင်ပွဲကို ဆင်နွှဲရမှာပါ။ နေရာပေါင်းစုံကိုကြိုက်သလို ဖြတ်သန်း မောင်းနှင်နိုင်ပါတယ်။ ကားတစ်စီးနဲ့အတူ ရေခဲမုန့်ဗူက်အိုင်တွေကို အားပြင်းပြင်းနဲ့ ဖြတ်သန်းမောင်းနှင်ပြီး ရောန်ကိုလည်း ခုန်ကျော်မောင်းနှင်ရမယ်။ အိမ်တွေအများကြီးကို ဖြတ်ကျော်ရမယ်။ ပြီးရင်မီးပွိုင့်တွေကိုတားပြီး စာတိုက်ပုံးတွေကိုပါ ဖြတ်တိုက်တာစသဖြင့် စိတ်ကြိုက်မောင်းနှင်နိုင်ပါတယ်။ ဇာတ်ကောင်နှစ်ယောက် ပါရှိပြီး လမ်းပေါ်လမ်းအောက် ကြိုက်သလို ဖြတ်သန်းမောင်းနှင်ကစားနိုင်ပါတယ်။ သင်နဲ့အတူအဖော်အဖြစ် ခွေးလေးတစ်ကောင်ကလည်း လိုက်ပါနေမှာပါ။ ရောန်ကို ဖြတ်ကျော်မောင်းနှင်ရာမှာ၊ သစ်ပင်ကို ဖြတ်တိုက်ရာမှာနဲ့ မဖြတ်သန်းရဆိုင်းဘုတ်တွေကို တိုက်ချမောင်းနှင်ရာမှာ တစ်ခေါက်နဲ့ မအောင်မြင်ပါက နောက်တစ်ခေါက်ကြိုးစားဖို့အတွက် restore button ပါ,ပါတယ်။ Editor mode ထဲမှာဆိုရင်တော့ အတားအဆီးတွေ၊ ပြိုင်ပွဲတွေ၊ သစ်ပင်တွေ၊ တီရောန်တွေ၊ အိမ်တွေကို စိတ်ကြိုက်စီစဉ်နိုင်ပါတယ်။ အတားအဆီး အသေး၊ အကြီး ရွှေ့ထားနိုင်သလို ရောန်ရဲ့လေးပုံတစ်ပုံခန့်မှာ ပိုက်တွေချထားနိုင်တယ်။ အတားအဆီးတွေကို ကျော်လွှားနိုင်ဖို့အတွက် စက်ရုပ်ကိုတောင်မှ အသုံးပြုနိုင်ပါတယ်။ လူကြီးတွေသာမက ကလေးငယ်တွေလည်း ကစားနိုင်ပြီး ဒီဂိမ်းကို ကစားဖို့အတွက် iOS 5.0 နဲ့အထက် လိုအပ်ပါတယ်။



## Gunbrick



Gunbrick မှာတော့ တစ်ဖက်က သေနတ်၊ တစ်ဖက်က ဒိုင်းအဖြစ် အသုံးပြုနိုင်တဲ့ ဘလောတုံးကို ထိန်းချုပ်ပြီး ရန်သူတွေကို ရင်ဆိုင်တိုက်ခိုက်ရမှာဖြစ်ပါတယ်။ စွန့်စားမှုတွေ ပြည့်နှက်နေတဲ့ ပဟေဠိဂိမ်းတစ်ခုပဲ ဖြစ်ပါတယ်။ ဒီဂိမ်းမှာ အသုံးမပြုဘဲ စွန့်ပစ်ထားတဲ့ မြေရိုင်းတောထဲမှာ ကြောက်မက်ဖွယ်သတ္တဝါတွေ၊ အရှုးတွေ၊ လူမိုက်တွေနဲ့ရန်သူတွေ အမျိုးမျိုးနဲ့ ရင်ဆိုင်တိုက်ခိုက်ရမှာပါ။ တည်နေရာ ၃ ခုမှာ ဂိမ်းမြေပုံ တည်ဆောက်ထားပြီး ကြောက်စရာကောင်းတဲ့ သံကြိုးလွှတွေနဲ့ တိုက်ခိုက်တာအပါအဝင် ပြင်းထန်တဲ့ Boss fight တိုက်ပွဲတွေကို ဆင်နွှဲရပါမယ်။ အသံဖန်တီးမှုပိုင်းကလည်း ဂိမ်းအရသာ ပိုမိုကောင်းမွန်အောင် အားဖြည့်ပေးထားပါတယ်။ ဂိမ်းထိန်းချုပ်တဲ့အပိုင်းမှာ ဘလောတုံးကို လက်နဲ့ အသာလေးဆွဲရွှေ့တာ၊ tap ခေါက်တာနဲ့ ထိန်းချုပ်ရမှာဖြစ်ပါတယ်။ အဆင့်တိုင်းမှာ နောက်ဆုံးနေရာကိုရောက်ရှိအောင် ဘလောတုံးကို ထိန်းချုပ်သွားရမှာ ဖြစ်ပါတယ်။ ရှေ့မှာရန်သူတွေ့ပါက သေနတ်နဲ့ ပစ်ခတ်တိုက်ခိုက်နိုင်သလို ဘလောတုံးကို တစ်ဖက်လှည့်ပြီး ဒိုင်းအဖြစ်လည်း အသုံးပြုနိုင်ပါတယ်။ Achievement တွေလည်း unlock လုပ်ယူနိုင်ပါတယ်။ အခမဲ့ဒေါင်းယူ ကစားနိုင်ပြီး ဂိမ်းထဲမှာ ဝယ်ယူပြီးမှ ကစားလို့ရတဲ့ feature တွေတစ်ခုမှ မပါရှိပါဘူး။ ဒီဂိမ်းကို Android 2.2 နဲ့အထက်တွေမှာ ကစားနိုင်ပါတယ်။




## Pirate Kings



Pirate Kings ဂိမ်းထဲမှာ ပင်လယ်ဓားပြအဖြစ် ပင်လယ်ပြင်ထဲက ကျွန်းတွေတစ်လျှောက် တိုက်ခိုက်လုယက်မှုတွေ လုပ်ဆောင်ရမှာပါ။ မဟာဗျူဟာကျကျ ကစားရမယ့် ဒီပင်လယ်ဓားပြဂိမ်းထဲမှာ သင့်ရဲ့ facebook သူငယ်ချင်းတွေရဲ့ ကျွန်းတွေကို တိုက်ခိုက်တာ၊ သူတို့ရဲ့ရွှေတွေကို ခိုးယူတာတို့ ပြုလုပ်ရမှာဖြစ်ပြီး မိမိရဲ့ကိုယ်ပိုင်ကျွန်းနိုင်ငံကြီးကို တည်ထောင်ရမှာ ဖြစ်ပါတယ်။ တိုက်ခိုက်သိမ်းယူထားတဲ့ကျွန်းတွေ၊ ခိုးယူရရှိတဲ့ရွှေတွေကို အသုံးပြုကာ ထူးခြားလှပတဲ့ ကိုယ်ပိုင်ကျွန်းတွေကို တည်ဆောက်ရပါမယ်။ သင်က အင်အားကြီးမားတဲ့ ပင်လယ်ဓားပြတစ်ယောက်အဖြစ် ပင်လယ်ပြင် ၇ ခုကို သိမ်းပိုက်ကာ အံ့သြဖွယ်ကျွန်းတွေ တည်ဆောက်ပြီး ပင်လယ်ဓားပြဘုရင် ဖြစ်လာအောင် ကြိုးစားသွားရမှာပါ။ အဓိကအချက်က သင့်ရဲ့အချမ်းသာဆုံးမိတ်ဆွေ ပင်လယ်ဓားပြတွေဆီကနေ ခိုးယူတိုက်ခိုက်မှုတွေ ပြုလုပ်ဖို့ပါ။ သူတို့ကလည်း ပြန်လည်လက်စားချေနိုင်တဲ့အတွက် သတိထားဖို့ လိုပါတယ်။ Facebook နဲ့ ချိတ်ဆက်ကစားရမှာဖြစ်ပါတယ်။ 3D ဂိမ်းပတ်ဝန်းကျင်ထဲမှာ ကစားရမှာဖြစ်ပြီး ကိုယ်ပိုင်ပင်လယ်ဓားပြဇာတ်ကောင်တွေ၊ အလံတွေကို ရွေးချယ်နိုင်ပါတယ်။ အဆင့်မြှင့်တင်မှုတွေ အများကြီးနဲ့အတူ မနားတမ်းကစားနိုင်ပြီး ထူးခြားတဲ့ item တွေ ရာနဲ့ချီ ပါရှိပါတယ်။ ဒီ Pirate Kings ကိုတော့ Android 2.3 နဲ့အထက်မှာ ကစားနိုင်ပါတယ်။










NetGuide တွင် ကြော်ငြာများထည့်သွင်းလိုပါက
ဖုန်း-၂၂၄၇၁၁၊ ၀၉-၇၃၀၃၂၇၂၆ သို့ ဆက်သွယ်နိုင်ပါသည်။




BOTAHTAUNG
အမှတ် (၁၃၅) ပထမထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး၊
(၄၇)လမ်းထိပ်၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်။
Phone : 01-294036, 01-8610633, 09 51 98170, 09 7313 6789
the best i-shop... we're providing best prices & the best services
AiKON
the name you can rely on
iPhone at its largest.
And thinnest.
IPHONE 6
6.9mm
THIN
IPHONE 6 PLUS
7.1mm
THIN
A8
M8
Engineered for maximum funness
iPod touch
iPod
shuffle
The all-new
Airport Extreme &
Airport Time Capsule
iPhone 5C
For the colorful.
iPad mini
With retina display. Small. Wonder.
iPad Air
The power of lightness.
iPod nano
Tap play.
Then go play.
iPhone 5S
Forward thinking.
The most advanced
technology all leads up to this.
Airport
Express
AirPlay
Apple tv
iTunes
GAME
COLLECTIONS
HARDCORE GAMES
Benchmark Games
ACTION
GAMES
CRAZY COURSES
DINOSAURS
JAPAN
audio-technica
always listening
JVC
PROFESSIONAL
JBL
plantronics.
Nakamichi
Bluetooth Headphones, Earphones နှင့်
Audio Speakers များအား Branded မျိုးစုံ
ဝယ်ယူရရှိနိုင်ပါသည်
executive
studio
studio wireless.
solo
mixr
pro.
wireless.
beatbox portable.
100% authentic
beats by dr. dre
Don't believe
what you see...
Believe what you hear!
ION All-Star Guitar
- Chitarra Elettrica Full-size
- 4 impostazioni acustiche
- 14 righe di 84 pulsanti fret-board
- Altoparlante con controllo del volume
BOSE
Better sound through research
Numark
JBL
JAWBONE
Brookstone
iConvert Scanner
for iPad Tablet
iHome
Live Life Loud
AiKON GROUP

# AiKON SMD REWORK LAB

MEMBER OF
INTERNATIONAL MICROELECTRONICS ASSEMBLY and PACKAGING SOCIETY
iMAPS

အမှတ် (၂၆၂/C)၊ ပန်းဆိုးတန်းလမ်းမကြီး (အပေါ်ဘလောက်)၊
ရာပြည့်စာအုပ်တိုက်အနီး၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09 4500 33377, 01-385553, 01-249992, 09 731 33338

PANSODAN




The most advanced technologies ဖြစ်သော Apple iDevices များနှင့် Machintosh Computer စက်များ၏ Microelectronics Surface Mount PBC များအတွက် Advanced Repairing System များအသုံးချပြုပြင်ပေးနိုင်သော **AIKON CO., LTD.**




## သင့် Apple ၏ Hardware ပြဿနာကို ကျွန်ုပ်တို့ဦးစွာပြင်ပေးပါရစေ ...

**AIKON** သည် Apple Platform ပေါ်တွင် Customer များ၏ 100% ယုံကြည်မှုဖြင့် ကာလရှည်စွာရပ်တည်လျှက်ရှိပြီး SMT နည်းပညာသုံး Apple Device များကိုပြုပြင်နိုင်ရန်အတွက် 2008 ခုနှစ် ကတည်းက တိကျသော project aim ချမှတ်၍စီစဉ်ဆောင်ရွက်ခဲ့ပြီး ယနေ့ ၅နှစ်ကျော်အချိန်တွင် နိုင်ငံတကာအဆင့်မီ SMD Rework Services for Apple ကိုစတင်နိုင်ပြီဖြစ်ပါသည် ... အခြားသော Apple Service သမားအများစုသည် နားလည်ကျွမ်းကျင်မှုရှိကြသော်လည်း အချို့သော **maladroid repairing** များကြောင့် ပြုပြင်လျှင်ကောင်းနိုင်သည့်အခြေအနေမှ ဆိုးဝါးသော အခြေအနေသို့ရောက်ရှိသွားသည်ကို များစွာတွေ့မြင်လာရပါသည် ... ယင်းအခြေအနေသည် customer များအတွက် လွန်စွာနစ်နာနိုင်ပြီး အမှားမခံသော SMD Repairing နယ်ပယ်တွင် inexperience များကြောင့် solution မရှိဖြစ်တတ်ပါသည် ...

service သမားများ အများဆုံးအသုံးပြုလေ့ရှိသော wire jumper solution များမှာ စက်အားပါဝါပြန်ပွင့်နိုင်ခြေရှိသော်လည်း ပြုပြင်ပြီးအချိန်ကြာရှည်စွာပြန်၍အသုံးပြုနိုင်ရန် ရာခိုင်နှုန်းနည်းပါးသည့်အတွက် service လုပ်ခကုန်ကျငွေနှင့် စက်အားပြန်လည်အသုံးပြု၍ရသည့်ကာလ မညီမျှမှုဖြစ်နိုင်ပါသည် ... SMD Capacitor အများစုနှင့် PM IC အား Reverse Protection လုပ်ပေးသော charging MOSFET IC အပါအဝင် components အများစုသည် အလွယ်တကူဝယ်၍ရနိုင်ပြီး replace လုပ်မှသာ ရေရှည်ပြန်လည်အသုံးပြုနိုင်မည်ဖြစ်ပါသည် ... **AiKON** အနေဖြင့်အလွယ်တကူ မရနိုင်သော components များကိုလည်း Datasheet များအသုံးပြု၍ corresponding packages များဖြင့် အစားထိုးပြုပြင်ပေးခြင်း၊
**Global Agent of Electronic Components Distributor** များဖြင့် essential replacement packs များအားမှာယူတပ်ဆင်ပေးခြင်းများကိုဆောင်ရွက်ပေးနိုင်ပါသည် ...

**AiKON** သည် Apple Hardware ဝန်ဆောင်မှုတွင် မရှိမဖြစ် BGA Rework Station များဖြင့် **CPU, Baseband, SSD, PM IC, 3G/2G Signal Amp, WiFi Processor, Audio Compiler** အစရှိသည့် BGA Chip အမျိုးမျိုးတို့၏ Fault များကို ကျွမ်းကျင်မှုအပြည့်ဖြင့်ပြုပြင်ပေးလျှက်ရှိပါသည် ...

ငါးနှစ်ကျော်ကြာ SMD Rework Studying Experiences များဖြင့် BGA Rework Station များမှာယူရာတွင် Apple Logic Board များဖြင့် 100% Compitable ဖြစ်ပြီး 2mm x 2mm အရွယ်အထိသေးငယ်သော BGA Chip အရွယ်အမျိုးမျိုးကို Automatic Desoldering, Soldering လုပ်ပေးနိုင်သည့် High-end Multi Heating Station များကိုရွေးချယ်ခဲ့ပြီး **AiKON** Professional များမှ ကျွမ်းကျင်စွာဖြင့် Repairing Solution များကိုအောင်မြင်စွာဆောင်ရွက်ပေးလျှက်ရှိပါသည် ...
**Error -1, Error 16xx, Error 23, Error 28, Error 40** အစရှိသော iTunes Restore Error Code များသည် Respective IC Fault များဖြစ်ပြီး ယင်း Error များအားပြုပြင်နိုင်ရန်အတွက် သက်ဆိုင်ရာ BGA IC များကို Desoldering / Soldering လုပ်ရာတွင် Fine-tuning accuracy အတွက် 0.01mm အထိတိကျစွာ Heat Flow လုပ်ပေးနိုင်သော Highly Reliable BGA Rework Station များကိုအသုံးပြု၍ပြုပြင်ပေးသောကြောင့် Power Dead of Repairing Risk လုံးဝမရှိပါ ...

**AiKON** သည်အသစ်ထွက်ရှိလာသော Apple Product များ၏ အမှန်တကယ်အသုံးချ၍ရသော Detailed Schematic Diagram များကိုအချိန်နှင့်တပြေးညီဝယ်ယူရရှိနိုင်ပြီး Apple SMD Repairing များပြုလုပ်ရာတွင် ထိရောက်စွာအသုံးချပြုပြင်ပေးလျှက်ရှိနေပါသဖြင့် -------------------- **Please come to us, first!!!**

AiKON
www.facebook.com/aikon4ilink

## Canon မှ Dagon Center 1 တွင် အရောင်း Showroom သစ်အားထပ်မံဖွင့်လှစ်ပေးခဲ့




မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ သုံးစွဲသူ မိတ်ပြည်သူများ အထူးကြိုက်နှစ်သက်မှု ရှိလှသည့် Canon အမှတ်တံဆိပ် Camera, Printer နှင့် အခြား Product များကို တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ဖြူးရောင်းချပေးနေသော Canon ကုမ္ပဏီမှ 21.2.2015 ရက်နေ့တွင် Dagon Center 1 ၌ Canon အရောင်း Showroom သစ်အားထပ်မံဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

Showroom ဖွင့်ပွဲတွင် Canon ကုမ္ပဏီ တာဝန်ရှိသူများမှ ပြခန်းဖွင့်လှစ်ရခြင်းနှင့် ရည်ရွယ်ချက်များ ပြခန်းတွင် ခင်းကျင်းပြသထားသော Canon Product များမှ ကြွရောက်လာသည့် လူကြီးမင်းများ၊ Media အသီးသီးမှ တာဝန်ရှိသူများ၏သိရှိလိုသောအကြောင်းအရာများကို အသေးစိတ်ပြန်လည်ပြောကြားပေးခဲ့ကြောင်းသိရသည်။ ပြခန်းဖွင့်လှစ်သည့်နေ့မှာပင် ပြခန်းသို့ စိတ်ပါဝင်စားစွာဖြင့်လာရောက်လေ့လာသူအများအပြားရှိကြောင်း သိရှိရသည်။

အဆိုပါ Canon အရောင်း Showroom သစ်တွင် အရည်အသွေးမြင့်မားကောင်းမွန်သော Canon အမှတ်တံဆိပ် ကင်မရာများဖြစ်သည့် EOS 5D Mark III, EOS 7D Mark II, EOS 6D အပါအဝင် အခြား Camera အမျိုးမျိုးကိုပါ ရရှိနိုင်ပြီး Printer အမျိုးမျိုး၊ Wireless Compact Photo Printer များ ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၉-၂၆၀၆၄၆၀၆၅ သို့ ဆက်သွယ်၍ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

တင်မျိုးသွင်

## KMD Computer Centre မှ ကျောင်းသား/သူများက တစ်ကမ္ဘာလုံးအမှတ်အများဆုံးဆု၊ ဒီပလိုမာနှင့်ဘွဲ့လက်မှတ်များပေးအပ်ချီးမြှင့်ခဲ့

KMD Computer Centre ၏ ဒီပလိုမာနှင့် ဘွဲ့လက်မှတ်များပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီလ (၁၆) ရက်နေ့၌ UMFCCI တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ယင်းအခမ်းအနား၌ Level 5 Diploma in Computing (Second Year) မှတစ်ကမ္ဘာလုံးတွင်အမှတ်အများဆုံးဆုရရှိသူ မောင်အောင်ခန့်သက်နိုင်၊ Level 4 Diploma in Computing (First Year) မှ တစ်ကမ္ဘာလုံးတွင် အမှတ်အများဆုံးဆုရရှိသူ မမျိုးမျိုးထွန်းနှင့် June 2014 တွင် Level 4 Diploma in Computing (First Year) မှ တစ်ကမ္ဘာလုံးတွင် အမှတ်အများဆုံးဆုရရှိသူ မောင်သုတနိုင်တို့အား ဂုဏ်ပြုလက်မှတ်များနှင့် NCC Education (UK) နှင့် KMD တို့၏ ပူးပေါင်းချီးမြှင့်သော Scholarship အစီအစဉ်အရ Business IT (BIT) University of Greenwich (UK) ဘွဲ့သင်တန်း တက်ရောက်နိုင်ရန်အတွက် နောက်ဆုံးနှစ်သင်တန်းကြေးနှင့် ဒုတိယနှစ် NCC(UK)သင်တန်းတက်ရောက်နိုင်ရန်အတွက် သင်တန်းကြေးများကို KMD မှ ပညာသင်ဆုအနေနှင့် ချီးမြှင့်ခဲ့ပါသည်။ KMD Computer Centre သည် ယခုအချိန်အထိ NCC Education မှ ချီးမြှင့်သော Global High Achiever Award (တစ်ကမ္ဘာလုံးတွင် အမှတ်အများဆုံး) ရရှိသူ (၃၀) ဦး၊ Asia Regional High Achiever Award (အာရှဒေသတွင် အမှတ်အများဆုံး) ရရှိသူ(၃၃)ဦး၊ Roll of Honours Award (အမှတ် ၈၀ နှင့်အထက်) ရရှိသူ (၂၅၉) ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ထိုသို့သင်ကြားရေးပိုင်းတွင်ကောင်းမွန်သည့် အတွက်လည်း NCC Education မှပေးအပ်သော Academic Excellence Award ကို ၂၀၀၅ နှင့် ၂၀၀၈ ခုနှစ်တို့တွင် လက်ခံရရှိခဲ့ပါသည်။ ထို့အပြင် ၂၀၁၄ ခုနှစ်တွင် NCC, UK မှ KMD နှင့် နှစ် (၂၀) ကြာရှည်လက်တွဲမှုကိုအသိအမှတ်ပြုသည့်အနေနှင့် 20 Year Partnership Award ကိုလည်း လက်ခံရရှိထားခဲ့ကြောင်း သိရှိရပါသည်။ ၂၀၁၄ ခုနှစ်အတွက် Scottish Qualification Authority (SQA/ HND) မှ KMD ၏ သင်ကြားမှုအရည်အသွေး၊ စည်းစနစ်ကျမှု၊ အရည်အချင်းပြည့်ဝသော ကျောင်းသူ၊ ကျောင်းသားများ မွေးထုတ်ပေးနိုင်မှုကို ဂုဏ်ပြုသည့်အနေဖြင့် "International Star Award" ဆုကိုလည်း ချီးမြှင့်ခြင်းခံခဲ့ရကြောင်းသိရသည်။

SM

## စီးပွားရေးလုပ်ငန်းသုံး I Banking ကို သမဝါယမ(CB) ဘဏ်မှ စတင်မိတ်ဆက်

စီးပွားရေးလုပ်ငန်းသုံး Business Internet Banking (I Banking) ကို သမဝါယမ (CB) ဘဏ်မှ ဖေဖော်ဝါရီလ ၁၁ရက်နေ့တွင်စတင်မိတ်ဆက်ခဲ့သည်။ CB Bank ၏ ဥက္ကဋ္ဌ ဦးကျော်လင်းက "ကျနော်တို့ CB Bank အနေနဲ့ အသုံးပြုတဲ့သူတွေ အဆင်ပြေလွယ်ကူစေဖို့ I Banking ကို စတင်မိတ်ဆက်ပေးလိုက်ခြင်းဖြစ်ပါတယ်။ I Banking ဝန်ဆောင်မှုကို အသုံးပြုခြင်းအားဖြင့် ငွေစာရင်းတွေကို အင်တာနက်ရရှိတဲ့ မည်သည့်နေရာဒေသမှာမဆိုအချိန်မရွေး စီမံခန့်ခွဲနိုင်မှာပဲဖြစ်ပါတယ်" ဟုပြောသည်။

Business Internet Banking ဝန်ဆောင်မှုကြောင့် အချိန်ကုန်လူပင်ပန်းသက်သာစေပြီး ကုမ္ပဏီ၏ ငွေကြေးစီမံခန့်ခွဲမှုကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။ အင်တာနက်ကို အခြေခံထားပြီး Computer၊ Mobile Phone၊ Tablet၊ Smart TV နှင့် အခြား Electronic Device များနှင့်ပါ အသုံးပြုနိုင်ကြောင်း၊ ၂၄ နာရီ မိမိ၏ ငွေစာရင်းတွေကို စီမံနိုင်ခြင်း၊ ဝင်ငွေထွက်ငွေစာရင်းကို အလွယ်တကူကြည့်ရှုနိုင်ခြင်း၊ ဝန်ထမ်းလစာများကိုလည်း အလွယ်တကူလွှဲပြောင်းပေးနိုင်ခြင်း။ မိမိ ငွေစာရင်းများအား amount maintain ပြုလုပ်နိုင်ခြင်း၊ အခြားနိုင်ငံခြားဘဏ်များကိုလည်း ငွေလွှဲပို့ပေးနိုင်ခြင်းများကိုလည်း ပြုလုပ်နိုင်မှာဖြစ်ကြောင်း သိရသည်။

မြန်မာဘုရင့်နောင် အင်ဂျင်နီယာကုမ္ပဏီမှ ဒါရိုက်တာကိုမောင်ငယ်က "I Banking ဆိုတာ နိုင်ငံတကာမှာ သုံးစွဲနေကြတာပါပဲ။ ဒီမှာကတော့ ခုမှစတင်အကောင်အထည်ဖော်တာပေါ့နော်။ ဘဏ်သွားပြီး စောင့်ရတဲ့ဒုက္ခ၊ Traffic Jam ဒုက္ခတွေကကင်းဝေးသွားတာပေါ့" ဟုပြောသည်။

I Banking စနစ်ကို နောက်ဆုံးပေါ်နည်းပညာများ အသုံးပြုထားပြီး One Time Password (OTP) နှင့် သုံးစွဲရမည်ဖြစ်ကြောင်း။ လုံခြုံမှုအဆင့်မြင့်မားစွာဖြင့် စာရင်းပိုင်ရှင်ကို အပြည့်အဝအကာအကွယ်ပေးထားကြောင်း။ CB Bank မှာ စာရင်းတစ်ခုရှိရုံဖြင့် CB Bank Website မှတစ်ဆင့် User Name၊ Password၊ OTP တို့ဖြင့် ဝင်ရောက်အသုံးပြုနိုင်ကြောင်း၊ ကုမ္ပဏီလုပ်ငန်းများ၏ လိုအပ်ချက်နှင့် ကိုက်ညီမည့် Package များကို ရွေးချယ်အသုံးပြုနိုင်ပြီး Package ၃ မျိုးရှိကြောင်း သိရသည်။

SM




No.1, Ywama Curve,
Ba Yint Naung Road, 2 Ward,
Hlaing Township, Yangon.

T +959 420055582
E support.card@ayabank.com.mm
www.ayabank.com
www.facebook.com/ayabank

WORLD FINANCE BANKING AWARDS 2013

NETGUIDE'S SPECIAL

# Buying Guide

OUR SELECTED MARKET COLLECTIONS

Laptop Collection | Mobile Collection | Electronic Collection | Related Collection



## Sanwa Digital Multimeter CD772

128,000/-

Electrical ဆိုင်ရာတိုင်းတာရေးသမားများနှင့် Phone, Laptop Service Technician တွေအတွက်တော့ မရှိမဖြစ်လိုအပ်စေနိုင်မယ့်အရည်အသွေးမြင့် multimeter လေးပဲဖြစ်ပါတယ်။ Multi ဆိုတဲ့အတိုင်းလိုအပ်တဲ့ တိုင်းတာရေးဆိုင်ရာunit မျိုးစုံကို တိုင်းတာနိုင်မှာပဲဖြစ်ပါတယ်။ AC / DC Maximum volt ကို 1000V ထိတိုင်းတာနိုင်မှာမို့ လုပ်ငန်းခွင်တွေမှာ အသုံးပြုရအဆင်ပြေစေနိုင်မှာဖြစ်ပါတယ်။ digit LCD display နဲ့ ပြသပေးမှာဖြစ်ပြီး AC/ DC Current, mA, Diode, continuity, ohm, frequency, True RMS များအပြင် temperature (°C) ကိုလည်း တိကျမှန်ကန်စွာဖြင့် တိုင်းတာသိရှိနိုင်မှာပဲဖြစ်ပါတယ်။ hold system လည်းပါဝင်ပါတယ်။

F@X | 252627, 09-91039206



## Carol Bluetooth / NFC Speaker BV 6000S

51,300/-

အလွယ်တကူသယ်ဆောင်သွားနိုင်ပြီး အကြမ်းခံတဲ့ဒီဇိုင်းလေးနဲ့ အသံပိုင်းဆိုင်ရာနဲ့ ပတ်သက်ပြီး ကောင်းမွန်ပြည့်ဝတဲ့သံစဉ်တွေကို နားစဉ်ခံစားစေနိုင်ဖို့အတွက်အသစ်ထွက်ရှိလာတဲ့ Speaker လေးပဲဖြစ်ပါတယ်။ Smart Phone တွေနဲ့ပါဝင်တဲ့ Bluetooth နဲ့ဖြစ်စေ၊ အချို့သော Phone တွေမှာပါရှိတဲ့ NFC Function နဲ့ဖြစ်စေ အသုံးပြုနိုင်သလို notebook, desktop တွေနဲ့လည်း တွဲဖက်အသုံးပြုနိုင်ပါတယ်။ Built in Mic ပါတဲ့အတွက်သီချင်းနားထောင်ရုံတင်မကဘဲ Phone နဲ့ချိတ်ဆက်ထားပါက ဖုန်းပါပြန်လည်ပြောဆိုနိုင်မှာဖြစ်ပါတယ်။ memory card အနေနဲ့ TF/ micro SD card များကို 32GB ထိ ထပ်မံဆိုက်သွင်းပြီးလည်း အသုံးပြုနိုင်ပါတယ်။ အသံကြိမ်နှုန်းတုန့်ပြန်နိုင်စွမ်းက 90 GHz က 18KHz ထိရှိပြီးအမြင့်ဆုံးအသံအားမှာ 3*2 watt နဲ့လျှပ်စီးကြောင်းဟန့်တားနိုင်မှု 4 Ohms ရှိတာမို့ စပီကာထုတ်လုပ်ပေးတဲ့ အသံများက လေးနက်ပြတ်သားမှန်ကန်မှုရှိနိုင် ပြီး အသုံးပြုနေတဲ့ နေရာအနှံ့ပျံ့နှံ့သွားအောင် စွမ်းဆောင်ပေးနိုင်မှာဖြစ်ပါတယ်။ မိမိတစ်ဦးတည်းအတွက်ဖြစ်စေ၊ မိသားစုအားလုံးအတွက်ဖြစ်စေ ရုံးခန်း၊ ကားထဲလို နေရာမျိုးတွေအတွက်လည်း နေရာစားသက်သာကာ ထားရှိနိုင်မယ့် Design မျိုးလေးပဲဖြစ်ပါတယ်။

F@X | 389357, 09-91039206

# The best we've tested Mobiles, Electronics gear, Gadgets, Computer & more



## Wainford OTG Memory Stick

6,700/- (8GB)
10,500/- (16GB)

Wainford Company မှ ထုတ်လုပ်လိုက်သော OTG Memory Stick တစ်မျိုးဖြစ်ပါတယ်။ သေးငယ်ပြီး လှပသောဒီဇိုင်းဖြင့် ထုတ်လုပ်ထားပါတယ်။ 8GB & 16GB နှစ်မျိုးထုတ်လုပ်ထားပါတယ်။ OTG Memory Stick ဖြစ်သောကြောင့် Android Phone, Tablet, Laptop, PC Computer များဖြင့်ချိတ်ဆက်ပြီး အသုံးပြုရှုရပါသည်။ ရေစိုခံ Waterproof ဖြစ်ပြီး တစ်သက်တာ Life Time Warranty ပေးထားသော Memory Stick ဖြစ်ပါတယ်။ လိမ္မော်ရောင်၊ ခရမ်းရောင်၊ အစိမ်းရောင်ဆိုပြီး အရောင်သုံးမျိုး ထုတ်လုပ်ထားပါတယ်။

Samgo | 01-223804, 09-420261279



## Touch Screen Separator

102,900/-

Mobile Phone များကို service ပြုလုပ်အသက်မွေးဝမ်းကျောင်းပြုလုပ်နေတဲ့ Technician များအသုံးဝင်မယ့် ပစ္စည်းလေးပဲဖြစ်ပါတယ်။ထိရိုက်ကွဲရှလွယ်တဲ့Phone, Tablet တွေမှာပါဝင်တဲ့Touch Screen များကိုဒီပစ္စည်းလေးရဲ့အကူအညီရယူပြီးအလွယ်တကူခွဲခွာလို့ရစေနိုင်မှာဖြစ်ပါတယ်။temperature Range ကို 50°C - 200°C အထိအသုံးပြုနိုင်ပြီးလိုအပ်တဲ့အပူချိန်ကို LED display မှာ ချိန်ပေးရုံနဲ့ ရိုးရှင်းစွာနဲ့အသုံးပြုနိုင်မှာဖြစ်ပါတယ်။ hight quality aluminum alloy material များကိုအသုံးပြုလုပ်ပေးထားပါတယ်။

F@X | 252627, 09-91039206



## Silicon Power Ultima U31

USD 5.2 (8GB)

SP Silicon မှ အသစ်ထွက်ရှိလာတဲ့ USB Flash Drives Ultima U31 ကို မိတ်ဆက်ပေးလိုက်ပါတယ်။ Ultima U31 က အကြမ်းခံနိုင် မှုပိုင်နှင့် function ပိုင်းပြည့်စုံသော USB Flash Drives တစ်ခုဖြစ်ပါ တယ်။ USB 2.0 လည်းပါဝင်တဲ့အတွက် data transfer လုပ်တဲ့အခါလည်းမြန်ဆန်စေပါတယ်။ Ultima U31 ထူးခြားချက်တွေက Flash drives body ဘေးဘက်မျက်နှာပြင်တွင် အခုံးလေးပြုလုပ်ပေးထားခြင်းကြောင့် လျှောကျခြင်းကို မဖြစ်စေဘဲ ကိုင်ဆောင်ရန် ပိုလွယ်ကူစေပါတယ်။ ထို့အပြင် အဖုံးကိုလည်း ဖြုတ်စရာမလိုဘဲ 360° ထိလှည့်ပြီး ဖွင့်လို့ရပါတယ်။ Warranty အားဖြင့် Life-Time (တစ်သက်သာ)အာမခံပေးထားပါတယ်။ Color အားဖြင့် Yellow နှင့် red vivid Color များပါဝင်ပါတယ်။ Design ဆန်းသစ်မှု၊ လှပသေသပ်မှုနှင့်အတူ အကြမ်းခံပြီးလှုကြိုက်များပါတယ်။

Golden Power Technology | 01-2304848~52




## Transcend Jet Flash T3G

8,950/- (8GB) , 11,950/-(16GB)

Transcend ရဲ့ ရေစိုခံ Product တစ်ခုဖြစ်တဲ့ Transcend Jet Flash T3Gနှင့် မိတ်ဆက်ပေးပါရစေ။ Transcend Jet Flash T3G ဟာဆိုရင် ဒီဇိုင်းအပိုင်းမှာကျစ်လစ်သိပ်သည်းစတိုင်ကျလှပပြီး Color အပိုင်းမှာတော့ ရွှေရောင်နှင့်ငွေရောင်(၂)မျိုးရရှိနိုင်ပါတယ်။ အထူးခြားဆုံးတစ်ခုကတော့ Transcend Jet Flash T3G မှာပဲတွေ့ရမှာဖြစ်တဲ့ Carry Bag အနက်ရောင်လေး ပါဝင်ပါတယ်။ Transcend Jet Flash T3G ကို ဒေတာသိုလှောင်မှု၊ လွှဲပြောင်းမှုအပြင် Fanncy အနေဖြင့် သင့်ရဲ့ Phone, Tablet, Wallet & Purse တို့တွင် Key Chain အဖြစ် Smart ကျကျ အသုံးပြုနိုင်ပါတယ်။ Technology အပိုင်းမှာတော့ Transcend ရဲ့ လက်ရွေးစင်နည်းပညာဖြစ်တဲ့ Transcend Elite Technology ပါဝင်ပြီးပျောက်ဆုံးသွားသော သင့်ရဲ့ Photo, Video, Data များကို Recover ပြုလုပ်ဖို့အတွက် Recover Software ပါဝင်ပါတယ်။ Warranty ကိုလည်း Lifetime ပေးထားတဲ့အတွက် ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါတယ်။

Shwe La Min Nagar Co.,Ltd. | 01-2301797, 01-2301798

Vol . 3, Issue . 75

# LAPTOP COLLECTION

### 1. HP Pavilion 14-g003AU

- AMD E1-6010 1.4GHz
- 2GB DDR3L 1600MHz, 500GB SATA 5400rpm
- Intel® HD Graphic
- 14.0" HD LED LCD (1366×768)
- DVD Writer Super Multi DL
- Bluetooth, Web Camera, Card Reader
- Wireless LAN (N), GbLAN
- Intel® HM76 Express Chipset
- 4 Cells Li-ion Battery
- Weight : 1.89kg

Phone : 01-398436




USD 325

### 2. HP Pavilion 14-r218TX

- Intel® Core™ i3-5010U 1.7GHz
- 4GB DDR3L 1600MHz, 500GB SATA 5400rpm
- NVIDIA® Geforce® GT820M 2GB DDR3
- 14.0" HD LED LCD (1366×768)
- DVD Writer Super Multi DL
- Bluetooth, Web Camera, Card Reader
- Wireless LAN (N), GbLAN
- Intel® HM76 Express Chipset
- 4 Cells Li-ion Battery
- Weight : 2.2kg

Phone : 01-398436




USD 519

### 3. HP Pavilion 15-p020TX

- Intel® Core™ i7-4510U 2.0GHz
- 4GB DDR3 1600MHz, 750GB SATA 5400rpm
- NVIDIA® Geforce® GT840M 2GB DDR3
- 15.6" HD LED LCD (1366×768)
- DVD Writer Super Multi DL
- Bluetooth, Web Camera, Card Reader
- Wireless LAN (N), GbLAN
- Intel® HM76 Express Chipset
- 4 Cells Li-ion Battery
- Weight : 2.2kg

Phone : 01-398436




USD 739

### 4. HP Envy 15-K010TX (Touch)

- Intel® Core™ i7-4510U 2.0GHz
- 8GB DDR3 1600MHz, 1TB SATA 5400rpm
- NVIDIA® Geforce® GT840M 2GB DDR3
- 15.6" HD LED LCD (1920×1080)
- DVD Writer Super Multi DL, Bluetooth
- Web Camera, Card Reader, Wireless LAN (N)
- GbLAN, Intel® HM76 Express Chipset
- 4 Cells Li-ion Battery, Weight : 2.2kg

Phone : 01-398436




USD 1,175

USD 509



### 1. DELL Inspiron 3542

- 1.7GHz-Intel Core i3 4005U
- 4GB DDR3L, 500GB HDD, 15.6" LED
- NVIDIA Geforce GT820M - 2GB
- DVD R/W, Webcam, WiFi
- G-LAN, Bluetooth 4.0
- Cardreader, USB3.0
- HDMI

Phone : 01-218202

USD 599



### 2. DELL Inspiron 3442

- 1.7GHz-Intel Core i5 4210U
- 4GB DDR3L, 500GB HDD, 14" LED
- NVIDIA Geforce GT820M - 2GB
- DVD R/W, Webcam
- G-LAN, WiFi, Bluetooth 4.0
- Cardreader, USB3.0
- HDMI

Phone : 01-218202

USD 659



### 3. DELL Inspiron 5447

- 1.7GHz-Intel Core i5 4210U
- 4GB DDR3L, 500GB HDD, 14" LED
- AMD Radeon HD R7 M265 - 2GB
- Webcam, G-LAN, WiFi
- Bluetooth 4.0
- Cardreader, USB3.0
- HDMI

Phone : 01-218202

USD 309



### 4. ACER Aspire ES1

- 2.16GHz-Intel Celeron N28430
- 2GB DDR3L, 500GB HDD, 14" LED
- Intel HD Graphics
- DVD R/W, Webcam
- G-LAN, WiFi, Bluetooth 4.0
- Cardreader, USB3.0
- HDMI, VGA

Phone : 01-218202

USD 729



### 5. ACER Aspire P3 171

- 1.4GHz-Intel Core i3 3229Y
- 2GB DDR3L, 60GB SSD, 11.6" LED
- Intel HD Graphics
- Webcam, WiFi
- G-LAN, Bluetooth 4.0
- Cardreader, USB3.0
- HDMI

Phone : 01-218202

USD 449



### 6. ACER Aspire E5 471

- 1.9GHz-Intel Core i3 4030U
- 4GB DDR3L, 500GB HDD, 14" LED
- Intel HD Graphics 4400
- DVD R/W, Webcam
- G-LAN, WiFi, Bluetooth 4.0
- Cardreader, USB3.0
- HDMI, VGA

Phone : 01-218202

USD 279



### 7. MSI S12 3M

- 1.0GHz-AMD Dual Core E1-2100
- 2GB DDR3L, 500GB HDD, 11.6" LED
- ATI Radeon HD 8000 Graphics
- Webcam
- G-LAN, WiFi, Bluetooth 4.0
- Cardreader, USB3.0
- HDMI

Phone : 01-218202

USD 350




### 8. MSI CR61 3M

- 1.0GHz-AMD Dual Core E1-2100
- 4GB DDR3L, 500GB HDD, 15.6" LED
- ATI Radeon HD 8210 Graphics
- DVD R/W, Webcam
- G-LAN, WiFi, Bluetooth 4.0
- Cardreader, USB3.0
- HDMI

Phone : 01-218202

USD 359




### 9. MSI CR42 2M

- 2.2GHz-Intel Dual Core 2970M
- 4GB DDR3L, 500GB HDD, 14" LED
- Intel HD Graphics 4600
- DVD R/W, Webcam
- G-LAN, WiFi, Bluetooth 4.0
- Cardreader, USB3.0
- HDMI

Phone : 01-218202

USD 619




### 10. LENOVO Ideapad G5070

- 1.7GHz-Intel Core i5 4210U
- 4GB DDR3, 1TB HDD, 15.6" LED
- AMD Radeon R5-M230-2GB
- DVD R/W, Webcam, WiFi
- G-LAN, Bluetooth 4.0, Cardreader
- USB3.0, HDMI, Veriface
- OneKey Rescue System

Phone : 01-218202

USD 729



### 11. LENOVO Ideapad Z4070

- 1.7GHz-Intel Core i5 4210U
- 4GB DDR3, 1TB HDD, 14" LED
- NVIDIA Geforce GT 840M-4GB
- DVD R/W, Webcam, WiFi
- G-LAN, Bluetooth 4.0, Cardreader
- USB3.0, HDMI, Veriface
- OneKey Rescue System

Phone : 01-218202

USD 779



### 12. LENOVO Ideapad FLEX 2-14

- 1.7GHz-Intel Core i5 4210U
- 4GB DDR3, 500GB HDD, 14" LED
- NVIDIA Geforce GT840M-4GB
- Webcam, WiFi, G-LAN, Bluetooth 4.0
- Cardreader, USB3.0
- HDMI, Veriface
- OneKey Rescue System

Phone : 01-218202

# RELATED COLLECTION

USD 39



## 1. Trendnet TDM-C500

- Compliant with ADSL standards
- Web based Configuration (HTTP)
- Command Line Interface (CLI) via Telnet
- SNMP v1 and v2c
- IGMP v1 and v2
- SW upgrade
- WAN Port (ADSL Line Interface) : 1 x RJ-11 port
- LAN Port : 1x10/100Mbps Auto-MDIX RJ-45port

Phone : 01-392607

USD 34



## 2. Trendnet TU3-H2PIE

- Super Speed : 5Gbps (USB 3.0)
- High speed : 480Mbps (USB 2.0)
- Power Consumption : 900mA (max)per port
- Dimensions (LxWxD) : 120 x 82 x 18.5mm (4.7 x 3.2 x 0.8in)
- Weight : 45g (1.6 oz)
- Temperature : 5ºC ~ 40ºC (41ºF ~ 104ºF)
- Humidity : 90%(non-condensing)

Phone : 01-392607

## 1. Brother PT-90



- LCD Display : 12 char x 1 line
- Maximum Print Resolution : 230dpi
- Maximum Print Speed : 7.5mm / sec
- Keyboard : QWERTY
- Batteries : 4 AAA(not included)
- Font Sizes : Small, Large
- Number of font Styles : 9
- Built-in Symbols : 173
- Max.Print Height : 7.0mm

Phone : 01-379001

Ks 44,000

USD 183



## 11. Trendnet TEG-424WS

- Ethernet : UTP / STP Cat.3,4,5 up to 100m
- Fast Ethernet : UTP / STP Cat . 5, 5e up to 100m
- Interface : 24 x 10/100 Mbps Auto-MDIX Fast Ethernet Ports
- Data Transfer Rate : Ethernet : 10Mbps/ 20 Mbps (Half / Full-Duplex)
- Address Table : 8K Entries
- Switch Fabric : 12.8Gbps forwarding capacity
- Forwarding Rate : 9.5mpps
- Data RAM Buffer : 128 KBytes

Phone : 01-392607

USD 59



## 3. Trendnet TK-407K

- Auto-Scan Interval : 10 seconds
- Keyboard State : Saved and Restored
- Power Type : USB Interface Power
- Dimensions : 167 x 80 x 28mm(6.6 x 3.2 x 1.1in)
- Weight : 159g (5.6oz)
- Temperature : Operating : 0ºC ~ 40ºC (32ºF~104ºF)
- Storage : -20ºC ~ 60ºC (-4ºF ~ 140ºF)
- Humidity : 0% ~ 90%, Non-Condensing

Phone : 01-392607

Ks 580,000



## 4. Brother MFC-J3520

- Memory : 128MB
- Copy Resolution : Print : Max . 1200 x 2400dpi Scan : Max.1200 x 1200 dpi
- Modem Speed : 33.6 Kbps Super G3
- Transmission Speed : Approximately 3 seconds
- Speed Dials : 100 x 2 numbers + 50 locations
- Group Dials : up to 6 groups

Phone : 01-379001

## 2. Brother PT E100



- Tape Technology : Thermal Transfer
- LCD Display : 15 char x 1 line (128 x 16 Graphic)
- Backlight : None
- Maximum Print Resolution : 180 dpi
- Maximum Print Speed : 20mm / sec
- Keyboard : ABCD
- Cutter : Manual
- Batteries : 6 "AAA" Alkaline(not included)
- AC Adapter : AD-24ES (Optional)

Phone : 01-379001

Ks 275,000

USD 360



## 12. Trendnet TL2-G244

- Interface : 24 x 10/100/1000Mbps Auto-MDIX Gigabit ports
- Switching Method : Store - and-Forward
- Protocol/Topology : (CSMA/CD)/ star
- Buffer Memory : 4Mbit data buffer
- Filtering Address Table : 8K MAC address entries
- Switch Fabric/ Capacity : Up to 48Gbps
- Forwarding Rate : 35.7Mpps

Phone : 01-392607

## 3. Brother MFC-7470D



- Display : 2 lines x 16 characters
- Interface : USB 2.0 Hi-Speed, USB 2.0 Full Speed
- Print Speed : Up to 26ppm (A4)
- Print Resolution : 600 x 600 dpi, HQ1200(2400 x 600dpi)quality
- 2-sided Printing : Automatic Double-sided print
- Emulation : PCL6, BR-Script 3

Phone : 01-379001

Ks 345,000

Ks 215,000



## 5. Brother MFC-J200

- Memory Speed : 14.4kbps
- Transmission speed : Approximately 7 seconds (ITU-T Test Chart #1, Std resolution, JBIG)
- Fax/Tel Switch : Automatic recognition of fax and telephone reception
- Speed Dials : Up to 40 locations
- Multicopy(Stack) : Up to 99 copies
- Enlargement / Reduction : 25% - 400% in 1% increments
- Copy Resolution : Print : Max.1200x2400dpi Scan : Max.1200x1200dpi

Phone : 01-379001

Ks 70,000



## 6. Transcend SSD 340 128GB

- Capacity : 64GB, 128GB, 256GB
- Size : 99.8mm x 69.8mm x 7 mm (2.75" x 3.39" x 0.28")
- Weight : 52g (1.83oz)
- Operating Voltage : DC 5V
- Operating Temperature : 0ºC (32ºF) ~ 70ºC(158ºF)
- Certificates : CE, FCC, BSMI

Phone : 01-2301797

USD 15



## 13. Trendnet TEG-PCITXR

- Standards : IEEE 802.3 10Base-T Ethernet
- Interface : 32-Bit 33/66Mhz PCI Rev 2.1/2.2/2.3
- Power Consumption : 3.7watts
- Diagnostic LED : Link / Activity
- Supported OS : Linux Kernel 2.4.x / 2.6.x
- Data Rate : Ethernet : 10Mbps / 20Mbps (Half / Full - Duplex)
- Temperature : Operating : 0º ~ 40ºC (32º ~ 104ºF)
- Humidity : Operating : 10% ~ 90%(Non-Condensing)

Phone : 01-392607

## 4. Brother HL-2240D



- Print Technology : B/W Laser Technology
- Max.Black Print Speed (ppm) : 24ppm Black
- Print Resolution (maximum dpi) : Up to 2400 x 600dpi
- First Time to Print : Less than 8.5sec
- CPU (Processor) Speed : 200MHz
- Emulation(s) : GDI
- Standard Memory (MB) : 8MB Memory

Phone : 01-379001

Ks 127,000

Ks 60,000



## 7. Transcend TS500GSJ15D3 500GB

- Mounting : Portable
- Power Requirements : Bus - Powered
- Environmental Requirements : Operating Temperature : 41-131ºF (5-55ºC)
- Dimensions (W x H x D) : 5.1 x 3.2 x 0.7" (130 x 82 x 17mm)
- Weight : 6.7 oz (191g)

Phone : 01-2301797

USD 52



## 8. Trendnet TEW-638AP

- Interface : 1 x 10/100Mbps Auto-MDIX LAN port
- LED Indicators : Power, LAN, WPS, and Wireless
- Dimensions (L x W x H) : 120 x 26 x 88mm (4.7 x 1.0 x 3.4in)
- Weight : 145g (0.3lb)
- Temperature : 0º to 40ºC (32º ~ 140ºF)
- Humidity : 5% ~ 90%(non-condensing)
- Frequency : 2.412-2.462GHz (North America) 2.412 - 2.472GHz (Europe)

Phone : 01-392607

## 5. Brother QL - 650TD



- Print Method : Thermal
- Maximum Print Width : 2.3" (59mm)max
- Printable Label Length : 1"(25.4mm)-3'(1m)
- Print Speed : 3.5"(90mm)/sec, 56 standard address labels/min
- Print Resolution : 300dpi/720 dots
- Memory for transferred data : 36Templates or 288KB
- Printer control command : Raster mode ESC/P mode

Phone : 01-379001

Ks 475,000

USD 56



## 14. Trendnet TC-NT2

- Power Requirement : One DC 9V battery
- Tone Frequency : 600~800Hz
- Dimensions (appr) : Master Unit : 115 x 68 x 27 mm (4.5 x 2.7 x 1.1inch)
- Remote Terminator : 118 x 32 x 27mm (4.6 x 1.3 x 1.1 inch)
- Operating Temp : 0ºC ~ 45ºC (32ºF ~ 113ºF)
- Weight (appr) : Master Unit : 113 gram (4 Oz) (without battery)
- Remote Terminator : 57gram (2 Oz)

Phone : 01-392607

USD 72



## 9. Trendnet TEW-810DR

- Hardware Interface : 4 x 10/100 Mbps LAN ports
- 1 x 10/100 Mbps WAN port
- Power switch
- WPS Button
- LED indicators
- Security : Wireless encryption up to WPA2
- Special Features : IPv6 support
- Power Input : 100-240V AC, 50-60Hz, 0.3A
- Operating Temperature : 0 - 40ºC (32-104ºF)

Phone : 01-392607

USD 49



## 10. Trendnet TEG - S81G

- Standards : IEEE 802.3 10 Base - T
- Network Media : Ethernet : Cat 5 up to 100m
- Data Rate : Ethernet : 10Mbps / 20 Mbps (half / full-duplex)
- Protocol / Topology : CSMA / CD, Star
- Power Consumption : 3.5 Watts (max)
- Switch Fabric : 16Gbps forwarding capacity
- Interface : 8 x Gigabit Auto-MDIX RJ-45 ports
- Data RAM Buffer : 256 KBytes
- Filtering Table : 8 K entries

Phone : 01-392607

## 6. Brother DCP - 7060D



- Print Technology : B/W Laser Technology
- Consumable Type : Toner Cartridge & Drum Unit
- Max.Black Print Speed (ppm) : 24ppm Black
- Print Resolution (maximum dpi) : Up to 2400 x 600dpi
- Printer Driver Compatibility+ : Windows® & Mac OS®
- Design Style : Flatbed
- Max.Black Copy Speed(cpm) : 24cpm Black
- Stand-alone Copying : Yes
- Reduction / Enlargement : 25%-400%

Phone : 01-379001

Ks 180,000

USD 14



## 15. Trendnet TU-S9

- Interface : USB 1.1 Type A RS-232(9-pin)Male
- Cable Length : 661mm (26in)
- Cable Gauge : 28 / 24 AWG
- Power Consumption : 500mA (max)
- Weight : 75g (0.2lb)
- Operating Temperature : 0ºC ~ 40ºC (32ºF ~ 104ºF)
- Storage Temperature : -10ºC ~ 45ºC (14º ~ 113ºF)
- Humidity : 85%(Non-Condensing)

Phone : 01-392607

NETGUIDE'S SPECIAL

# Education Guide

FOR BRIGHTER FUTURE OF YOUR EDUCATION

University | Scholarship + Student Life | Education News | Guide Line (Table)

## RDS မှ ကျွမ်းကျင်အဆင့် ဂရပ်ဖစ်ဒီဇိုင်းသင်တန်းသစ် ဖွင့်လှစ်မည်



RDS Graphic Design သင်တန်းမှ Advance Graphic Design Course ကို သီးသန့်အနေဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်းသိရသည်။Adobe Inc မှ ထုတ်လုပ်သော Software များကို Theory and practice အခြေခံပြီး RDS မှ Create လုပ်ထားသော Course Highlight များဖြင့် ပေါင်းစပ်သင်ကြားပေးမည်ဖြစ်ပြီး Art and Technique ပေါင်းစည်းထားသော ပညာရပ်ဖြစ်သောကြောင့် Software သိရုံမဟုတ်ဘဲ On Job Practice ပုံစံ (Learning Method) ဖြင့် စနစ်တကျသင်ကြားနိုင်မည်ဖြစ်သည်၊ RDS သင်တန်းမှ သင်တန်းဆင်းကျောင်းသား/ သူများသည် Design & Media ကုမ္ပဏီများ၌ Graphic Designer အဖြစ် အတွေ့အကြုံကောင်းများရရှိစေရန်အတွက် ဝင်ရောက်လုပ်ကိုင်နိုင်ရန် အခမဲ့ကူညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းသိရှိရသည်။ Advance Graphic Design Course (ကျွမ်းကျင်အဆင့်ဂရပ်ဖစ်ဒီဇိုင်း)တွင် Vector Illustration, Logo Creation, Typography, Pakaging Design, Color Theory, Multi Composition, Paper Ratio နှင့် Creative Artwork များသင်ကြားပေးခြင်းအပြင် Designerများအတွက်အထောက်အကူပြုစေသော Basic Photography နှင့် Photo Local Tone များမပျောက်အောင်ပြုပြင်သော Advanced Photo Retouching Course တို့ကိုပေါင်းစပ်သင်ကြားပေးမည်ဖြစ်သည်။သင်တန်းတွင် Artwork များ၊ Design Project များကို တွဲဖက်သင်ကြားပေးမည်ဖြစ်သော Software များဖြင့် Assignment များကို အချိန်မှန်ပြုလုပ်နိုင်မှသာလျှင် ကျွမ်းကျင်တတ်မြောက်သော Designer ကောင်းတစ်ယောက်ဖြစ်မည်။ Advance Graphic Design Course အတွက် အတွေ့အကြုံရင့် ဆရာကိုယ်တိုင်သင်ကြားပေးမည်ဖြစ်သည်။ မတ်လ၆ရက်နေ့မှစ၍ Mon/Wed/Fri (3:00 to 5:00) and Sat-Sun(3:00 to 5:30) အတန်းများ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်းသိရသည်။ သင်တန်းသားဦးရေကန့်သတ်ထားသဖြင့် အသေးစိတ်သိရှိလိုပါက အမှတ်(29-B)၊ ဒုတိယထပ်၊ ဗေဒါသီရိလမ်း၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း၊ ဖုန်း 09-5017620,09-260018418 သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## The variety of Educational information for this week

## M3WI မှ ကလေးများအတွက် အိုင်တီအခြေခံသင်တန်းဖွင့်လှစ်မည်

နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကိုအကျိုးရှိရှိအသုံးချကြမည့် ကလေးများအတွက် အကျိုးရှိစေမည့် ရက်တိုအိုင်တီနည်းပညာအခြေခံသင်တန်းများကို Myanmar WWW Institute (M3WI) တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်ကျောင်းသားများလိုက်မီစေပြီး ကလေးများအတွက် အသုံးကျထိရောက်မှုရှိသည့် အိုင်တီဘာသာရပ်များကို သင်ကြားပေးမည်ဖြစ်ကာ အသက်(၁၁)နှစ်မှ (၁၅)နှစ်ဝန်းကျင်ရှိ ကျောင်းသား/သူများတက်ရောက်နိုင်မည်ဖြစ်သည်။ အချို့ကလေးများသည် ကွန်ပျူတာ၊ Laptop၊ ဖုန်းများတွင်ဂိမ်းကစားရဖို့ကိုသာ စိတ်အားထက်သန်ကြပြီး၊ သူတို့၏ စိတ်ဝင်တစားရှိမှုကို အကျိုးရှိအသုံးကျစေမည့် အိုင်တီနည်းပညာဘာသာရပ်များကိုသာ ရွေးချယ်သင်ကြားပေးမည်ဖြစ်သည်။ နွေရာသီအိုင်တီအခြေခံသင်တန်းတွင် Microsoft Windows စနစ်ကို ကျွမ်းကျင်စွာအသုံးပြုနည်း၊ အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့်စာရိုက်နည်း၊ Photoshop ဖြင့် ဂရပ်ဖစ်ဒီဇိုင်းပုံများဖန်တီးနည်း အစရှိသည်တို့အားသင်ယူရမည်ဖြစ်သည်။ သင်တန်းကာလမှာ တစ်လခွဲခန့်ကြာမြင့်မည်ဖြစ်ပြီး၊ သင်တန်းသားဦးရေကန့်သတ်ထားသဖြင့် တက်ရောက်လိုသူများအနေဖြင့် Ph: 01-652288 သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## KMD မှ KID Course ရက်တိုသင်တန်းများ ဖွင့်လှစ်မည်



ကွန်ပျူတာနှင့်မရင်းနှီးသေးသော ကလေးများအတွက် Computer နှင့်ပတ်သက်ပြီးအစိတ်အပိုင်းများကို နားလည်သိရှိစေရန် Mouse နှင့် Keyboard များကို စနစ်တကျအသုံးပြုတတ်စေရန်၊ စာစီစာရိုက်ခြင်းစသည့်ရည်ရွယ်ချက်များအပြင်ပျော်ရွှင်ပြီးဉာဏ်ရည်ထက်မြက်စေမည့် Education Game များကိုပါအသုံးပြုကစားစေမည့် Elementary Level သင်တန်းကိုဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်းသိရသည်၊ Computer ကို ရင်းနှီးပြီးသားကလေးငယ်များအတွက် Intermediate Level သင်တန်း၊ Advanced Level သင်တန်းများအပြင် Website ဖန်တီးပြုပြင်ခြင်းများကိုပါ သင်ကြားပေးမည်ဖြစ်ကြောင်းသိရသည်။ KID Course ရက်တိုသင်တန်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက KMD, Ph: 01-381129 သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## Heroic Amazon မှ IELTS နှင့် အင်္ဂလိပ်စကားပြောသင်တန်းများ သင်ကြားပေးလျက်ရှိ



Heroic Amazon မှ တော်ဝင်သမားတော်ဆေးပညာတွဲ့ (MRCP/ MRCOG) ဖြေမည့် ဆရာဝန်များအတွက် IELTS Band 7/7.5/8 Training များကို သင်တန်းကာလ(၈)လ၊(၁၀)လစသည်ဖြင့် တစ်ဦးချင်းသင်ကြားပေးလျက်ရှိပြီး နိုင်ငံတကာတက္ကသိုလ်များသို့ တက်ရောက်မည့်ကျောင်းသားများအတွက် IELTS Band 5.5/6 /6.5 Training များကို သင်တန်းကာလ(၆)လ၊(၈)လစသည်ဖြင့် တစ်ဦးချင်းပြည့်စုံလုံလောက်သော လေ့ကျင့်ခန်းများဖြင့် အိမ်တိုင်ရာရောက်သင်ကြားပေးမည်ဖြစ်သည်။လက်တွေ့အသုံးချအင်္ဂလိပ်စကားပြောသင်တန်းများ၊ 4Skills၊ ဘာသာပြန်စာရေးဆရာများ၊ သတင်းထောက်များ၊ Translation Course၊ အလယ်တန်းအဆင့်ကလေးများအတွက် Grammar သင်တန်းများအစရှိသည့်သင်တန်းများကို သင်ကြားပို့ချပေးလျက်ရှိသည်။ အသေးစိတ်သိရှိလိုပါက ဆရာမဒေါ်မေသူလွင် 09-31082657, 09-795563648 သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## Office Application များကို စနစ်တကျအသုံးပြုနိုင်ရန် သင်ကြားပေးမည့် iOffice သင်တန်း

ရုံးလုပ်ငန်းခွင်ဝင်ရောက်မည့်သူများ၊ ဝင်ရောက်နေသူများ၊ ကျောင်းတွင် Assignment နှင့် Presentation များကိုထိထိမိမိပြုလုပ်လိုသူများအနေဖြင့် Microsoft Word အသုံးပြု၍ ရုံးစာ၊ ကျောင်းစာများကို စာစီစာရိုက်ပြုစုခြင်း၊ Excel အသုံးပြု၍ စာရင်းဇယားများစီစဉ်ဆောင်ရွက်မှုနဲ့ တွက်ချက်မှုအပိုင်းများပြုလုပ်ခြင်း၊ Power Point အသုံးပြု၍ ရှင်းလင်းပြတ်သားလှပဆွဲဆောင်မှုရှိသော Presentation များပြုလုပ်ခြင်းနှင့် Adobe PageMaker အသုံးပြု၍ ဖိတ်စာကဒ်၊ လိပ်စာကဒ်များနှင့် ဂျာနယ်ဒီဇိုင်းများဖန်တီးပြုလုပ်ခြင်းအစရှိသည့် အသုံးပြုနည်းများကိုအခြေခံကျကျ စနစ်တကျနှင့်ထိရောက်စွာလုပ်ဆောင်နိုင်ရန် ရည်ရွယ်သောသင်ခန်းစာများအပြင်လက်ကွက်မှန်မှန်နဲ့ စာမြန်မြန်ရိုက်တတ်အောင်သင်ကြားမှုအပိုင်းသင်ခန်းစာများပါ ပါဝင်တဲ့ iOffice သင်တန်းတန်းခွဲသစ်များကို အမြို့မြို့အနယ်နယ်ရှိ KMD Training Centre များတွင် အပတ်စဉ်ဖွင့်လှစ်သင်ကြားပေးနေကြောင်းသိရှိရသည်။ Office Application များကို Windows 7 Platform တွင် သင်ကြားပေးမည်ဖြစ်ပြီး Office Data များကို Internet နှင့် Email အသုံးပြု၍ အပြန်အလှန်ချိတ်ဆက်မှုများကိုပါ စနစ်တကျသင်ကြားပေးမည်ဖြစ်ကြောင်းသိရသည်။ကျောင်းတက်ရောက်နေသူများ၊ လုပ်ငန်းခွင်ဝင်ရောက်နေသူများအတွက် သင်တန်းချိန်နှင့်သင်တန်းနေရာကိုညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပြီး၊ iOffice သင်တန်းနှင့်အသေးစိတ်သိရှိလိုပါက KMD Ph:01-527436, 524400, 541328 သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# Queen's University Belfast





## Overview

UK နိုင်ငံ Belfast မြို့တွင်တည်ရှိသော Queen's University Belfast (QUB) သည် UK နိုင်ငံ၏ ထိပ်တန်းဝင်တက္ကသိုလ်ဖြစ်ပြီး UK နိုင်ငံရှိ သုတေသနအမြင့်ဆုံးတက္ကသိုလ်များကို ဖွဲ့စည်းထားသည့် Rusell Group တွင်ပါဝင်သည့် ကမ္ဘာ့အထင်ကရ တက္ကသိုလ်ကြီးဖြစ်သည်။ Ninth Oldest University in the UK ဖြစ်သော Queen's University Belfast ကို ၁၈၄၅ ခုနှစ်က ဗိတိုရိယဘုရင်မကြီးကိုယ်တိုင် တည်ထောင်ခဲ့သည်။ Belfast မြို့သည် United Nations မှ Second Safest City in the World အဖြစ် အသိအမှတ်ပြုခြင်း ခံထားရသည့်အပြင် Safest Region in the UK ဖြစ်ကြောင်း British Crime Survey 2011 တွင် ဖော်ပြထားပြီး နေထိုင်စားသောက်စရိတ်အတွက် အကုန်အကျအနည်းဆုံး (Lowest cost of living in the UK) ဖြစ်ကြောင်း သိရှိရသည်။

QUB ရှိ Queen's University Management School သည် နှစ်ပေါင်း (၄၀) ကျော် ကြာမြင့်ခဲ့ပြီဖြစ်၍ UK နိုင်ငံတွင် Management ဘာသာရပ်များကို ပထမဦးဆုံး စတင်သင်ကြားပို့ချပေးခဲ့သော တက္ကသိုလ်ကြီးဖြစ်သည့်အပြင် Queen's University Belfast ၏ အကြီးဆုံးဌာနတစ်ခုလည်းဖြစ်သည်။ Queen's University Management School တွင် International MBA Program ကို လုပ်ငန်းခွင်အတွေ့အကြုံမရှိသူများလည်း တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

International MBA Program တွင် Global Economic Environment, International Financial Accounting and Reporting, Organizational Behavior and Leadership, Strategic Management, Perspectives on Entrepreneurship, Risk and Innovation, Global HRM, Corporate Finance & International Marketing Leadership အစရှိသည့် ဘာသာရပ်များကို သင်ကြားရမည်ဖြစ်ကြောင်း သိရသည်။

International MBA Program ကို အောင်မြင်ပြီးသူများသည် Consulting, Finance, General Management, Corporate Planning and Business Development, Marketing and Sales, Production and Operations Management, Technology Management Through Corporate Problem-Solving, Structuring / Restructuring Issue, Performance - Enhancing Initiatives စသည့် လုပ်ငန်းဆောင်တာများကို လုပ်ဆောင်နိုင်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်ဖြစ်သော Queen's University Belfast တွင် International MBA Program ကို တက်ရောက်ရန် မြန်မာနိုင်ငံမှ ကျောင်းသားများအနေဖြင့် လုပ်ငန်းအတွေ့အကြုံမလိုတဲ Bachelor's Degree ရရှိပြီးသူများ။ INTO Queen's University တွင် Graduate Diploma တက်ရောက်ခြင်းမှတစ်ဆင့် တက်ရောက်နိုင်မည်ဖြစ်ပြီး IELTS (5.5) အနည်းဆုံး ရှိရမည်ဖြစ်သည်။ ထို့ပြင် Bachelor's Degree ကို Honours ဖြင့် ထူးချွန်စွာအောင်မြင်ထားသူများ International MBA သို့ တိုက်ရိုက်တက်ရောက်ရန် လျှောက်ထားခွင့် ရရှိမည်ဖြစ်သည်။ တိုက်ရိုက်တက်ရောက်မည့်သူများအတွက် အင်္ဂလိပ်စာလိုအပ်ချက်မှာ IELTS (6.5) နှင့်အထက် ရရှိရမည်ဖြစ်သည်။

Queen's University Belfast (QUB) မှ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင် International MBA ကို တက်ရောက်လိုသည့် နိုင်ငံတကာမှ ကျောင်းသူကျောင်းသားများကို Scholarship (၁၁) ဆု ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ ချီးမြှင့်မည့် Scholarship များမှာ စတာလင်ပေါင် (၇၂၀၀)၊ (၄၅၀၀)၊ (၁၀၀၀) အစရှိသည့် Scholarship များဖြစ်ကြောင်း သိရှိရသည်။ Scholarship လျှောက်ထားခြင်းကို ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့ နောက်ဆုံးထား၍ Queen's University Belfast မှ Unconditional Offer ရရှိထားသည့် Regent Consultancy Services Co., Ltd မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ကြောင်း သိရှိရသည်။

Website : www.qub.ac.uk

Facebook : www.facebook.com/QueensUniversityBelfast

**Regent Consultancy Services Co., Ltd.**

အမှတ် (A-2)၊ အောင်မြေသာစည်အိမ်ရာ၊ အောင်ချမ်းသာ (၂) လမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 01-530564, 09-5019870, 09-73205333

# Bellerbys College UK

PREPARATION FOR UNIVERSITY EDUCATION





## Overview

Bellerbys College သည် UK နိုင်ငံ၏ အထင်ကရမြို့များဖြစ်သော Brighton, Cambridge, London နှင့် Oxford မြို့များတွင် တည်ရှိပါသည်။ နိုင်ငံတကာမှ ကျောင်းသားကျောင်းသူများအတွက် GCE "A"Level, Foundation Courses, Diploma Course, Pre-Master စသည့် Pathway များကို သင်ကြားပို့ချပေးနေသော တက္ကသိုလ်အကြိုကောလိပ်တစ်ခုဖြစ်ပါသည်။

Bellerbys College ၏ Foundation Program များသည် နိုင်ငံတကာမှ ကျောင်းသားများအတွက် ယူကေပညာရေးစနစ်နှင့် သင်ယူလေ့လာမှုများကို အမြန်နားလည်စေရန် Academic English Skill, Study Skill in the British Environment, Computer Information Technology အပြင် မိမိရွေးချယ်သည့် အထူးပြုဘာသာရပ်မှ မော်ဂျူး (၄) ခု၊ စုစုပေါင်းမော်ဂျူး (၈) ခုကို (၁) နှစ်ကြာ သင်ယူရမည်ဖြစ်သည်။

Bellerbys College Foundation တွင် (1) Art & Design Foundation Pathway, (2) Business, Finance & Management Foundation Pathway, (3) Engineering Foundation Pathway, (4) Law Foundation Pathway, (5) Humanities Foundation Pathway, (6) Management & Computing Systems Foundation Pathway, (7) Media Foundation Pathway, (8) Science & Pharmacy Foundation Pathway အစရှိသည့် Foundation Pathway များစွာကို ရွေးချယ်တက်ရောက်နိုင်မည်ဖြစ်သည်။

Bellerbys College များတွင် Foundation Program များကို တက်ရောက်လိုသည့် မြန်မာနိုင်ငံမှ ကျောင်းသားများအနေဖြင့် တက္ကသိုလ်ဝင်တန်းအောင်(သို့) iGCSE အောင်မြင်ထားရမည်ဖြစ်ပြီး အင်္ဂလိပ်စာလိုအပ်ချက်အနေနှင့် IELTS (4.5) (သို့မဟုတ်) TOEFL (477) ရမှတ်ရရှိထားရမည်ဖြစ်သည်။ Bellerbys College Foundation ပြီးပါက UK နိုင်ငံရှိ Ranking မြင့်သောကျောင်းများ၏ ပထမနှစ်သို့ မိမိတက်ရောက်လိုသည့် ဘာသာရပ်များအလိုက် ဝင်ခွင့်ရရှိနိုင်မည်ဖြစ်သည်။

Bellerbys College Foundation အောင်မြင်ပြီးသူများသည် UK နိုင်ငံ၏ နာမည်ကျော်တက္ကသိုလ် ကျောင်းပေါင်း (၅၀) ကျော်မှ နှစ်သက်ရာဘာသာရပ်များကို လျှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။ Foundation တွင် GPA ရလဒ်များကောင်းမွန်ပါက UK ထိပ်တန်းတက္ကသိုလ်ကြီးများဖြစ်သည့် University of Sheffield, Burnel University, University of Surrey, Lancaster University အစရှိသော တက္ကသိုလ်များ၏ ပထမနှစ်သို့ဝင်ခွင့်ရရှိပြီး ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ ၎င်းအပြင် Bellerbys College သည် University of Cambridge, University of Oxford, London School of Economics အပါအဝင် Top 10 စာရင်းဝင်တက္ကသိုလ်များသို့ ဝင်ခွင့်ရရန်ပြင်ဆင်ပေးသည့် GCE"A" Level ကိုလည်း သင်ကြားပို့ချပေးကြောင်း သိရသည်။ Bellerbys College ၏ ကျောင်းဖွင့်ချိန်မှာ နှစ်စဉ် ဧပြီလနှင့် စက်တင်ဘာလတို့ဖြစ်သည်။

Bellerbys College Foundation ကို ယခုနှစ်တွင်တက်ရောက်မည့် ကျောင်းသားကျောင်းသူများအနေဖြင့် Scholarship စတာလင်ပေါင် 6,000 ချီးမြှင့်မည့်အခွင့်အရေးကို ရရှိမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါ Scholarship ချီးမြှင့်ရာတွင် ကျောင်းသားတို့၏ပညာရေးမှတ်တမ်းများ (Academic Background) နှင့် အင်္ဂလိပ်စာ အရည်အချင်းစစ်မှတ်တမ်းများ။ IELTS ရမှတ်များအပေါ် အခြေခံ၍ ရရှိမည်ဖြစ်ကြောင်း သိရှိရသည်။

Website : www.bellerbys.com/

Facebook : www.facebook.com/bellerbyscollegs

**CROWN Education**

အမှတ် (၂၇၀)၊ ပထမထပ်၊ မြေနီကုန်း၊ ပြည်လမ်း၊ ရန်ကုန်မြို့။
Ph : 01-5085185, 09-73273277

# “တရုတ်နိုင်ငံကို လိုက်မမီနိုင်တဲ့အကြောင်းရင်း (၁၆) ချက်”

ဆောင်းပါးရှင် – ကိုညီညီ (တောင်ကြီး)

ကြီးမားကျယ်ပြန့်တဲ့ နယ်မြေပိုင်ဆိုင်မှုနဲ့ ထူထပ်တဲ့လူဦးရေ နေထိုင်မှုကြောင့် တရုတ်နိုင်ငံဟာ ကုန်ပစ္စည်းအများဆုံး ထုတ်လုပ်တဲ့နိုင်ငံတစ်ခုဖြစ်သလို သဘာဝအရင်းအမြစ်ကို အကြမ်းတမ်းဆုံး ဖြုန်းတီးပစ်နေတဲ့ လူအုပ်ကြီးတစ်စုဖြစ်နေပါတယ်။

တစ်နည်းအားဖြင့် အလွန်အမင်းချမ်းသာတဲ့ ဘီလျံနာအင်အားစုကြီး တစ်ရပ်ဟာ တရုတ်နိုင်ငံမှာ အခြေစိုက်နေထိုင်တယ်လို့ ယူဆလို့ ရနေပြန်ပါတယ်။ ပေါက်ဖော်ကြီးတို့ရဲ့ စိတ်ဝင်စားစရာ ကိန်းဂဏန်းတွေတို့ကို ကျွန်တော်တို့ လေ့လာကြည့်ရအောင်။ လက်ရှိကမ္ဘာ့စီးပွားရေးအင်အားကြီး အမေရိကန်နိုင်ငံကို အငိုက်မှာ လ,ပုပ်ဖမ်းဖို့ကြံနေတဲ့ ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံရဲ့ စိတ်ဝင်စားဖွယ်ရာ အချက်အလက်များကို အောက်မှာ ဖတ်ကြည့်လိုက်ပါဦး။



(၁) တစ်ခါသုံးတူ လိုအပ်ချက်အတွက် သစ်အပင် (၂) သန်းကို နှစ်စဉ်ခုတ်ထွင်နေ

တရုတ်နိုင်ငံမှာ (၁) နှစ်စာလိုအပ်တဲ့ တစ်ခါသုံးတူ အစုံဘီလျံ (၈၀) ကို ဖြန့်ခင်းလိုက်ရင် တီနမ်မင်ရင်ပြင်ကို အကြိမ်ပေါင်း (၃၆၀) ဖုံးအုပ်ထားနိုင်ပါတယ်။ ဝမ်းနည်းစရာကသူခုတ်လိုက်တဲ့ သစ်ပင်တွေဟာ အနည်းဆုံး အနှစ် (၂၀) သက်တမ်းရှိတဲ့ သဘာဝအရင်းအမြစ်တွေ ဖြစ်နေပါတယ်။



(၂) တရုတ်မီးရထားသံလမ်း အရှည်ဟာ ကမ္ဘာကို (၂) ပတ်ပတ်နိုင်

သုံးလက်စနဲ့ ဆောက်လုပ်ဆဲ မီးရထားလမ်းများဟာ ကီလိုမီတာ (၉၃၀၀၀) ရှိပါတယ်။ ကမ္ဘာမြေကြီးရဲ့လုံးပတ်ကတော့ (၄၀၀၇၅) ကီလိုမီတာပဲ ရှိနေတာပါ။



(၃) ကျောက်မီးသွေး လိုအပ်ချက် အလေးချိန်ဟာ ဝေလငါးကောင်ရေ (၅၇၅) သန်း အလေးချိန်နဲ့ ညီမျှ

တတိယကျောက်မီးသွေးအသုံးစွဲဆုံး တရုတ်နိုင်ငံမှာ တန်ချိန် (၁၁၅) ဘီလျံ လိုအပ်တယ်။ ကမ္ဘာ့အကြီးဆုံးရေနေသတ္တဝါ ဝေလငါးအားလုံးရဲ့ အလေးချိန်ကမှ တန်ချိန် (၂၀၀) သာသာလေးပဲ ရှိပါတယ်။ ဒါ့အပြင် တရုတ်နိုင်ငံဟာ ကမ္ဘာ့ကျောက်မီးသွေးဈေးကွက်ထဲကို (၄၆%) ထုတ်လုပ်ပေးသော်လည်း ပြန်လည်သုံးစွဲမှုဟာ (၄၉%) ရှိနေပြန်တယ်။

(၄) အမေရိကန်ထက် ဘိလပ်မြေ ပိုထုတ်လုပ်

(၂) နှစ်ကာလအတွင်း (၂၀) ရာစုနှစ်က အမေရိကန်ထက် ဘိလပ်မြေ ပိုမိုထုတ်လုပ်ခဲ့တယ်။ ကမ္ဘာပေါ်မှာ ဘိလပ်မြေ အထုတ်လုပ်နိုင်ဆုံးနိုင်ငံဖြစ်ပြီး ကမ္ဘာ့သုံးစွဲမှုရဲ့ (၆၀%) က တရုတ်ပြည်တွင်းမှာပါ။



(၅) ဆေးလိပ်က တရုတ်လူမျိုး (၁) သန်းကို နှစ်စဉ်အသေသတ်နေ

တရုတ်နိုင်ငံမှာ ဆေးလိပ်သောက်သုံးခြင်းကြောင့် (၁) နှစ် သေဆုံးရသူဦးရေဟာ စုစုပေါင်း (၈၆၅၀၀၀) သာရှိတဲ့ ဆိုက်ပရပ်တစ်နိုင်ငံလုံးလူဦးရေထက်များနေပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ တွက်ချက်မှုအရ ဒီပုံစံအတိုင်းသာဆက်သွားရင် တရုတ် (၃) သန်းဟာ သက္ကရာဇ် (၂၀၅၀) အရောက်မှာ ဆေးလိပ်သောက်ရင်း အသက်စွန့်ဖို့ အသင့်ဖြစ်နေပါသတဲ့။



(၆) သဘာဝဓာတ်ငွေ့ လိုအပ်ချက်ဟာ အိုလံပစ် ရေကူးကန်ပေါင်း (၁၂၄၀) သန်းရဲ့ အကျယ်အဝန်းနဲ့ ညီမျှ

သုံးစွဲမှု (၁၀၉.၃) ထွီလျံကုဗပေရှိတဲ့ တရုတ်နိုင်ငံဟာ ကမ္ဘာ့သဘာဝဓာတ်ငွေ့သုံးစွဲမှုအဆင့် (၁၃) ချိတ်ပါတယ်။ အိုလံပစ်ရေကူးကန်က (၈၈၀၀၀) ကုဗပေသာ ထုထည်ရှိပါတယ်။

(၇) တစ်နှစ်စာ ခေါက်ဆွဲစားသုံးမှုဟာ အယ်ကျီးရီးယားပြည်သူတွေကို နှစ်စဉ် (၁) ရက် (၃) နပ် ကျွေးမွေးနိုင်

(၂၀၁၁) ခုနှစ် စာရင်းဇယားအရ တရုတ်တွေဟာ ခေါက်ဆွဲထုပ်ပေါင်း (၄၂.၅) ဘီလျံ စားပစ်ခဲ့တယ်။ အယ်ကျီးရီးယားနိုင်ငံက လူဦးရေ (၃၈.၇) သန်းပဲ ရှိပါတယ်။



(၈) အီဖယ်မျှော်စင်ပေါင်း (၅၂၀၀) ရဲ့ အလေးချိန်နဲ့ ညီမျှတဲ့ ဝက်သားကို တရုတ်တို့ (၁) နှစ်အတွင်း စားသုံး

တရုတ်လူမျိုးတွေဟာ (၂၀၁၂) ခုနှစ်မှာ ဝက်သားတန်ချိန် (၅၂) သန်းစားသုံးပြီး (၂၀၁၁) တုန်းက (၅၁.၆) သန်း ရှိခဲ့တယ်။ အီဖယ်မျှော်စင် အလေးချိန်က တန်ချိန် (၁၀,၀၀၀) ပါ။

(၉) အချမ်းသာဆုံးတရုတ်သူဌေး အယောက် (၂၀) ရဲ့ စုပေါင်းပိုင်ဆိုင်မှုဟာ ဟန်ဂေရီနိုင်ငံရဲ့ GDP ထက်များ

ဟန်ဂေရီရဲ့ GDP က ဒေါ်လာ (၁၂၄) ဘီလျံသာ။



(၁၀) ဂူအောင်းနေထိုင် တရုတ်လူမျိုး (၃၀) သန်း အရေအတွက်ဟာ ဆော်ဒီအာရေဗျနိုင်ငံ လူဦးရေထက် များနေ

အများစုဂူအောင်းနေထိုင်သူ တရုတ်လူမျိုးတွေဟာ ရှန်စီဒေသမှာရှိတယ်။ လူမှုတော်လှန်ရေးကာလတုန်းက ပြည်ပြေးဘဝ ရောက်ခဲ့ချိန် တရုတ်သမ္မတရှီကျင်းပင်ဟာ အဲဒီဒေသရဲ့ဂူတွေထဲမှာ နေထိုင်ဖြတ်သန်းခဲ့တာပေါ့။



(၁၁) ခြေစွပ်အစုံပေါင်း (၈) ဘီလျံကို နှစ်စဉ်ထုတ်ပေးတဲ့ ဒေတန်းပြည်နယ်ကို ခြေစွပ်မြို့တော်လို့ခေါ်တွင်

ဒေတန်းပြည်နယ်၊ ဖူးကျိုမြို့လေး မှာ (၂၀၁၁) ခုနှစ်က ကမ္ဘာ့လူဦးရေစာရင်းအတိုင်း တစ်ဦးကျစီ ဝတ်ဆင်နိုင်တဲ့ ခြေစွပ်အစုံပေါင်း (၈) ဘီလျံကို နှစ်စဉ် ထုတ်လုပ်ပေးနေပါတယ်။

(၁၂) မိမိကိုယ်ကို အဆုံးစီရင်မှုဟာ အမေရိကန်ထက် (၂) ဆမြင့်တက်

တရုတ် (၁၀၀,၀၀၀) မှာ (၂၂.၂) ဦး နှစ်စဉ်သတ်သေပါတယ်။ ဒါဟာ အမေရိကန်တွေရဲ့ (၁၀.၃%) ထက် (၂) ဆဖြစ်နေတာ နှိုင်းယှဉ်ကြည့်ပါ။



(၁၃) အမေရိကတိုက်သမ္မ ကျယ်ပြောတဲ့ တရုတ်နိုင်ငံမှာ နာရီဇုန်တစ်ခုသာရှိ

ဘီဂျင်းစံတော်ချိန်ဟာ တရုတ်ရဲ့တစ်ခုတည်းသော နာရီဇုန်ဖြစ်ပါတယ်။ အစတုန်းကနာရီဇုန် (၅) ခုရှိရာကနေ (၁၉၄၉) ခုနှစ်မှာ ဥက္ကဋ္ဌ မော်စီတုန်းက အမျိုးသားစည်းလုံးညီညွတ်မှုအတွက် တစ်ပြေးညီ စံတော်ချိန်တစ်ခုတည်း သတ်မှတ်ခဲ့တယ်။ ဒီပြုပြင်ပြောင်းလဲမှုကြောင့် တချို့ဒေသတွေမှာ မနက် (၁၀) နာရီမှ နေကိုမြင်ရပါတယ်။

(၁၄) ထွက်ယက်စိုက်ပျိုးနိုင်သောမြေ (၇%) ပေါ်ကနေ ကမ္ဘာ့လူဦးရေ (၂၅%) ကို ကျွေးမွေးနိုင်တဲ့ အစားအသောက်စနစ် တရုတ်တွင်ရှိ

တရုတ်လူမျိုးတွေဟာ လယ်ယာမြေထွက်ကုန်တန်ဖိုးကို (၁၉၇၈) ခုနှစ်မှာ (၃) ဆ မြှင့်တင်နိုင်ခဲ့တယ်။ မွေးမြူရေးလုပ်ငန်းနဲ့ အသားထုတ်လုပ်တွေကြောင့် ထုံထိုင်းနေတဲ့ လယ်ယာစိုက်ပျိုးမှုကို လှုပ်နှိုးခဲ့တယ်။ ဒါကြောင့်ပဲ တစ်ကြိမ်တိုးတက်တိုင်း (၅) ဆထက်မက အောင်မြင်လာတယ်။

(၁၅) တရုတ်ရဲ့ ငွေသုံးစွဲဟာ (၂၀၂၀) မှာ သုံးဆမြင့်တက်နိုင်

(၂၀၁၀) တုန်းက တရုတ်ပြည်သားတွေရဲ့ ငွေသုံးစွဲမှုဟာ ဒေါ်လာ (၂.၀၃) ဘီလျံရှိရာကနေ (၂၀၂၀) ခုနှစ်မှာ ဒေါ်လာ (၆.၁၈) ဘီလျံအထိ ငွေဖြုန်းကြလိမ့်မယ်လို့ ခန့်မှန်းနေကြတယ်။ ဒါကြောင့်လည်း ကမ္ဘာ့ဇိမ်ခံပစ္စည်း သုံးစွဲမှု The Top Global Luxury Market မှာ (၂၄၅) ဘီလျံနဲ့ တရုတ်တွေ ဗိုလ်စွဲနေတုန်းပါ။

(၁၆) ကမ္ဘာ့ဝက်ကောင်ရေတစ်ဝက်ဟာ တရုတ်နိုင်ငံမှာ

ဝက်ကောင်ရေ (၄၇၅) သန်းပမာဏကြောင့် ကမ္ဘာ့ဝက်သားစားသုံးမှု အမြင့်ဆုံး ဖြစ်လာရသလို အကောင်ရေတစ်ဝက်ဟာ တရုတ်နိုင်ငံအတွင်းမှာ မွေးမြူနေရတယ်ဆိုတာ အံ့သြစရာမဟုတ်တော့ပါဘူး။

# University of Greenwich (UK) မှပေးအပ်ချီးမြှင့်သည့်ဘွဲ့ကို First Class ဖြင့် ရရှိခဲ့သော KMD သင်တန်းသူတစ်ဦးနှင့် တွေ့ဆုံခြင်း



**မေး – အရင်ဆုံးညီမ အမည်လေးသိပါရစေ။**
ဖြေ – ဟုတ်ကဲ့။ ယုယုမော်ပါ။

**မေး – ညီမရရှိခဲ့တဲ့ဘွဲ့ကို ပြောပြပေးပါ။**
ဖြေ – ညီမက University of Greenwich (UK) ကပေးတဲ့ဘွဲ့ကို First Class နဲ့ ရရှိခဲ့တာဖြစ်ပါတယ်။ ဒီလိုရရှိအောင် KMD မှာ ပထမနှစ်ကစပြီး နောက်ဆုံးနှစ်အထိ တက်ရောက်ခဲ့ပါတယ်။

**မေး – ညီမလေး အခုအလုပ်ဝင်နေပြီလား ? ဘယ်မှာလုပ်နေတာလဲ ပြောပြပေးပါ။**
ဖြေ – ညီမအခုဂျပန်နိုင်ငံရဲ့ ကုမ္ပဏီတစ်ခုဖြစ်တဲ့ Mizuho Bank (Singapore Branch) မှာ Senior Software Developer ရာထူးနဲ့ အလုပ်လုပ်နေပါတယ်။

**မေး – အဲဒီကုမ္ပဏီမှာဘွဲ့ရပြီးမှ လုပ်တာလား။ နောက်ဆုံးနှစ်တက်နေရင်းနဲ့လုပ်ခဲ့တာလားသိပါရစေ?**
ဖြေ – KMD မှာ NCC (UK) ရဲ့ ဒုတိယနှစ်သင်တန်းကို ၂၀၀၄ ခုနှစ်မှာ အောင်မြင်ခဲ့ပြီး My Soft Technology Company မှာ Programmer အလုပ်စလုပ်ခဲ့ပါတယ်။ ၂၀၀၆ ခုနှစ်မှာတော့ Bangkok နိုင်ငံ Syres Asia Company (Thai) Company မှာ Software Engineer အဖြစ် ၂၀၀၈ ခုနှစ်အထိလုပ်ခဲ့ပြီး Singapore နိုင်ငံ I-Magination Solution Company မှာတော့ Senior Software Developer အနေနဲ့အလုပ်လုပ်ခဲ့ပြီးမှ ၂၀၁၃ ခုနှစ်မှာ မြန်မာပြည်ကို ပြန်လာပြီးနောက်ဆုံးနှစ်သင်တန်းကို တက်ခဲ့တာဖြစ်ပါတယ်။

**မေး – ဘာဖြစ်လို့ မြန်မာပြည်ရဲ့ KMD မှာ နောက်ဆုံးနှစ်ကို ပြန်လာတက်တာလဲဆိုတာသိချင်ပါတယ်။**
ဖြေ – အခြားနိုင်ငံမှာ နောက်ဆုံးနှစ်ကိုတက်ရင် ကုန်ကျစရိတ်လည်းများမယ်၊ ဆရာ/ဆရာမတွေရဲ့ ဂရုစိုက်မှုကလည်း မြန်မာပြည်နဲ့ကွာခြားတယ်။ ကိုယ့်မိဘနဲ့လည်း ခွဲပြီးနေရတယ်။ ဒါကြောင့် မြန်မာပြည်ကိုပြန်လာပြီး ညီမမိသားစုနဲ့အတူနေထိုင်ပြီးနောက်ဆုံးနှစ်ကို ဆက်တက်ဖို့ ဆုံးဖြတ်ခဲ့တာပါ။ NCC (UK) ရဲ့ ပထမနှစ်ဒီပလိုမာသင်တန်းရဲ့ ဒုတိယနှစ်ဒီပလိုမာသင်တန်းနှစ်ခုစလုံးကို KMD မှပဲဖြေဆိုအောင်မြင်ခဲ့သလို ဆရာ/ဆရာမများရဲ့ စနစ်တကျသင်ကြားပေးမှုဂရုစိုက်မှုတွေကြောင့် နောက်ဆုံးနှစ်ကိုလည်း KMD မှာတက်ဖို့ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။

**မေး – First Class ရရှိအောင်ဘယ်လိုကြိုးစားခဲ့ရသလဲဆိုတာ ရှင်းပြပေးပါ။**
ဖြေ – ဟုတ်ကဲ့။ ညီမအနေနဲ့အတန်းကို မှန်မှန်တက်ပြီး ဆရာ/ဆရာမများရဲ့ သင်ကြားပြသပေးမှုကို သေချာမှတ်သားလေ့လာသလို၊ အကြောင်းအမျိုးမျိုးကြောင့် ညီမလိုအချိန်ကွာသွားတဲ့သူတွေကို ဆရာ/ဆရာမများက သီးသန့်အချိန်တစ်ခုပေးပြီး အခြေခံစပြီး သေချာပြန်လည် ရှင်းပြပေးခဲ့ပါတယ်။ အဲ့ဒီအပြင် သင်ကြားထားတဲ့ point တွေကို ပိုမိုနားလည်အောင် Internet ကနေလည်း research လုပ်ပြီးလေ့လာခဲ့ပါတယ်။ Course Work လုပ်တဲ့အခါမှာလည်း ဆရာ/ဆရာမများ ညွှန်ပြတဲ့အတိုင်း သေချာလိုက်နာဆောင်ရွက်ခဲ့သလို ဆရာ/ဆရာမများနဲ့လည်း အမြဲတွေ့ဆုံပြီးလိုအပ်ချက်များရှိ/မရှိမေးမြန်းပြီး လိုအပ်ချက်တွေကို သေချာပြင်ဆင်ဆောင်ရွက်နိုင်ခဲ့တာကြောင့် အခုလိုအောင်မြင်မှုရခဲ့တာ ဖြစ်ပါတယ်။

**မေး – ဒီသင်တန်းကို ဘာကြောင့်ရွေးချယ်တက်ရောက်ဖြစ်ခဲ့တာလဲ ဆိုတာပြောပေးနိုင်မလား ?**
ဖြေ – Future Career အနေနဲ့ Master Degree ကို International မှာ Scholarship တွေကို လျှောက်နိုင်တဲ့အတွက်ကြောင့် International Diploma သင်တန်းကို ရွေးချယ်တက်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။

**မေး – နောက်ဆုံးနှစ်တက်ရောက်နေအချိန်မှာ KMD က ဘယ်လိုဝန်ဆောင်မှုများပေးပါသလဲ။**
ဖြေ – ဆရာ/ဆရာမတွေဟာ နိုင်ငံတကာ အတွေ့အကြုံလည်း ရှိပြီး လုပ်သက်အများကြီးရနေတဲ့သူတွေဖြစ်တာကြောင့် ကျောင်းသူ/သားတွေရဲ့လိုအပ်ချက်တွေကို စနစ်တကျ ရှင်းလင်းသင်ပြပေးသလို IT Field ထဲမှ တကယ့်လက်တွေ့လုပ်ဆောင်နေတဲ့ လုပ်ငန်းတွေနဲ့လက်တွေ့ စဉ်းစားတတ်အောင် Analytical Skill မြင့်မားလာအောင် လေ့ကျင့်သင့်ကြားပေးကြပါတယ်။ Course Work လုပ်တဲ့အခါမှာလည်း ကျောင်းသူ/သားတစ်ယောက်ချင်းအတွက် သေချာစစ်ဆေးပေးပြီး လိုအပ်ချက်များကို ထောက်ပြသလို နားမလည်ရင်လည်း ဥပမာတွေနဲ့ သေချာရှင်းပြပေးတဲ့အတွက်ကြောင့် အခက်အခဲမရှိ အမှတ်ကောင်းကောင်းရအောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။

**မေး – အနာဂတ်ဘဝ ရည်မှန်းချက်လေးပြောပြပေးပါဦး ညီမ။**
ဖြေ – ဟုတ်ကဲ့ ညီမက IT Professional တစ်ယောက်အနေနဲ့ ရပ်တည်နိုင်အောင် ဒီထက်ပိုပြီးမြင့်မားတဲ့အဆင့်အထိ IT ပညာရပ်တွေကို ဆက်လက်လေ့လာသွားမှာဖြစ်ပါတယ်။

**မေး – အခုလိုပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့ ညီမယုယုမော် ကို ကျေးဇူးတင်ပါတယ်။**
ဖြေ – ညီမကလည်း အခုလိုဖြေကြားခွင့်ရတဲ့အတွက် Netguid Journal ကိုကျေးဇူးအများကြီးတင်ပါတယ်ရှင့်။

**တင်မျိုးသွင်**





ဆောင်းပါးရှင် – နောင်စိုး (ထားဝယ်)

# 4K Laptop ဖြစ်လာတဲ့ Toshiba Satellite P50 T-B-10K

တက်ဘလက်တွေ ဘယ်လောက်ပဲ ကောင်းလာတယ်ပြောပြော Laptop ကွန်ပျူတာတွေကို ပစ်ပယ်ဖို့တော့ မဖြစ်နိုင်သေးဘူးခင်ဗျ။ ဘာကြောင့်လဲဆိုရင် Laptop တွေက ဘက်ထရီတပ်ပြီးသုံးနိုင်သလို ဘက်ထရီမရှိလည်း အိမ်သုံးမီးနဲ့သွယ်ပြီးအကြိုက်သုံးနိုင်လို့ဖြစ်ပါတယ်။ Processor တွေက ပါဝါအစားနည်းလာပြီး အပူထုတ်တာလည်း နည်းလာပါတယ်။ လက်ရှိထွက်ထားတဲ့ Core i3 4th generation laptop တွေဆိုရင် သာမန်အခန်းအပူချိန် ၈၀ ဒီဂရီဖာရင်ဟိုက်လောက်မှာ cooling fan မဖွင့်ဘဲ နှစ်နာရီဝန်းကျင်လောက်အထိ သုံးနိုင်ပါတယ်။ processor ရှိတဲ့ဘက်ခြမ်းကို လက်နဲ့စမ်းကြည့်ရင် ခပ်နွေးနွေးပဲရှိတယ်။

Laptop ကွန်ပျူတာတွေဟာ သူ့ brand နဲ့သူတော့ အားသာချက်တစ်မျိုးစီရှိတာချည်းပါပဲ။ တခြားစွမ်းဆောင်ရည်တူရင် Screen ရဲ့ ကြည်လင်ပြတ်သားမှုက သုံးစွဲသူတွေကိုပိုပြီး ဆွဲဆောင်ပါတယ်။ Full HD Screen ပေါ်မှာ Bluray Disc နဲ့ရုပ်ရှင်ကြည့်ဖူးရင် ဒီကိစ္စကို ပိုပြီးသဘောပေါက်ပါလိမ့်မယ်။ Laptop လောကမှာ တစ်ခုထူးတာက 1366 x 768 Resolution မှာ ခေတ်ကအတော်ကြာသွားတာဖြစ်ပါတယ်။ 1920 x 1080 full HD Resolution နဲ့ Laptop တွေကို ကျွန်တော်တို့ဆီမှာ သိပ်ကြာကြာမတွေ့လိုက်ရပါဘူး။ ဟော ... အခုဆိုရင် Full HD ဘယ်လိုနေမှန်းမသိလိုက်ရခင်မှာပဲ 4K Laptop တွေရောက်လာပြန်ပါပြီ။

4K Laptop တွေက ဈေးကြီးသလား။ Brand ကောင်းရင်ကောင်းသလောက် Screen ကြီးရင်ကြီးသလောက်မခံစားနိုင်အောင်ဈေးကြီးပါတယ်။ 4K အရသာကို ထူးထူးခြားခြားခံစားချက်ရင် 15.6 လက်မ Laptop တွေက ပိုပြီးကောင်းပါတယ်။ အဲဒီလောက်ကျယ်တဲ့ Screen လည်းပါရမယ်။ 4K Resolution လည်းဖြစ်ရမယ်။ ဈေးလည်းတော်ရမယ်ဆိုရင် Tashiba Laptop တွေဟာ စဉ်းစားသင့်တဲ့အထဲမှာပါပါတယ်။ Toshiba ကိုလည်း လျှော့မတွက်ပါနဲ့။ Laptop ခေတ်ဦးတုန်းက တစ်နှစ်တာအတွက် အကောင်းဆုံး Laptop ဆယ်မျိုးစာရင်းကိုကြည့်ရင် Toshiba မပါတာရှားတယ်။

4K Laptop ထဲက သင့်တော်တာတစ်မျိုးကိုဆွဲထုတ်ရင် Toshiba Satellite P 50T - B - 10 K ကိုတွေ့ရပါမယ်။ Screen အရွယ်အစား 15.6 လက်မပါ။ Core i7 processor ကိုသုံးထားတဲ့ Laptop မို့ ပါဝါလည်း သိပ်ပြီးကောင်းပါတယ်။ ဒါပေမဲ့ မကောင်းသေးတာက Windows ပါ။ Windows 8.1 မှာ 4K Resolution နဲ့ပတ်သက်ပြီး အကန့်အသတ်တွေရှိနေပါတယ်။ Windows 10 ရောက်ရင်ဖြင့် 4K နဲ့အင်မတန်လိုက်ဖက်ညီတဲ့အတွဲဖြစ်လာပါလိမ့်မယ်။ လောလောဆယ်ဒီလိုကိစ္စကလွဲပြီး 4K Toshiba Laptop ကိုငြင်းပယ်ဖို့ခက်ပါတယ်။ ဓာတ်ပုံအကြီးကြီးတွေကို resolution ကောင်းကောင်းနဲ့ကြည့်ချင်တဲ့ ဓာတ်ပုံဆရာတွေ 4K ဗီဒီယိုတည်းဖြတ်မယ့် ဗီဒီယိုတည်းဖြတ်ဆရာတွေဟာ Toshiba Satellite P50 T-B-10K ကို ကြိုက်ကြပါလိမ့်မယ်။

15.6 လက်မရှိတဲ့ ဒီ Laptop ဟာ 3840 x 2160 pixel resolution ကို အထောက်အပံ့ပေးပါတယ်။ နမူနာဗီဒီယိုမှာပြထားတဲ့ရုပ်ထွက်ဟာ အလွန်ကောင်းပါတယ်။ Pixel Density 282 ppi ရှိတဲ့အတွက်ရုပ်ထွက်ဟာ တော်ရုံ Laptop တွေလိုက်မမီနိုင်အောင် ရှိပါတယ်။ Full HD (1920 x 1080) pixel ထက်စာရင် resolution လေးဆမြင့်တာမို့ 4K လို့ခေါ်တာလည်းဖြစ်ပါတယ်။ 15 လက်မ Apple MacBook Pro တွေဟာ Retina display ပါတယ်။ ultra high resolution လို့ခေါ်တဲ့ 2880 x 1800 pixel ကို အထောက်အပံ့ပေးတယ်။ ဒါပေမဲ့ pixel density မှာ ဒီ Toshiba Laptop ကို မမီပါဘူး။ တခြား Windows Laptop ဖြစ်တဲ့ နာမည်ကြီး Dell XPS 15 မှာလည်း 3200 x 1800 pixel resolution ပေးထားပေမယ့် အခု Toshiba ကို မမီပါဘူး။

Toshiba Satellite P50T-B-10K ဟာ Screen Contrast အားကောင်းတယ်။ အရောင်ပြည့်စုံမှုအားကောင်းတယ်။ အရောင်စိုတယ်။ Color က နည်းနည်းနွေးတဲ့ဘက်ရောက်ပါတယ်။ (အပူရောင် အအေးရောင်တွေရဲ့ သဘောကိုနားလည်ရင် နွေးတဲ့ Color ဆိုတာ နားလည်နိုင်ပါလိမ့်မယ်။) ကြည်လင်ပြတ်သားတဲ့နေရာမှာတော့ ခေတ်စကားနဲ့ပြောရင် လန့်ထွက်တယ်ပေါ့ဗျာ။ အပ်ဖျားတစ်ထောက်စာနေရာလောက်ထိ တိကျအောင်ကြည်လင်ပြတ်သားမှုကောင်းပါတယ်။ ထောင့်အမျိုးမျိုးစောင်းပြီးကြည့်ရင် အရောင်နဲ့အရုပ်သွေလွဲမှုမရှိတာကိုလည်း တွေ့ရပါမယ်။ တစ်ခုပြောစရာရှိတာက Screen ကို အရောင်တောက်ပြောင်အောင် အပေါ်ဆေးသား (coating) တင်ထားတဲ့ကိစ္စပါ။ အဲဒီဆေးသားကြောင့် အလင်းပြန်တာများပြီး တစ်ခါတလေ အကြည့်ရခက်တာမျိုးရှိပါတယ်။

ရုပ်ထွက်အလွန်ကြည်တာရယ်၊ အရောင်စုံတာ၊ အရောင်စိုတာရယ်တွေနဲ့တင် 4K display ချင်းယှဉ်ရင် P 50 T ကို အလဲထိုးနိုင်ဖို့ခက်ပါမယ်။ သိပ်ပြီထူးထူးခြားခြားကြီးကောင်းနေတာကိုး။ UHD ဗီဒီယိုတွေကြည့်ချင်သပဆိုရင် BillBoard တင်မယ့်ဓာတ်ပုံကြီးကြီးတွေကို အရည်အသွေးမြင့်မြင့်ကြည့်ချင်ရင် P 50 T ဟာ သိပ်ကိုရွေးသင့်တဲ့အထဲမှာပါပါတယ်။ ပြဿနာကတော့ Windows ပဲ။ Windows 8 နဲ့ Windows 8.1 တွေဟာ text နဲ့ graphic တွေကို အမီလိုက်ပြီး Scale ချနိုင်တဲ့အတွက် Screen resolution မြင့်မြင့်တင်ထားရင် Text နဲ့ graphic တွေကို ကြည်ကြည်လင်လင်မြင်နိုင်တာမှန်တယ်။ ဒါပေမဲ့ Third party Windows application တွေက ဒီလိုမဟုတ်ဘူး။ Taskbar သေးသေးလေးပေါ်မှာ icon တွေ ပိစိကွေးကို မျက်မှောင်ကြုံပြီး မနည်းကြည့်ယူမယ်။ Taskbar ပေါ်ထောက်လိုက်လို့မြင်ရမယ့် mini-menu လေးတွေလည်း ဒီအတိုင်းပဲ။ Screen resolution သိပ်မြင့်ထားရင် စာသားနဲ့ရုပ်ပုံတွေ သိပ်ပြီးသေးသွားတတ်တဲ့ သဘာဝကြောင့်ဖြစ်ပါတယ်။ ဒါကြောင့် Screen resolution သိပ်မြင့်တဲ့အခါ Third party application တွေ သုံးရတာခက်သွားပါတယ်။

Screen က ရုပ်ထွက်ကောင်းဒီဇိုင်းကောင်းပေမယ့် Laptop ရဲ့ကျန်တဲ့အစိတ်အပိုင်းတွေရဲ့ ဒီဇိုင်းက Screen ကို မမီပါဘူး။ ဒါပေမဲ့ စမတ်ကျတဲ့ Laptop စာရင်းထဲမှာတော့ ဝင်နေပါသေးတယ်။ Aluminium နဲ့ပလတ်စတစ်ရောနှောပြီးလုပ်ထားတဲ့အတွက် အလေးချိန်ပေါ့ပါတယ်။ တန့်သလောက်မာကျောမှုလည်းရှိပါတယ်။ ဘက်ထရီအပါအဝင် 2.3 kg ဆိုတဲ့အလေးချိန်ဟာ 15 လက်မတန်း Laptop တွေရဲ့ ပျမ်းမျှအလေးချိန်အောက်မှာရှိပါတယ်။ Resolution အမြင့်ပေးထားတဲ့အတွက် သူ့ထဲမှာ Blu-ray drive ကို တစ်ခါတည်းထည့်ပေးထားတယ်။ ဒါကြောင့် Laptop ရဲ့အထူကို 28 mm အောက် လျှော့လို့မရတော့ပါဘူး။ ထည့်ပေးထားတဲ့ Blu-ray drive ဟာ BDXL disc ကိုအထောက်အပံ့ပေးပါတယ်။ 100 GB အထိ သိုလှောင်အားရှိတဲ့ disc တွေပါ။

ဒီ Laptop ရဲ့ကြိုးမဲ့ဆက်သွယ်ရေးစနစ်ကလည်းကောင်းတယ်လို့ဆိုရမယ်။ နောက်ဆုံးပေါ် 802.11 ac Wi-Fi ကို အထောက်အပံ့ပေးလို့ဖြစ်ပါတယ်။ HDMI ကို 1.4 ဖြစ်ပြီး Gigabit ethernet ပါလာတာမို့ တခြား display ကြီးကြီးတစ်ခုနဲ့ ချိတ်ဆက်ပြီး 4K ဗီဒီယိုနဲ့ 3D ဗီဒီယိုတွေကြည့်နိုင်အောင် အကူအညီပေးပါမယ်။ သူ့ထဲမှာ USB 3.0 port လေးခုပါတယ်။ SDXC Card Slot ထည့်ပေးထားပြီး UHS II (ultra-high speed) ဖြစ်လို့ data လွှဲပြောင်းနှုန်း သိပ်မြန်ပါလိမ့်မယ်။ HD ဓာတ်ပုံတွေ၊ ဗီဒီယိုတွေ လွှဲပြောင်းဖို့ကလည်း ဒီလိုမြန်နှုန်းသိပ်မြင့်ပါမှ အဆင်ပြေပါလိမ့်မယ်။

Performance အပိုင်းကိုကြည့်ရင်တော့ model တူပေမယ့် အထဲမှာ ဆင်ထားတဲ့ Hardware တွေအပေါ်မူတည်ပြီး ကွဲပြားမှုလေးတွေရှိပါတယ်။ အခြေခံ model မှာ Core i7 4th generation ကိုထည့်ပေးထားတယ်။ 2.4 GHz နဲ့ အလုပ်လုပ်တဲ့ quad core processor ပါ။ RAM 8GB ပါပြီး AMD Redeon HD 8000 graphics နဲ့လာပါတယ်။ Hard disk က သိုလှောင်အား 1 terabyte ရှိပါတယ်။ ဈေးနှုန်းက အခွန်ပါပြီး ပေါင် 1200 ဆိုတော့ ပေးရတဲ့ဈေးနဲ့ ရတဲ့ hardware ဟာ ဝယ်ပျော်တယ်လို့ဆိုနိုင်ပါတယ်။ Touch စနစ်ကို အထောက်အကူပြုတဲ့ 4K display နဲ့ Laptop ကြီးကြီးတစ်လုံးကိုရထားတာမို့ ပိုပြီးတောင်ဝယ်ပျော်ပါတယ်။ ပြောစရာတစ်ခုပဲရှိတယ်။ Hard Disk ရဲ့ လည်ပတ်နှုန်းဟာ 5400 RPM ပဲရှိတဲ့ကိစ္စ။ data ကြီးကြီးလွှဲပြောင်းရနိုင်ခြေရှိတဲ့ Laptop တစ်လုံးဟာ 7200 RPM လည်ပတ်နှုန်းနဲ့ Hard disk ပါသင့်တာအမှန်ပါပဲ။

Performance ပိုင်းကို PC mark 7 benchtest လုပ်ကြည့်တဲ့အခါ ရမှတ် 3610 ရှိတယ်။ အလုပ်လုပ်တာပိုမြန်တဲ့ SSD သုံးထားတဲ့ဈေးချိုချို Laptop တွေထက်စာရင် ရမှတ်ပိုကောင်းပါတယ်။ ဒါပေမဲ့ ထင်ထားတဲ့အတိုင်း harddisk speed က စကားပြောလာပါတယ်။ Windows 8 သုံးတဲ့ Toshiba Laptop ဟာ fast-start option ကိုသုံးထားလို့ hibernation ကနေ Windows Start Screen မြင်ရတဲ့အထိ 15 စက္ကန့်ပဲကြာပါတယ်။ ဒါပေမဲ့ Cursor အဝိုင်းလေးလည်နေတာကိုစောင့်ပြီး Program တွေအားလုံးသုံးဖို့ အဆင်သင့်ဖြစ်တဲ့အထိ နောက်ထပ်စက္ကန့် ၃၀ ကြာပါတယ်။ အဆင်သင့်ဖြစ်ပြီဆိုရင်တော့ P 50 T ဟာ တုန့်ပြန်မှုကောင်းပြီး အလုပ်လုပ်တာလည်းမြန်ပါတယ်။ ကွန်ပျူတာအမှင့်ပိုမြန်စေချင်ရင် ပိုက်ဆံနည်းနည်း ထပ်ပိုအကုန်ခံပြီး 8GB SSD တွဲပါတဲ့ အတန်းအစားကိုရွေးနိုင်ပါတယ်။ ဒီလောက်အားကောင်းမောင်းသန် Laptop မှာ အလုပ်ကြီးကြီးနိုင်းရင် ဘက်ထရီနှစ်နာရီခွဲပဲခံတာကိုတော့ ခွင့်လွှတ်ရပါလိမ့်မယ်။





# အိုင်တီ အလုပ်အကိုင် အခွင့်အလမ်းများ (IT Opportunity)

## Media Intelligence Myanmar LTD.,

No. 5, Thazin Road, Hlaing Yadanar Housing, Hlaing Tsp.

Ph : 01 507102, 09 73152149

Email : mi.myanmar2014@gmail.com

**Media Buyer Male one Position / Female one Position**

Welcome to Media Intelligence Myanmar LTD., the challenging carrier path to become the media specialist at international media company awaits you here. The requirements are below ;

- Any Graduate and management certificate holder
- Able to use Microsoft Office
- Able to communicate effectively in negotiation and bargaining for media buying
- Working experience in Media Field at least one year
- Able to speak & write in English

Interested candidates are invited to submit your CV with cover letter and expected salary to the following Email address.

## Myanmar Dairoku

No. 30A, 5th Floor, Thiri Street, Sanchaung Township.

Ph : 01-1220159, 09-5148608

Email : dairokumyanmar@gmail.com

1. **Web Designer 300$** — **M/F (3) Posts**

- HTML, CSS, JAVA SCRIPT, C#
- ခန့်အပ်ခြင်းခံရသော ဝန်ထမ်းများသည် လုပ်ငန်းခွင်တွင်း ဂျပန်စာကို အခြေခံ N5 မှ အဆင့်မြင့် N2 ထိ အခမဲ့သင်ကြားခွင့်ရရှိမည်။

2. **ဘာသာပြန်ဝန်ထမ်း 400$** — **M/F (2) Posts**

- (Japan<>Myanmar)

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း (CV Form), မှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံ ၂ ပုံ၊ ဘွဲ့လက်မှတ်မိတ္တူတို့နှင့်အတူ **(၄-၃-၂၀၁၅)** နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

## Linpo Co.,Ltd

အမှတ် (၁၇-အေ)၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်။

Email : linpomyanmar@gmail.com

1. **Engineer (Civil)** — (၃) ဦး
2. **Designer** — (၁) ဦး

(Auto CAD, 3D Max တတ်ရမည်)

လျှောက်ထားလိုသောရာထူးကိုဖော်ပြပြီး CV, ဓာတ်ပုံ (၂) ပုံ၊ ပညာရေးအထောက်အထားများ၊ မှတ်ပုံတင်မိတ္တူတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှစပြီး **တစ်ပတ်** အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

## MBC Software Development & Education Centre

No. 3B (Third Floor), မြေနီကုန်းပလာဇာ (ဒဂုံစင်တာနှင့် ဂမုန်းပွင့်ကြား)၊ စမ်းချောင်းမြို့နယ်။ Email : mbcygn@gmail.com

1. **Computer Lecturer** — **M/F (5) Posts**

ဘွဲ့ရ DTP, Graphic (Photoshop, Illustrator, CorelDraw), Advanced Excel, Internet သင်နိုင်သောသူ ဦးစားပေးမည်။ သင်ကြားမှုအတွေ့အကြုံ အနည်းဆုံး ၂ နှစ်ရှိရမည်။ လုပ်ငန်းကို စိတ်ပါဝင်စားသူ၊ ဆက်ဆံရေးပြေပြစ်သူဖြစ်ရမည်။

2. **Programming Lecturer** — **M/F (3) Posts**

Programming ဘာသာရပ်များကို အခြေခံ (Pseudo code+flowchart) မှစ၍ ကျွမ်းကျင်စွာသင်ကြားနိုင်သောသူဖြစ်ရမည်။ Java, C++, Visual Basic 6.0, Web Design သင်ကြားနိုင်သောသူ ဦးစားပေးမည်။ သင်ကြားမှုအတွေ့အကြုံ အနည်းဆုံး ၂ နှစ်ရှိရမည်။ လုပ်ငန်းကို စိတ်ပါဝင်စားသူ၊ ဆက်ဆံရေးပြေပြစ်သူဖြစ်ရမည်။

3. **Android Application Developer** — **M/F (5) Posts**

Java (J2EE / J2ME) and Mysql / sqliteudk ကျွမ်းကျင်စွာရေးနိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ၁ နှစ် ရှိရမည်။ အရည်အချင်းပေါ်မူတည်၍ လစာကောင်းပေးမည်။

4. **VB 6.0 Programmer** — **M/F (5) Posts**

Visual Basic, SQL, Crystal Report ကို ကျွမ်းကျင်စွာ ရေးနိုင်သူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ အရည်အချင်းပေါ်မူတည်၍ လစာကောင်းပေးမည်။

5. **ASP.Net Programmer** — **M/F (5) Posts**

ASP.Net, C#.Net, SQL, Crystal Peport ကို ကျွမ်းကျင်စွာ ရေးနိုင်သူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ အရည်အချင်းပေါ်မူတည်၍ လစာကောင်းပေးမည်။

6. **Senior Accountant** — **M/F (3) Posts**

B.com (or) LCCI I+II, III အောင်မြင်ပြီးသူဖြစ်ရမည်။ Computerized Software သုံးတတ်သူ ဦးစားပေးမည်။ Computer အား ကျွမ်းကျင်စွာ အသုံးပြုနိုင်ပြီး word / excel သုံးတတ်ရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၂ နှစ် ရှိရမည်။

7. **Junior Accountant** — **M/F (3) Posts**

တက္ကသိုလ်မှ ဘွဲ့ရပြီးသူဖြစ်ရမည်။ LCCI I+II နှင့် Computerized Software သုံးတတ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အခြားရရှိထားသော ပညာရပ်ဆိုင်ရာအထောက်အထားမိတ္တူများ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ သန်းခေါင်စာရင်းမိတ္တူများနှင့်အတူ ကြော်ငြာပါသည့်နေ့မှစပြီး **တစ်ပတ်** အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်၊ Email ဖြင့်လည်း လျှောက်ထားနိုင်ပါသည်။

## Myanmar Network Co.,Ltd

htetnyne@gmail.com, Ph : 09 5059811

1. **Network Engineer** — (၂) ဦး

UBNT Device များ ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
Mikrotik Device များ ကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။
ခရီးသွားနိုင်သူဖြစ်ရမည်။

2. **Networking အလုပ်သင်** — (၃) ဦး

Network ခေါင်း ညှပ်တတ်ရမည်။
Networking နှင့်ပတ်သက်ပြီး အခြေခံနားလည်တတ်ကျွမ်းရမည်။
ခရီးသွားနိုင်သူဖြစ်ရမည်။

## Come on Mobile Specialist Center

**Mobile Phone Sale, Service Center & Modern Electronic Store**

အမှတ် ၁၇၃၊ ဗားဂရာလမ်း (ကျွန်းတောလမ်းအနီး)၊ စမ်းချောင်းမြို့နယ်။

Ph : 01 505515, 09 799991190

1. **Mobile Phone အရောင်းကျွမ်းကျင်** — မ (၅) ဦး

ပညာအရည်အချင်းဘွဲ့ရဖြစ်ရမည်။ အသက် ၃၀ နှစ်အောက် ဖြစ်ရမည်။ ရုပ်ရည်သန့်ပြန့်၍ ဆက်ဆံရေးပြေပြစ်ကောင်းမွန်သူဖြစ်ရမည်။ နည်းပညာအကြောင်း စိတ်ဝင်စားသူ။ အရောင်းဝန်ထမ်းလုပ်သက် အနည်းဆုံး ၁ နှစ် ရှိရမည်။

2. **Cashier** — မ (၃) ဦး

ပညာအရည်အချင်း ဘွဲ့ရဖြစ်ရမည်။ အသက် ၃၀ နှစ်အောက် ဖြစ်ရမည်။ ရုပ်ရည်သန့်ပြန့်၍ ဆက်ဆံရေးပြေပြစ်ကောင်းမွန်သူ။ ကွန်ပျူတာနှင့် စာရင်းဇယားများကို ကျွမ်းကျင်စွာအသုံးချနိုင်ရမည်။ Cashier လုပ်သက် အနည်းဆုံး ၁ နှစ် ရှိရမည်။

2. **Mobile Phone Software ကျွမ်းကျင်** — ကျား/မ (၂) ဦး

ပညာအရည်အချင်း ဘွဲ့ရဖြစ်ရမည်။ အသက် ၃၀ နှစ်အောက် ဖြစ်ရမည်။ ရုပ်ရည်သန့်ပြန့်၍ ဆက်ဆံရေးပြေပြစ်ကောင်းမွန်သူ။ နည်းပညာအကြောင်း စိတ်ဝင်စားသူ။ Android နှင့် iOS Software များကို ကျွမ်းကျင်စွာအသုံးပြုတတ်ရမည်။ Software လုပ်သက်အတွေ့အကြုံ အနည်းဆုံး ၁ နှစ် ရှိရမည်။

3. **Mobile Phone Hardware Service** — ကျား (၂) ဦး

ပညာအရည်အချင်း ၁၀ တန်းအောင်။ အသက် ၃၀ နှစ်အောက်ဖြစ်ရမည်။ နည်းပညာအကြောင်း စိတ်ဝင်စားသူ။ Hardware Service အတွေ့အကြုံ အနည်းဆုံး ၁ နှစ် ရှိရမည်။

4. **အလုပ်သင်ဝန်ထမ်း** — ကျား/မ (၃) ဦး

ပညာအရည်အချင်း ၁၀ တန်းအောင်။ အသက် ၃၀ နှစ်အောက်ဖြစ်ရမည်။ ရုပ်ရည်သန့်ပြန့်၍ ဆက်ဆံရေးပြေပြစ်ကောင်းမွန်သူ။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အပြည့်အစုံ၊ ဓာတ်ပုံ ၁ပုံ၊ လိုအပ်သောစာရွက်စာတမ်းများ၊ ပညာအရည်အချင်းထောက်ခံစာ၊ သက်ဆိုင်ရာမြို့နယ်ထောက်ခံစာများနှင့်အတူ **(၁၁-၃-၂၀၁၅)** နေ့ နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

---

**IT Field နှင့် ပတ်သက်သည့် အခမဲ့ဝန်ထမ်းခေါ်ကြော်ငြာ ထည့်သွင်းလိုသော ကုမ္ပဏီများ၊ လုပ်ငန်းများအနေဖြင့် -**

ကုမ္ပဏီ၏ Letter Head ပေါ်တွင်

(၁) ခေါ်ယူလိုသော ဝန်ထမ်းအမျိုးအစား/ဝန်ထမ်းဦးရေ

(၂) လျှောက်လွှာပိတ်မည့်ရက်စွဲ

(၃) သက်တမ်းမကုန်ဆုံးသေးသော ကုမ္ပဏီ/လုပ်ငန်းလိုင်စင်မိတ္တူ

တို့ကိုတာဝန်ရှိသူ၏အမည်၊ လက်မှတ်နှင့်တကွ ပေးပို့ပါရန်နှင့် Email ဖြင့် ပေးပို့ပါက အထက်ပါအချက်အလက် အပြည့်အစုံကို Scan ဖတ်၍ ပူးတွဲပေးပို့ပါရန်။

လိပ်စာ - အမှတ် ၉၆၊ ဒုတိယထပ်၊ ၁၁ လမ်း (အပေါ်ဘလောက်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

E-mail : netguideclassified@gmail.com

# Winter Root Computer

*Laptop Computer (Sales & Service)*

## iPhone များနှင့် Core i Series Laptop များ အထူးလျှော့ဈေး

**Yangon ICT Fair (Computer & Mobile)** (Feb~March 2015) **Tamadaw Hall** (Booth No- G3) Feb 28 ~ Mar 2

| Model | Price |
|---|---|
| 3G (8GB) | 27,000/-Ks |
| 3G (16GB) | 32,000/-Ks |
| 3GS (8GB) | 49,000/-Ks |
| 3GS (16GB) | 59,000/-Ks |
| 3GS (32GB) | 69,000/-Ks |
| 4 (16GB) | 175,000/-Ks |
| 4S (16GB) | 210,000/-Ks |
| 5 (16GB) | 315,000/-Ks |
| 5 (32GB) | 330,000/-Ks |
| 5S (16GB) | 410,000/-Ks |
| 5S (32GB) | 450,000/-Ks |
| 5S (64GB) | 475,000/-Ks |
| Motorola 119 | 69,00/-Ks |
| Circletech | 18,000/-Ks |

လက်ဆောင် (၅)မျိုး + + + + နှင့်အတူ ဗလာမပါကံစမ်းမဲ

**DELL Inspirion 1300** — Intel Core Cel: 1.6GHz, RAM - 1GB, HDD - 40GB, DVD-RW, VGA - 256MB, LAN-USB, LCD- 15" — ~~100,000/-~~ **65,000/-Ks**

**DELL Latitude D520** — Core 2 Duo 2 1.7 GHz, RAM - 1GB, HDD - 80GB, DVD-RW, VGA - 256MB, LAN-USB-Wi-Fi, LCD- 15", Battery Good — ~~1350,000/-~~ **75,000/-Ks**

**hp 6710b** — Core 2 Duo 2.0 GHz, RAM - 1GB, HDD - 40GB, DVD-Rom, VGA - 256MB, LAN-USB-Wi-Fi, LCD- 15, Battery Good — ~~135,000/-~~ **95,000/-Ks**

**FUJITSU RS250** — Core 2 Duo 1.2GHz, RAM - 1GB, HDD - 80GB, DVD-RW, VGA - 256MB, LAN-USB-Wi-Fi, LCD- 12", Battery Good — ~~175,000/-~~ **135,000/-Ks**

**TOSHIBA M10** — Core 2 Duo 2.4GHz, RAM - 1GB, HDD - 80GB, DVD-Rom, VGA - 256MB, LAN-USB-Wi-Fi, LCD- 15", Battery Good — ~~175,000/-~~ **135,000/-Ks**

**FUJITSU FMV SS245** — Core 2 Duo 2.0GHz, RAM - 1GB, HDD - 80GB, DVD-Rom, VGA - 256MB, LAN-USB-Wi-Fi, LCD- 13", Battery Good — ~~175,000/-~~ **110,000/-Ks**

**FUJITSU FMV SS350** — Core 2 Duo 2.0GHz, RAM - 1GB, HDD - 80 GB, DVD-Rom, VGA - 256MB, LAN-USB-Wi-Fi, LCD- 14", Battery Good — ~~175,000/-~~ **139,000/-Ks**

**SONY NW91VS** — Core 2 Duo 2.5GHz, RAM - 2GB, HDD - 250GB, DVD-RW, VGA - 829MB, LAN-USB-Wi-Fi, LCD- 15.4", Battery Good — ~~230,000/-~~ **195,000/-Ks**

